www.burmeseclassic.com

ရွှေဘုန်းကံ ကဝေနီ မင်းဘုန်းသိခ်သူ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ-
ဦးအောင်ခေါင်မြင့်ဇော (မြဲ-၀၄၁၀၀)
လောင်းမိုးစွေစာပေ
ပုံနှိပ်သူ-
ဦးစည်သူကိုကို (မြဲ-၁၀၉၈၁)
တော်ဝင်တွန်းပုံနှိပ်တိုက်
မျက်နှာဖုံးပန်းချီ
ကောလတ်၊နော်အိမ်ခန့်
မျက်နှာဖုံးဒီဇိုင်း
ယမုံစိုး
အတွင်းသရုပ်ဖော်
ကောလတ်
ကွန်ပြူတာစာစီ
ဇာနည်မော်
မျက်နှာဖုံးဖလင်
EAGLE
အတွင်းဖလင်
ရာဇာမျိုးဝင်း
စာအုပ်ချုပ်
ဇာနည်
အုပ်ရေ-၁၀၀၀ အုပ်
တန်ဖိုး-၁၃၀၀ ကျပ်




ဖြန့်ချိရေး

အရှေ့ဘက်ကောင်းကင်

အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ သချိုင်းထဲမှာ

တစ်ညတာ ........................................ ၅

၂။ ညောင်ငုတ်တစ်တောင်သချိုင်းက

သဘက်ကြီး ........................................ ၅၈

၃။ စုန်းနက်ကြီးနှင့်

သိုက်စောင့်ညီအစ်မ ........................................ ၉၈



www.burmeseclassic.com

www.burmeseclassic.com



## သင်္ချိုင်းထဲမှာ တစ်ညတာ

ကောင်းကင်တွင် ပေါလောမျောနေသော မိုးတိမ်တိုက်များသည် ပုပ်ပွယောင်ကိုင်းနေသော ရုပ်အလောင်းကောင်များ သဖွယ် မရွေ့မလျား ငြိမ်သက်နေလေသည်။ စေးပျစ်သော အမှောင်ထုသည် အလင်းဟူသမျှကို မြူမှုန်တစ်မှုန်မျှ မကြွင်း ကျန်ရလေအောင် စုပ်မျိုထားလေသည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



လေပြင်းတစ်ချက် ဝေ့ဝိုက်တိုက်ခိုက်လိုက်သည့်အခါတွင် သစ်ရွက်များသည် တဖျောဖျော မြည်သံပေးကာ ယိမ်းယိုင်လှုပ်ရှားသွားပုံမှာ ညာသံပေး အော်ဟစ်လိုက်သော ဝိညာဉ်သားများနှင့် သဏ္ဍာန်တူသည်။ လေထုထဲတွင် ညှီစို့စို့ ပုပ်အက်အက်ရနံ့သည် ကြောက်မက်ဖွယ်ညကို လျှို့ဝှက်သိပ်သည်းသောအဓိပ္ပာယ်တစ်မျိုးဖြင့် နှုတ်ဆက်လေသည်။ လေသည် ညှီစို့စို့မသတီဖွယ်ရနံ့ကို ပွေ့ပိုက်သယ်ဆောင်လာကာ ညကို ပွတ်သပ်ကျီစယ်နေဆဲ။ သစ်ပင်ကြီးများ၊ ကုက္ကိုနှင့် ညောင်ပင်ကြီးများသည် ရှည်လျားကောက်ကွေ့နေသော သူတို့၏ လက်တံများဖြင့် ဘယ်ညာယိမ်းကာ ဖြန့်ကား ကခုန်နေကြသည်။ သစ်ရွက်ချင်း၊ အကိုင်းချင်း ပွတ်ကြိတ်သံသည် ရယ်မောသံလိုလို၊ ညည်းညူသံလိုလို ထင်ယောင်မှားစေကာ ညကို ပို၍ချောက်ချားစေပြန်လေသည်။

"အူ . . . ဝူး . . . ဝူး"

တောခွေးရိုင်းတစ်ကောင်၏ ရုတ်တရက် အူလိုက်သံ။

ညသည် ကြောက်မက်ချောက်ချားဖွယ် လှုပ်ရှားသွားသည်။ ခွေးအူသံသည် ရုတ်ခြည်းပြတ်တောက်မသွားဘဲ သံရှည်ဆွဲအူနေရာမှ တဖြည်းဖြည်းတိုးတိမ်။ တဖြည်းဖြည်း တိုးတိမ်ရာမှ ကျယ်လောင်ပြီး ရုတ်တရက် ပြတ်တောက်သွားသော နိမ့်မြင့်သံစဉ်အသံဖြစ်သည်။ နောက်ဆုံးတွင် 'အု'ခနဲမြည်ကာ အသံလုံးဝပျောက်သွားခြင်းဖြစ်သည်။ ထို့နောက် မြေကြီးတို့ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



တကြီး ယက်ထုတ်သံ၊ မြေကြီးတွေ တဖွားဖွား လွင့်စဉ်သံ။

မှုန်ပျပျကြယ်ရောင်အောက်ဆီတွင် ရှည်မျော မျော လဲကျငြိမ်သက်နေသော မြေပုံမို့မို့များကို နေရာအနှံ့ ပြန့်ကြဲလျက် တွေ့ရသည်။ အုတ်ဂူဖွေးဖွေး မြေပုံမို့မို့တွေကြားမှ ပြေးလွှားနေသော ဧရာမကြွက်ကြီးတွေကို တွေ့နေရသေးသည်။ မြေကြီးထဲ၊ အုတ်ဂူထဲတွင်တော့ ရှင်သန်ခဲ့ရသမျှ၊ လူ့ဘဝတစ်လျှောက်လုံးတွင် လောကဓံရှစ်ပါး၏ အရိပ်အောက်၌ ကြုံရ ဆုံရ ခံစားရင်း ယခုချိန်တွင်တော့ ရုပ်အလောင်းကောင်များအဖြစ် ဘဝမှာ ငြိမ်းချမ်းစွာ အနားယူနေကြသည့် ပုဂ္ဂိုလ်တွေ ရှိနေကြမည်။ ဟိုးဝေးဝေးတစ်နေရာတွင် တဲကလေးတစ်လုံးရှိမည်။ မီးရောင်ပင် မမြင်ရတော့။ သုသာန်စောင့်သည် အမှောင်ထုအောက် တဲကုပ်ကုပ်ထဲတွင် နှစ်ခြိုက်စွာ အိပ်ပျော်နေပေပြီ။

လေပြင်းတစ်ချက် ဆောင့်၍တိုက်လိုက်ပြန်သည်။ ဝုန်းခနဲအသံနှင့်အတူ ခေါင်မိုးတစ်လုံး တဆတ်ဆတ် တုန်ခါသွားသည်။ ကုက္ကိုပင်ကြီး၏ အောက်ဘက်တွင် ကြီးမားသော ဇရပ်တစ်ဆောင်ရှိသည်။ သစ်ကိုင်းတစ်ခုက ဇရပ်ခေါင်မိုးကို လေအဟုန်ဖြင့် ရိုက်ခတ်သဖြင့် သံချက်ချောင်နေသော သွပ်ခေါင်မိုးသည် တဝုန်းဝုန်း အသံမြည်နေခြင်းဖြစ်သည်။ ထို့နောက် လေအဆက်မပြတ် တိုက်ခတ်ပြန်သည်။

"အား"

လူတစ်ယောက်၏ ကြောက်လန့်တကြား အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သံဖြစ်သည်။

"သတ္တိနည်းလှချည်လားကွ၊ လေတိုက်တော့ ဇရပ်ခေါင်မိုးသွပ်ပြားချောင်တဲ့အသံပါကွ၊ ဒါနဲ့များ လိုက်လာရသေးတယ်"

"ရုတ်တရက်ဆိုတော့ လန့်သွားတာပေါ့ကွ"

တိတ်ဆိတ်ငြိမ်သက်နေသော သချိုင်းမြေထဲတွင် သက်ရှိလူသားဟူ၍ သူတို့အုပ်စုသာ ရှိလိမ့်မည်။ စုစုပေါင်း ရှစ်ယောက်။ သူတို့သည် ရည်ရွယ်ချက်တစ်ခုဖြင့် သုသာန်တွင်းသို့ ရှာခဲ့ရှာသား အဖော်များနှင့်အတူ တိတ်ဆိတ်စွာ ဝင်ရောက်လာခြင်းဖြစ်သည်။ အားလုံးရှစ်ယောက်တိတိ။

❑

ဖျာပုံခရိုင်၊ ရှမ်းကွင်းကြီးကျေးရွာသို့ မြန်မာပြည်အလယ်ပိုင်းမှ မြန်မာတိုင်းရင်းသား ဗိန္ဓောဆရာကြီး ဦးဣန္ဒာ ရောက်လာသည်မှစ၍ ရွာကလေးရှိ ကာလသားအချို့သည် ခါချဉ်အုံထဲ ထန်းလျက်ခဲ ကျသွားသလို လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေသည်။ သူကြီး ဦးလှဘူး၏သား ကိုအုန်းနက် အပါအဝင် ကာလသားများသည် သူတို့ရင်ထဲတွင် လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ကိန်းအောင်းနေသော ဆန္ဒရမ္မက်များ ပြည့်ဝလေတော့မည်ဟု ထင်တစ်လုံးနှင့် ရင်ထဲမှာ ကုလားဗုံတီးနေကြပေသည်တကား။

ဗိန္ဓောဆရာကြီး ဦးဣန္ဒာ၏အကြောင်းကို သူကြီးက မကြာခဏ သာသာထိုးထိုး ချီးပင့်ပြောဆိုတတ်ပေရာ လူကို မမြင်ဘူးသော်လည်း ရွာသူရွာသားများ သိရှိနေကြပြီးဖြစ်ရာ ယခုလို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံရလေသောအခါ အတိုင်းမသိ လေးစားကြည်ညိုနေကြပေသည်။

ဦးဣန္ဒာသည် အင်္ဂလိပ်ပညာ၊ ဗုဒ္ဓရတ်အကြောင်း၊ ဘုရားသိုက်၊ သိကြားသိုက်၊ ဂဝံပတ္တေသိုက်၊ ဇာဂရုသိုက် စသည့် သိုက်ပေါင်းစုံကိုပါ နှံ့စပ်ပြီး စီကာပတ်ကုံး ပြောပြတတ်သဖြင့် ကာလသားအုပ်စု တရှုန်းရှုန်း ဖြစ်နေကြလေသည်။

ထို့အတူ ဦးလှဘူးနှင့် ဆရာကြီး ဦးဣန္ဒာတို့သည် ညီအစ်ကိုဝမ်းကွဲ တော်စပ်ကြပေရာ ရွာသို့ အလည်အပတ်ရောက်ရင်း အထွေထွေအကြောင်းများ တိုက်ဆိုင်မှုကြောင့် သူ၏ ပညာစွမ်းကို ပြသခွင့် ကြုံလိုက်ရလေသည်။ ကာလသားများအတွက် မဟာသတင်းကောင်းတစ်ပုဒ်ကို မောင်းထုကြေညာစရာမလိုဘဲ သဘော်ဆိပ်တွင် မှိုအိတ်ကို ဖွင့်ချလိုက်သလို ဖြစ်သွားရာ ရွာနီးချုပ်စပ်သို့ လျှင်မြန်စွာ ကူးစက်ပျံ့နှံ့သွားလေသည်။

ရှမ်းကွင်းကြီးကျေးရွာသို့ အထက်အညာဒေသမှ ရောက်ရှိနေသော ဗိန္ဓောဆရာကြီး ဦးဣန္ဒာသည် ပီယဆေး အလွန်အစွမ်းထက်သတဲ့။ မိမိတို့ မုန်းတီးရွံရှာနေသော မိန်းမတစ်ယောက်ကိုပင် ခုနစ်ရက်အတွင်း ချစ်မြတ်နိုးလာအောင် ကောက်ကောက်ပါလာအောင် ပြုလုပ်နိုင်စွမ်းရှိသတဲ့။

သည်လိုနှင့် ကာလသားတစ်သိုက်သည် ဆရာကြီး ဦးဣန္ဒာဆီသို့ နေ့ညမစဲ သန်းခေါင်သန်းလွဲပင် တသဲသဲ တဖွဲဖွဲ ပြောင်တစ်မျိုး၊ တိတ်တိတ်တစ်ဖုံ ဝင်ရောက်လာကြကာ ခြေဖိုကို



www.burmeseclassic.com

www.burmeseclassic.com



ဦးခိုက်ညွတ်တွားကြလျက် သူတို့၏ဆန္ဒများကို မရှက်မကြောက် ဝန်ခံကြပြီး ပီယဆေး တောင်းကြကုန်လေသည်။ ဦးဣန္ဒာသည် သူကြီး၏အိမ်ခေါင်းရင်းတွင် ခပ်မိန့်မိန့်ထိုင်ကာ ကွမ်းအစ်ထဲမှ ကွမ်းသီးတစ်လုံးကို ယူပြီး ကွမ်းညှပ်ဖြင့် တဆပ်ဆပ်မြည်အောင် စိတ်ဖြာလျက်ရှိသည်။

သူကြီးသား ကိုအုန်းနက် အပါအဝင် ကာလသားခေါင်း ကိုထုံထိုင်းနှင့် ရွာထဲမှ ခြေခွင်ခြေသိမ်၊ အသားနက်ပြာ၊ ခေါင်းကြီး ကိုယ်သေး၊ ခြောက်စောင်း မျက်နှာလေးထောင့်၊ ဆမူဆာပုံ၊ သွား ခေါ် သွားကြဲ၊ နဖူးပြောင်၊ စကားမပီ၊ လေးလုံးမကွဲ ကာလသားများ သည် ရည်ရွယ်ချက်၊ မျှော်လင့်ချက် ကိုယ်စီကိုယ်ငှဖြင့် လှူဖွယ် ဝတ္ထုပစ္စည်းများ သယ်ဆောင်ကာ ဂေါ်စွံပီယဆေးတော်ကြီး ရရှိဖို့ အရေး သူကြီးအိမ်သို့ ချီတက်ကြလေသည်။

ပီယဆေးတော်ကြီးအမည်မှာ ခွက်ပေါက်ဆီတဲ့။

ဘယ်လို၊ ခွက်ပေါက်ဆီတဲ့လား။ ဩော် ခွက်ပေါက်ဆီ၊ ခွက်ပေါက်ဆီ။

ရှမ်းကွင်းကြီးရွာသူရွာသားတစ်သိုက်သည် ကမ္ဘာပျက်ခါ နီးမှ ယောင်တီးယောင်အ လူ့ဘဝကို ရပေသော ယောက်ျားကဲ့သို့ ကြောင်စီစီ ဖြစ်နေကြရင်း ဆရာဦးဣန္ဒာရှေ့တွင် ရှေ့ရှုတ်ပိတ် ထိုင်နေကြလေသည်။

ဦးဣန္ဒာသည် ကွမ်းတမြုံ့မြုံ့ဝါးရင်း. . .

"ခွက်ပေါက်ဆီ ဆေးတော်ကြီးဆိုတာ စွယ်စုံသုံးလို့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးတော်ကြီး ဖြစ်ပေတယ်ကွဲ့။ ခက်ခဲနက်နဲမှုတွေနဲ့ ထုံမွမ်းထားတဲ့ ဆေးတော်ကြီးကွဲ့၊ ပြီးတော့ တစ်ဦးတစ်ယောက်ကောင်း ဖော်စပ်လို့ရတဲ့ ဆေးတော်ကြီးလည်း မဟုတ်ဘူးကွဲ့၊ စုပေါင်း ဖော်စပ်မှရတဲ့ ဆေးတော်ကြီးဖြစ်တယ်၊ ရောဂါမျိုးစုံပျောက်တယ်၊ ပယောဂဆိုရင် လက်ကို ခွက်ပေါက်ဆီ သုတ်ပြီး ခေါင်းကနေ သပ်ချလိုက်တာနဲ့ ဂွီဆိုပြီး အော်ဆင်းသွားမယ်၊ ဘာတစ္ဆေသရဲမှ မကပ်နိုင်ဘူး၊ အရိုးကျိုး အရိုးအက်ဆိုရင် လိမ်းရုံနဲ့ ပျောက်တယ်၊ တစ်ခုတော့ရှိတယ်၊ ပုလင်းမသန့်၊ နေရာမသန့်ရင် ဆီတွေ အလိုလို ပျောက်သွားတတ်တယ်၊ ကိုယ်နဲ့မတိုက်ရင်လည်း အလိုလိုနေရင်း ပုလင်းပါ မျက်စိရှေ့က ပျောက်သွားတတ်တယ်"

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော လယ်နှင့် ခြံပိုင်ရှင် သူဌေးသား ပေတိုးသည် သူ၏ လေးထောင့်စပ်စပ် မျက်နှာပေါ်မှ အပ်ချစရာ မရှိသည့် ဝက်ခြံများကို ကုတ်ဖဲ့ရင်း နှုတ်ခမ်းပြာနှမ်းနှမ်းကို တွန့်ကာ. . .

"ဆရာကြီးရဲ့ ဆေးတော်ကြီးက တကယ်စွမ်းတာကိုး ခင်ဗျ၊ ဩော်. . ဒါထက် ဟီး ဟီး ဟီး ဆရာကြီး၊ ဆရာကြီး၊ ဟို. . ဟိုလေ"

ပေတိုးသည် ရှေ့တိုးပြောရန် ရှက်ရွံ့အားနာဟန်ဖြင့် နောက်မှကပ်ထိုင်နေသော ကာလသားအချို့ကို မချိမချဉ် လှည့်ကြည့်လိုက်ပြီး. . .

"ဒီ. . ဒီ. . ဒီလိုပါ ဆရာကြီး၊ ကျွန်တော်တို့ ရွာထဲက



www.burmeseclassic.com

www.burmeseclassic.com



ကာလသားတွေအတွက် မိန်းမချစ်ဆေး၊ မြာစွံတဲ့ ပီယဆေးပါ ဆရာကြီး၊ ဟဲ. . ဟဲ. . ဟဲ. . ငိုး. . ငိုး. . မျှ. . မျှဝေပါခင်ဗျ”

ဦးဣန္ဒာသည် ဟင်းခနဲသက်ပြင်းချကာ ပြုံးလိုက်လေသည်။

“ဒါများကွယ် ဘာခက်တာမှတ်လို့ မင်းတို့ကို ကြည့်မရတဲ့ မုန်းတီးရွံရှာနေတဲ့ မိန်းမဖြစ်ပါစေ၊ နှုတ်ခမ်းကို ခွက်ပေါက်ဆီဆေး ကလေးသုတ်ပြီး မုန်းတီးနေတဲ့မိန်းမကို သွားပြီးချစ်တယ်လို့ တစ်ခွန်းတည်း ပြောလိုက်စမ်း၊ ငေါက်ခနဲ ပါလာစေရမယ်”

“တကယ်နော်၊ ခွက်ပေါက်ဆီရရင် ချက်ချင်းစမ်းသပ်မှာ နော်”

“တကယ်ပါကွဲ့၊ ဟင်းနော်၊ တကယ်ပြောနေတာလား၊ အစ်ကိုရေ နောက်နေတာ မဟုတ်ပါဘူးနော်။ အဲသလိုဖြစ်သွားမယ်၊ တကယ်စွမ်းတဲ့ ဆေးကွဲ့”

“ဟာ ကောင်းလိုက်တဲ့ဆေး၊ အမယ်လေးနော် ဟင်း”

“ဟေး ဟေး အမေရေ ဝမ်းသာတော့၊ အမေ မြေးချီရ တော့မယ်ဗျို့”

“ဟီး. . ဟီး. . ဟီး. . အဟွတ် ဟွတ်”

“မအောင်မြင်ရင် ဖနောင့်နဲ့သာ ကျောပြင်ကို ပေါက်ချ လိုက်၊ တကယ်အာမခံတဲ့ဆေး”

ကာလသားများသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ မျှော်လင့်ချက်ကိုယ်စီဖြင့် တပြုံးတည်း ပြုံးနေကြလေ သည်။ သဘောခွေ့နေကြပြီ။ သွားတွေတော့ ရေခဲရိုက်စရာမလို တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ဟေး အိုရချည်သေးရဲ့"

"ဟီး . . ဟီး လူပျိုသိုးဘဝက ဝင့်ကျွတ်ပြီ၊ ငါ့မင်္ဂလာဆောင်ကျရင် ဘုရင်ခံကို ဖိတ်မယ်ကွ၊ ရွာဆယ်ရွာကို ဖိတ်ပြီး ဝက်သားကျွေးမယ်ဟေ့၊ ပြီးရင် ဝက်စကီတိုက်မယ်"

"ဝီစကီကွ၊ ဝီစကီ၊ ပီအောင်ပြောပါကွ"

မနောခွေ့ သဘောတွေ့ကာ ကြက်သီးတဖြန်းဖြန်း၊ နှပ်ချေးတရွှန်းရွှန်းထကာ ကျေနပ်နေကြကုန်သည်။ 'ခွက်ပေါက်ဆီပီယဆေးရေ . . .' မြန်မြန်လာထား။

"ဆရာကြီး အဲဒီခွက်ပေါက်ဆီဆေး ကျွန်တော်တို့ကို မှုပါခင်ဗျာ"

"ဟုတ်တယ်၊ ကျွန်တော် မိန်းမလိုချင်လှပါပြီ၊ အခုအသက်လေးဆယ်ကျော်တော့မယ်ခင်ဗျ၊ မကျော်ခင်ကလေး စိတ်ချလက်ချ ဖြစ်ရအောင် ကူညီပါ ဆရာကြီး၊ လူဖြစ်ကျိုး နပ်ချင်လို့ပါခင်ဗျ"

ရှုးပေါ်ပေါ် ထုံထိုင်းထိုင်း၊ အပျိုမြင် သေအောင်ပိုးသည့် မောင်မောင်ကြင် သေချင်းဆိုးဟု နာမည်တွင်နေသည့် မောင်မောင်ကြင်ကို အားလုံးက ပြုံးစေ့စေ့ဖြင့် ဝိုင်းကြည့်ကြလေသည်။

"စိတ်ချပါကွယ်၊ ကျုပ် ဒီရွာကိုရောက်တုန်း မောင်တို့လိုအပ်ချက်တွေ အဆင်ပြေဖို့ တာဝန်ယူပါတယ်၊ ဆရာကကုသိုလ်ပြုတာပါ"

"ကျွန်တော်တို့လို သူတော်ကောင်းတွေကို ကူညီလို့



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတော့ နိဗ္ဗာန်မရမီ သောတာပန်သေချာပြီ၊ ငဲ့. . ငဲ့. း ငဲ့"

"ဟေး. . ဟေး. . ဟေး. . ဒါမှ ဆရာကြီးကွ"

"ဟီး. . ဟီး. . မိန်းမရရင် ကလေးတွေ အများကြီး မွေးခိုင်းမယ်"

"ရှတ်. . ဟွတ်. . ဆရာကြီးနဲ့ တွေ့ရတာ သကြားနဲ့ တွေ့ရသလိုပဲ"

"သိကြားမင်း ပြောပါကွ"

ကာလသားတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တပြုံးပြုံးဖြစ်နေကြပြန်လေသည်။ ပီတိတွေ လွှမ်းနေကြပြီ။

"ဆရာကြီး ခွက်ပေါက်ဆီ ကျွန်တော်တို့ကို မျှပါ"

"ဟုတ်ပါတယ်၊ ကျေးဇူးမမေ့ပါဘူး"

"ဟုတ်ကဲ့၊ ဆရာကြီး၊ ကျွန်တော် ဒီနှစ်အတွင်း မိန်းမရမှ ဖြစ်ကော..ယ်၊ အသက်က ခြောက်ဆယ်နား ကပ်နေပြီခင်ဗျာ၊ ကူညီပါခ..ျာ၊ ခွက်ပေါက်ဆီပီယဆေးရရင် ကျွန်တော့်ကို အရင်မျှပါ။ ဒါထက် ဆရာကြီးရယ် ကျွန်တော့်အသက်က ခြောက်ဆယ်နားကပ်နေတော့ မိန်းမ ရပါဦးမလားဟင်၊ ကူညီပါခင်ဗျာ၊ အသက်ကြီးလာတော့ ဆေးပေးမီးယူတစ်ယောက်တော့ ဟီး ဟီး ဟီး"

"အောင်မယ်လေး ကိုမောင်မောင်မြင့်ရယ်၊ အသက်ခြောက်ဆယ်လောက်တော့ ပျင်းတောင်ပျင်းသေးတယ်၊ တစ်ရာနားကပ်နေပါစေ၊ ခင်ဗျားကသာ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းဖို့လိုမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်မောင်မြင့်သည် သွားကြီးကို အစွမ်းကုန်ဖြဲကာ-

"စိတ်ချ၊ စိတ်ချ၊ ဆရာကြီး သေတစ်ပန် သက်တစ်ဆုံး နှံ့မြေကျအောင် ပေါင်းပါ့မယ်ခင်ဗျ၊ ကတိပေးပါတယ်။ အိုချိန်တော့ တန်ပြီ၊ ဟီ ဟီ"

ကျန်လူတွေကပါ သဘောခွေ့နေကြလေပြီ။

"ငိုး . . ငိုး . . ငိုး . . တကယ်စွမ်းတဲ့ ဆေးကိုး"

"ငှဲ . . ငှဲ . . ငှဲ မြန်မြန်အိုပါရစေ ဆရာကြီး၊ ငိုး"

ဆရာကြီး ဦးဣန္ဒာက ဆက်၍. . .

"ဒီဆေးတော်ကြီးက သူများသားမယား မဖျက်ဆီးနဲ့၊ ကာငါးပါးကို လုံမှ ဒီဆေးကို အသုံးပြုဖို့ စိတ်ကူးပါ၊ နှိမ့်ဆို သုံးစွဲသူအတွက် အန္တရာယ်ကြီးတယ်၊ ကာငါးပါး မလုံခြုံရင် သွေးအန်သေမယ်၊ ချေးပန်းမယ်"

သူကြီးသား ကိုအုန်းနက်က ဝင်၍. . .

"ကတိတည်ပါတယ် ဆရာကြီး၊ ပီယဆေးသာ ရမယ်ဆိုရင် ပိုက်ဆံဘယ်လောက်ကုန်ကုန် ကုန်ပါစေ ခင်ဗျ၊ လယ်နဲ့ခြံရောင်းချင် ရောင်းရပါစေ"

အုပ်စုထဲမှ လူရွှတ်လူနောက်တစ်ယောက်က. . .

"အင်း . . ကိုယ့်ဘက်ကတော့ ဆေးလိပ်ကမ်းပေးပြီးကောင်မလေးဘက်ကတော့ ပုလိပ်တိုင်ဖို့ ပြင်ဆင်နေပြီ၊ သူကြီးတော့ ငယ်ထိပ် မြွေကိုက်တော့မယ်"

"ဟား . . ဟား . . ဟား"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ထိပ်တုံးစော် နံတယ်ဗျို့"

"ဟီး . . ဟီး . . ဟီး . . ကိုမောင်မြင့်က မိန်းမ ယူလို့ရရင် ယူဦးမယ်၊ ပြီးမှ တောထွက်ပြီး သာသနာပြုမယ်တဲ့"

"ဟေး . . . ဟေး . . . ဟေး"

လူပျိုသိုးကြီး ကြိုက်မရှက် ပြုတ်မနူး ကိုမောင်မောင်မြင့်သည် မျက်နှာကြီး နီမြန်း၊ နားရွက်ကြီး ပို၍ကားလာကာ ရှက်ရယ် ရယ်နေလေသည်။ ရှက်ရှက်နှင့် 'ဘွတ်ခနဲ' လေလည်သွားပြန်ရာ အရှက်ပြေ ဟိုဟိုသည်သည် သူလိုလို၊ ကိုယ်လိုလို ချောက်ကြည့်ရင်း . .

"ဟီး . . . ဟီး . . . ဟီး . . . ငါ့ဖင်ကအီး ဘယ်သူပေါက်တာလဲကွ"

"ဝါး . . . ဟား . . . ဟား"

"ဟီး . . . ဟီး . . . ဟီး"

. ား . . ဟေး . . စကားတွေ မှားကုန်ပါပြီကွာ၊ ဟီး . . ဟီး . . ဟီး . . ပျော်လို့ပါ"

❑

"ခွက်ပေါက်ဆီ မြန်မြန်စီရင်ပါတော့ ခင်ဗျာ၊ ကျွန်တော်ဘို့ ကူညီဝိုင်းဝန်းပါ့မယ်"

အားလုံးက တညီညွတ်တည်း ကတိပေးပါတယ်ဟု ကတိပြုပြောဆိုကြပြန်သည်။ သူကြီးအိမ်တစ်အိမ်လုံး ကာလသားများ၏ ရယ်မောသံ၊ တီးတိုးသံများဖြင့် ဝေစည်လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွက်ပေါက်ဆီ စီရင်ရာတွင် မြေသန့် အိမ်သန့်တွင် စီရင်၍ မရချေ။ မြေကြမ်း အိမ်ကြမ်းသော အဆောက်အအုံနှင့် သင်္ချိုင်းမြေတွင်သာ စီရင်လေ့ရှိကြပေသည်။ စီရင်ရာတွင် လပြည့်သများတွင် စီရင်ပါက ပိုမို၍ အစွမ်းအာနိသင် ပြည့်ဝစေသည်။ စီရင်မည့်နေ့ရက်တွင် တစ်လအတွင်း သုသာန်ထဲတွင် အစိမ်းသေမြှုပ်နှံပါက အစွမ်းပို၍ထက်လေသည်။

တောနက်ထဲတွင်လည်းကောင်း၊ သုသာန်ထဲတွင်လည်းကောင်း ဆီမန်းမည်ဆိုပါက ပရလောကသားများ၏ နှောင့်ယှက်ခြင်းကို မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်သောကြောင့် သတ္တိရှိဖို့လိုအပ်လေသည်။ ထို့အတူ ပါလာသောလူများ သီလစောင့်ထိန်းရလည်းလိုလေသည်။ ခွက်ပေါက်ဆီကို တစ်ဦးကောင်းတစ်ယောက်တည်း စီမံဆောင်ရွက်၍ မရချေ။ ယင်းဆီကို ပရလောကသားများ လုယက်ယူငင်ဖျက်ဆီးတတ်ရာ မအောင်မြင်ဘဲ ရှိတတ်သည်သာမက ဦးနှောက်ပျက်သွားသူပင် ရှိသည်ဟု ဆိုသည်။ အစွေခြောက်လှန့်ခြင်း၊ ကိုယ်ထိလက်ရောက် နှောင့်ယှက်တတ်ခြင်းပင် ရှိသည်ဟု ဆိုသည်။

သည်လိုနှင့် သူကြီး၊ ဦးဣန္ဒာနှင့် ရွာတွင်းရှိ ကာလသားများသည် မျှော်လင့်ချက်ကိုယ်စီဖြင့် နောင်ခါလာ နောင်စျေးသဘောထားကြကာ ဘုတ်ကို ကျီးမြှောက်၊ ကျီးကို ဘုတ်မြှောက်ခင်းဝန်းထောက်ခံ၊ မြှောက်ပင့်ပြောဆိုခြင်းဖြင့် ခွက်ပေါက်ဆီမန်းစီရင်ရေး လျှို့ဝှက်အစည်းအဝေးသည် အောင်မြင်စွာ ပြီးဆုံးသွားခဲ့သည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်. . .။

ဦးကဿြာသည် တနင်္ဂနွေသား။

ကာလသားခေါင်း ကိုထုံထိုင်းသည် စနေသား။

လူပျိုသိုးကြီး ကိုမောင်မောင်မြင့်သည် ကြာသပတေး၊ စသည် စသည်ဖြင့် အခြားလူငယ် လူရွယ် လူလတ်ပိုင်း လူပျိုဟိုင်း များဖြင့် နေ့ခုနစ်နေ့ နာမ်ခုနစ်ခုပြည့်အောင် စုစည်းကာ ဖွဲ့စည်း လိုက်ကြသည်။

သူတို့သည် အချင်းချင်း မျက်စမျက်နများ ပစ်ကြပြီး. . .

"ဟေ့ကောင်တွေ၊ ဒီကိစ္စ လျှို့ဝှက်ထားကြကွ"

"စိတ်ချ၊ ကိုအုန်းနက်"

သူကြီးက ထုံထိုင်းကို. . .

"ဘယ်သူ့မှ မပြောကြေးနော်၊ ရေငုံနှုတ်ပိတ်နေကြ"

"ကျုပ်တို့ဘက်က မပေါက်ကြားစေရပါဘူး သူကြီး၊ အဲ ခွက်ပေါက်ဆီမန်းဆေး ရရင်သာ ညီညီမျှမျှ လိုတယ်ဗျို့"

"ဟုတ်တယ်ဟေ့၊ ဆရာကြီး ပြောတဲ့အတိုင်း စည်းကမ် လိုက်နာဖို့ အရေးကြီးတယ်ခင်ဗျ"

"ဒါပေါ့၊ စည်းကမ်းဖောက်ရင် လူပါသေနိုင်သတဲ့ဗျ"

"ဟုတ်တယ်ဟေ့၊ သရဲတွေက ဒီဆေးကို လွယ်လွယ် မပေးဘူးတဲ့ဗျ၊ သူတို့ လုမယူနိုင်အောင် ကာကွယ်ကြရမယ်ဟေ့"

"ဟုတ်တယ်၊ ချက်ကြီးနဲ့ ပေတိုး"

"ဟုတ်ပ၊ ကိုသံခဲရေ"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကိုထုံထိုင်းသည် ကွမ်းစားနေသော နီကျင်ကျင်သွားကြီးကို အစွမ်းကုန်ဖြဲကာ. . .

"ကျုပ်ကတော့ ကျုပ်ကြိုက်နေတဲ့ ကျုပ်ကို ဖုတ်လေတဲ့ ငါးပိ ရှိတယ်လို့ မအောက်မေ့တဲ့ ဖျာပုံမြို့ပေါ်က ဆန်စက်သူဌေးသမီးကို ခွက်ပေါက်ဆီဆေးနဲ့ ပ၂င်း. . ဟင်း. . ဟင်း. . ငှဲ. . ငှဲ ငှဲ၊ တို့တော့မယ်တဲ့ ဆိတ်တော့မယ်"

သံခဲက. . .

"ဟီး. . ဟီး. . ဟီး ကျုပ်လည်း ရွာလယ်က ခင်ဆုံကို မလွတ်တမ်း ခွက်ပေါက်ဆီနဲ့ တို့လိုက်မယ်ဗျ ဟင်း. . ဟင်း၊ ဟိုင်းရှားဘား၊ လာလေရှော့ ခင်ဆုံ၊ မင်း ဘယ်ပြေးမလဲ မိချိုသဲ"

လူပျိုကြီး ကိုမောင်မောင်မြင့်က အားကျမခံ ဝင်၍. . .

"ကျုပ်ကတော့ ဟိုဘက် ကျုံဖဲရွာက ကွမ်းတောင်ကိုင်မလေး ခင်မျိုးဇော်ကို ဟင်း. . ဟင်း. . ဟင်း။ ကောင်မလေးက ချစ်စရာ၊ ဘဲဥလေးလို ဝဝတုတ်တုတ် ဖြူဖြူလေး"

လူအုပ်ထဲမှ ကာလသားတစ်ယောက်က. . .

"တဟင်းဟင်းနဲ့ အဖျားတက်နေတာလား"

"ဟား. . ဟား. . ဟား. . . အဖေရေ. . ကျွန်တော့်အတွက် စိတ်ချလက်ချ ခေါင်းချတော့၊ မိန်းမရတော့မယ်ဗျ"

"ဟီး. . . ဟီး"

ဟု ရယ်ကာ သွားရည်တွေ သိမ်းသူသိမ်း။

"ဟေး. . . ဟေး"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဟု ယောင်ရမ်း၍ အော်သူအော်နှင့်. . .။

လူပျိုသိုးတစ်သိုက်သည် ကြီးမားသော ရည်ရွယ်ချက်ဖြင့် အံတကြိတ်ကြိတ် ရင်တခုန်ခုန် စိတ်ကူးများသည် လေထဲမှာ ဝဲပျံ့နေကြလေသည်။ ရင်ထဲမှာ မိုးခြိမ်းသံတွေမြည်ကာ မျှော်လင့်ချက်တွေ လင်းဖြာခဲ့ကြပေပြီ။

❑

အခါကောင်း ရက်ကောင်း နက္ခတ်ကောင်းနှင့် မိနေသော လပြည့်ညတွင် ခွက်ပေါက်ဆီမန်း ဆေးစီရင်ရန် ဆုံးဖြတ်ချက် ချလိုက်ကြလေသည်။ ထိုနေ့တွင် မည်သူမှ သားငါး မစားရ သက်သတ်လွတ်သာ စားကြရသည်။ အရက်သေစာဆို လုံးဝမတို့ မထိရပေ။ ဤကား ဆရာကြီး ဦးကဿပ၏ ပြင်းထန်သော စည်းမျဉ်းစည်းကမ်းချက်ပေတည်း။ ဤသို့ဖြင့် (၇)ရက်သားသမီး လူပျိုများသည် မျှော်လင့်ချက်ကိုယ်စီဖြင့် ဦးကဿပ၏ ညွှန်ကြားချက်အတိုင်း တစ်သဝေမတိမ်း လိုက်နာကြလေသည်။

သို့ရာတွင် ဤအဖွဲ့ ထူးခြားချက်တစ်ခုရှိသည်။

မောင်သူရပင်တည်း။

မောင်သူရသည် အသက် ၁၅ နှစ်သာရှိပြီး ဤအဖွဲ့တွင်ပါဝင်မည့် အသက်အငယ်ဆုံးဖြစ်သည်။ နွေရာသီကျောင်းပိတ်ရက်တွင် ဤရွာသို့ ဆွေမျိုးများရှိရာ အလည်လာခိုက် အဖွဲ့တွင် သောကြာသားတစ်ယောက် လိုနေပေရာ မိမိကိုယ်တိုင်ကလည်း ထူးဆန်းသော ခွက်ပေါက်ဆီဆေးတော်ကြီး စီရင်ပုံကို လူငယ်ပီပီ



www.burmeseclassic.com

www.burmeseclassic.com



သိရှိလိုသဖြင့် ပါဝင်လာခြင်းဖြစ်သည်။

ဆရာကြီး ဦးကုက္ကန္ဒာနှင့် လူငယ်များသည် ခွက်ပေါက်ဆီမန်း စီရင်မှုကြီးအတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ကြသည့်အနေဖြင့် သက်သတ်လွတ်စားခြင်း၊ အစီရင်ပြုလုပ်လျက် ရေချိုးနှုတ်ပိတ် ဝစီပိတ်နေရခြင်း၊ သည်းခံကာ အောင့်အည်းချုပ်တည်းရခြင်း၊ သိုသိုသိပ်သိပ် နေထိုင်ရခြင်း စသည့်လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ခဲ့ကြပေသည်။

ညနေစောင်းသည့်အချိန်မှစ၍ ဦးကုက္ကန္ဒာ၏ တာဝန်ပေးချက်အရ ကိုထုံထိုင်း ကိုမောင်မောင်မြင့်တို့သည် ပစ္စည်းပစ္စယများကို စုံလင်စေအောင် စုဆောင်းကြရလေသည်။ ကိုအုန်းနက်က တာဝန်ယူ ထိန်းသိမ်းသည်။

အမွှေးတိုင်၊ အလင်းတိုင်၊ ဖားမီးအုပ်၊ မီးခြစ် စုံစုံလင်လင် ပိုပိုလျှံလျှံနှင့် လက်နှိပ်ဓာတ်မီးကအစ အသင့်ရှာဖွေ ယူဆောင်ထားကြရသည်။ အရေးအကြောင်း ပေါ်လာပါက သတ်မှတ်ထားသော စည်းဝိုင်းအတွင်းမှ ထွက်မပြေးရန် အထပ်ထပ်မှာကြားသတိပေးရသည်။

❑

ညသည် မှုန်ရီအေးစက်လျက်ရှိသည်။ လရောင်မှုန်မှုန်နှင့် ကြယ်ရောင်တော့ ရှိနေသေးသည်။

လရောင်မှုန်ပျပျ ထိနမ်းထားသော သစ်ပင်ထိပ်ဖျားရှိ သစ်ရွက်သစ်ခက်များနှင့် မြေပုံမို့မို့တို့သည် ရေခဲမှုန်သီးခဲကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



လက်လက်ထ,နေလေ၏။ သုသာန်မြေသည် လျှို့ဝှက်ချက်များစွာကို ဝါးမျိုထားသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ဦးကုန္ဒာခေါင်းဆောင်သော လူရှစ်ယောက်တို့သည် သုသာန်မြေတွင်းသို့ တိတ်တဆိတ် ဝင်ရောက်လာကြလေပြီ။ သူတို့သည် စကားမပြော။ ခြေသံပင် မကြားရလေအောင် တိတ်ဆိတ်စွာ ဝင်ရောက်လာခြင်းဖြစ်သည်။ လက ထိန်ထိန်သာနေသည်။

စုစုပေါင်း ရှစ်ယောက်တိတိ။

လေအသွေးတွင် ညှီစို့စို့ရနံ့များ၊ ပုပ်အဲ့အဲ့အနံ့များက သချိုင်းမြေကို ရွံရှာစက်ဆုပ်ဖွယ်ဖြစ်အောင်၊ ထိတ်လန့်အောင် တန်ဆာဆင်လျက်ရှိသည်။ မြေအောင်းပုရစ်တွေက တစီစီမြည်နေပြန်သေးသည်။

လေစီးကြောင်းထဲတွင် မျောပါလာသည့် ပုပ်အက်အက်အနံ့ဆိုး၊ ညှီစို့စို့ရနံ့များကြောင့် သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ သယ်ယူလာသည့်ပစ္စည်းများကို လွတ်မကျရန် ဂရုတစိုက် သယ်ယူလာကြသည်။ ထို့နောက် သုသာန်အတွင်းရှိ ဇရပ်ပေါ် သို့ ခြေဦးလှည့်လိုက်ကြလေသည်။

ညသည် မှုန်ရီအေးစက်လျက်။ တောစပ်မှ တောခွေးတစ်ကောင်က လွမ်းလွမ်းဆွတ်ဆွတ် သံရှည်ဆွဲကာ အူမြည်လျက်။

ဇရပ်ကြီး၏ ခေါင်မိုးကို ထိလျက်ရှိသော သစ်ကိုင်းများသည် တဖြည်းဖြည်း တဖြုန်းဖြုန်းမြည်ကာ အရိပ်မည်းကြီးများဖြင့် ကြောက်မက်ဖွယ်အသွင်ကို ဆောင်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် အမှောင်ထဲတွင် ဝိုးတဝါး မြင်နေရရာမှ အကဲခတ်ကြည့်ရှုလိုက်ကြပြီး ပူးတပ်လိုက်ကြသည်။ ဇရပ်ထုပ်တန်းပေါ်မှ တစ္ဆေကြီး၏ ညည်းတွားသံကို ကြားရလေမလား။ ဒါမှမဟုတ် ပုံပြင်ထဲကလို ခွေးသေကောင်ပုပ်ကြီး ပစ်ချလိုက်လေမလား။ သို့မဟုတ် တစ္ဆေမပဲ ထုပ်တန်းမှ ဇောက်ထိုးဆင်းလာလေမလားဟု အာရုံတွေ ထွေပြားကာ တစ်ယောက်မျက်နှာ တစ်ယောက် အကဲခတ်ရင်း ခန္ဓာကိုယ်ချင်း ပူးကပ်လိုက်ကြခြင်းသာ ဖြစ်ပေသည်။

သချိုင်းမြေကိုဖြတ်ကာ တိုက်ခတ်လိုက်သော လေထုထဲတွင် လေချွန်သံလိုလို၊ ညည်းညူသံလိုလို အသံများကလည်း အာရုံကို ချောက်ချားထွေပြားစေလေသည်။ ထိုစဉ် ထုပ်တန်းပေါ်မှ အိပ်တန်းဝင်နေကြပြီဖြစ်သော ငှက်များသည် တရှဲရှဲ လှုပ်ရှားလာကြကာ တောင်ပံတွေခတ်၊ တကီးကီးအသံတွေ မြည်လာကြပြန်လေသည်။ ထို့နောက် ပြန်လည်ငြိမ်သက်သွားကြပြန်သည်။

သချိုင်းမြေတွင် လရောင် ဝင်းပပ၊ ကြယ်ရောင် မှိန်ပျပျဖြင့် လင်းနေသော်လည်း ဇရပ်ပေါ်တွင် အလင်းရောင်မရှိဘဲ မှောင်မိုက်နေလေသည်။ ဇရပ်ထုပ်တန်းတွင် လင်းဆွဲများ၊ အခြားငှက်များ ခိုနားတတ်ပြီး လူသံသူသံ ကြားရသဖြင့် လှုပ်လှုပ်ရွရွဖြစ်လာကြခြင်းဖြစ်သည်။ တစ်ကောင်စ နှစ်ကောင်စက လန့်ဖျပ်တာ ဇရပ်အပြင်ဘက်ကို ပျံထွက်သွားလေသည်။

သချိုင်းမြေကား သံဝေဂများ ပြည့်နှက်နေသည်၊ အသက်

www.burmeseclassic.com



ရှင်စဉ်က မုန်းလိုက်ကြ၊ ချစ်လိုက်ကြ၊ ငိုလိုက်ကြ၊ ကြည်နူးလိုက်ကြ ခဲ့တော့ ဘာတတ်နိုင်ကြလေသနည်း။ အမုန်းတေး၊ အချစ်တေး တွေ ဆိုနိုင်ကြပါသေးသလော။ လွမ်းတေးတွေ သီကျူးနိုင်ပါသေး သလော။

"ကဲ ဟော့ ဒီမှာ ပစ္စည်းတွေချပြီး နားလိုက်ကြစို့ရဲ့၊ ပြီးမှ အစီအစဉ် ပြောပြမယ်"

ဦးဣန္ဒာ စကားဆုံးသည်နှင့် စုဝေး၍ လုပ်ကိုင်ဆောင် ရွက်ကြပြီး ထိုင်လိုက်ကြသည်။ သူတို့အားလုံး တစ်ယောက်နှင့် တစ်ယောက် ပူးကပ်စွာ ထိုင်လိုက်ကြခြင်းဖြစ်သည်။ ရှာစဉ်ရှာ ဆက်များနှင့် ဝေးကွာသည်သာမက ညဉ့်မှောင်မှောင် ကြယ်ရောင် သာမြင်နေရသည့် အ,ကာလမှာ မည်သူမျှ ဇရပ်အနီးသို့ ချဉ်းကပ် ဝံ့ကြမည် မဟုတ်ချေ။ လူငယ်ကာလသားတွေသာ ပီယဆေး ခွက်ပေါက်ဆီ ရလိုဇောဖြင့်သာ အရဲကိုး၍ အသက်စွန့်ကာ ရောက်လာကြခြင်းဖြစ်သည်။

"ဟုတ်ကဲ့ ဆရာကြီး၊ ခိုင်းချင်တာ ခိုင်းပါ၊ ကျွန်တော်တို့ မြေဝယ်မကျ လိုက်နာပါ့မယ်၊ ဆရာကြီး လုပ်ခိုင်းထားတဲ့ အစီ အစဉ်တွေကိုလည်း ကျွန်တော်တို့ လုပ်ကိုင်ဆောင်ရွက်ပြီးကြပါပြီ"

"အိမ်း ဟုတ်ကပြီ၊ ခုချိန်ကစပြီး တစ်ယောက်နဲ့ တစ်ယောက် စည်းရုံးညီညွတ်ဖို့ လိုလာပါပြီ၊ အမိကကတေး တစ်စုံတစ်ခုခု ပယောဂဝင်လာပြီး နှောင့်ယှက်ရင် ထွက်မပြေးဖို့ပဲ၊ ထွက်ပြေးတဲ့လူ သေမှာပဲ၊ သရဲကုတ်ချိုးမှာ၊ အဲဒီအခါကျမှ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မတတ်နိုင်ဘူး၊ မင်းတို့ သတ္တိရှိတဲ့လူငယ်တွေပဲကွာ၊ ဆရာ တစ်ခုတော့ ပြောမယ်၊ ခု အားလုံး သုသာန်ထဲရောက်လာကြပြီ၊ အေး. . ခုဆိုရင် သရဲ တစ္ဆေ ဖုတ်ကောင်တွေ၊ နာနာဘာဝတွေ က တို့ကို စောင့်ကြည့်နေကြပြီကွ၊ ဒီလူတွေ စုစု စုစုနဲ့ ဘာတွေ လုပ်နေကြပြီဆိုတာ မျက်ခြည်မပြတ် ကြည့်နေကြပြီ၊ ပြီးတော့ သူတို့နယ်မြေထဲမှာ ခွက်ပေါက်ဆီလာပြီးစီရင်တာကို သူတို့ လက်မခံဘူး၊ အပါခံမှာလည်း မဟုတ်ဘူး၊ ရတဲ့နည်းနဲ့ ပြန်လုယူရမှာပဲ၊ အဲဒါ ကေန်မှုချပဲဟေ့၊ အားလုံးသဘောပေါက်ရဲ့လား"

"ဟုတ်ကဲ့ ပေါက်ပါတယ်၊ ဆရာကြီး"

"ဆရာပြောတာကို ဆက်နားထောင်ဦး၊ မင်းတို့မှာ တစ်ပိုင်တစ်နိုင် ဆန်မန်းတွေ ပါလာကြပြီ၊ ဆန်မန်းက တို့ရဲ့ လက်နက်ပဲကွဲ့၊ နောက်တစ်ခု ထူးခြားချက်တစ်ခု ပြောပြမယ်၊ တို့များ ခွက်ပေါက်ဆီ စီရင်တဲ့ ခုချိန်မှာ ဒီတစ်ပတ်ဝန်း ဒီသုသာန်မှာ ထူးခြားတဲ့ အလောင်းသုံးလောင်း မြှုပ်ထားတယ်"

စကားဝိုင်းသည် ရုတ်တရက် တိတ်ဆိတ်သွားသည်။ အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ဇရပ်၏ အပြင်ဘက် ချုံတော၊ မြေတွင်းများထဲမှ စိုးစိုးစီစီ မြည်နေသော ပုရစ်ကောင်များ၊ ခေါင်မိုးပေါ်မှ ဖြတ်ပျံသွားသည့် ညငှက်များ ရိုပ်ခနဲ ဖျပ်ခနဲ ဖြတ်သွားကြရာ သူတို့အားလုံး အသက်မရှူရဲလောက်အောင် အနေကြံ့သွားကြပြီး ဦးဣန္ဒာ ဆက်ပြောမည့် စကားကို စောင့်မျှော်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကုန္ဒာသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး. . .

"အဲဒါကတော့ ဒီသူသာနက်ကို အစိမ်းသေ သေပြီး လာမြှုပ်ထားတဲ့ အလောင်းသုံးလောင်း ဆိုတာပဲ၊ လက္ကယ်နေ့တုန်းက ရေနစ်သေတဲ့ အဘိုးကြီးတစ်ယောက်ရယ်၊ ယောကျ်ား မယားငယ်ယူသွားလို့ စိတ်ညစ်ပြီး ကြိုးဆွဲချသေတဲ့ အမျိုးသမီးတစ်ယောက်ရယ်၊ ဖဲဝိုင်းမှာ ရန်ဖြစ်လို့ နောက်ဆုံး လည်ပင်း ဓားနဲ့အခုတ်ခံရတဲ့ အလောင်းတစ်လောင်းရယ် သုံးဦးပေါင်းပေါ့။ ယောကျ်ားအလောင်းက နှစ်လောင်း၊ မိန်းမအလောင်းက တစ်လောင်း၊ လတ်လတ်ဆတ်ဆတ်ပဲပေါ့၊ အေး. . သူတို့ နှောင့်ယှက်လိမ့်မယ်လို့ ဆရာ့အတွေ့အကြုံအရ မြင်နေတယ်ကွဲ့၊ ဓားခုတ်ခံရတဲ့ သရဲက မင်းတို့ဗိုက်ကို ဖောက်ပြီး ဗိုက်ထဲက ကလီစာတွေကို ဖောက်စားလိမ့်မယ်၊ ပြီးတော့ အူတွေကိုဆွဲပြီး သချိုင်းတစ်ပတ် ပတ်ပြီး ပြေးလိမ့်မယ်၊ နားလည်ကြရဲ့လား၊ အေး. . စည်းမဖောက်ကြနဲ့ကွဲ့၊ သရဲတွေ မင်းတို့နားကို ကပ်လာပြီဆိုတာနဲ့ ဆန်မန်းနဲ့သာ ကြဲပေတော့၊ ဒါထက် မင်းတို့ သက်သတ်လွတ် စားထားကြတယ်နော်"

"စားထားပါတယ် ဆရာကြီး"

"သေချာပါတယ်နော်"

"သေချာပါတယ် ဆရာကြီး"

"ကျွန်တော်ကတော့ ထမင်းကို ရေနဲ့ဆမ်းပြီးစားပါတယ်"

"ကျွန်တော်က ထန်းလျက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဆီနဲ့ ဆားဖြူးပြီး စားပါတယ်"

"ကျွန်တော်ကတော့ သစ်သီးတွေပဲ စားထားတယ်ခင်ဗျ"

ဦးကုဏ္ဍာသည် တစ်ချက်ပြုံးလိုက်သည်။

"ကဲ. . ကဲ တစ်အောင့်ကြာရင် အစီအရင် စကြမယ်"

မောင်သီဟသည် ခပ်သွက်သွက် လူငယ်ကလေး တစ်ယောက်ဖြစ်သလို သူသည် အဖွဲ့ထဲတွင် ငယ်ရွယ်သူဖြစ်သည့် အလျောက် ထိုင်နေရာမှထကာ မီးထထွန်းသည်။ ကျောက်ဖယောင်းတိုင်ကြီး နှစ်တိုင်ခန့် ထွန်းညှိလိုက်သောအခါ ဇရပ်တစ်ခုလုံး လင်းထိန်သွားသည်။ အခြားသူများက အလျှိုလျှိုထကာ ငှက်ပျောပွဲ၊ အုန်းပွဲ၊ ကန်တော့ပွဲများကို ပြင်ဆင်ကြသည်။ မောင်သီဟအဖို့ ဤသုသာန်ထဲသို့ ဝင်ရောက်လာခြင်းမှာ ကြီးမားသော ရည်ရွယ်ချက်မရှိ။ ခွက်ပေါက်ဆီအကြောင်းကို သိချင်ဇောနှင့် အဖော်အဖြစ် လိုက်ပါလာခြင်းဖြစ်သည်။ ခွက်ပေါက်ဆီ လိုချင်၍မဟုတ်။ ပေးလျှင်လည်း ယူမည်မဟုတ်ဟု ဆုံးဖြတ်ကာ လိုက်လာခြင်းဖြစ်သည်။

ဦးကုဏ္ဍာသည် ခွက်ပေါက်ဆီမန်းအတွက် ဇလုံထဲတွင် လက်ဖက်ရည်ပန်းကန် သုံးလုံးထပ်ကာ အပေါ်ဆုံးတွင် နှမ်းဆီ စစ်စစ်ကို ထည့်သည်။ ဆေးစီရင်နေစဉ် အပေါ်ဆုံးမှ ဆီများသည် ကျန်သည့်ပန်းကန်လုံးများကို စိမ့်ယိုဖောက်ထွင်းကာ အောက်ဆုံး ဇလုံထဲသို့ ထူးဆန်းစွာ ကျဆင်းသွားတတ်ခြင်းကို ခွက်ပေါက်ဆီဟု ခေါ်လေသည်။ ထိုခွက်ပေါက်ဆီသည် အနာရောဂါကုသခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပီယဆေးတွင် စွမ်းသည်ဟု ဆရာအစဉ်အဆက်ဆက်က ယုံကြည်ကြသည်။ ထို့ကြောင့် ခွက်ပေါက်ဆီဆိုလျှင် နာမည်ကြီးသည်။

"ကဲ. . . လုပ်ငန်းစလိုက်ကြစို့ရဲ့"

ဦးဣန္ဒာက ဦးဆောင်ကာ ဇရပ်အောက်သို့ ဆင်းလိုက်ကြလေသည်။ ညသည် ကြယ်ရောင်ဖြင့်သာ လင်းပနေသည်။ သုသာန်တွင်းရှိ သက်ရင့်သစ်ပင်ကြီးများ၊ မြေပုံမို့မို့များ၊ ချုံပုတ်များသည် လင်းပျပျညဥ့်အောက်တွင် တိတ်တဆိတ် ငြိမ်သက်နေကြသည်။ လေကပါ ငြိမ်သက်နေသည်။ လရောင်က ရွှန်းမြလျက်။

"ဒီနေရာမှာ စည်းဝိုင်း ဝိုင်းမယ်၊ စည်းဝိုင်းထဲကနေ အပြင်ကို ဘယ်သူမှ မထွက်ကြပါနဲ့၊ ဒုက္ခရောက်သွားမယ်။ ခုချိန်မှာ ကျုပ်တို့ပတ်ဝန်းကျင်နားကို မြင်အပ် မမြင်အပ်တဲ့ လောကသားတွေ စောင့်ကြည့်ရောက်ရှိနေကြပြီဆိုတာ မြဲမြဲမှတ်ထားကြပါ။ ကျုပ် အထက်ဆရာများကိုလည်းကောင်း၊ ဆိုင်ရာ ပိုင်ရာများကိုလည်းကောင်း ,မေတ္တာရပ်ခံမယ်၊ စည်းမပေါက်စေနဲ့ဟေ့"

ဦးဣန္ဒာသည် လက်တစ်ဆုပ်ခန့် ဆန်မန်းကိုယူကာ စည်းဝိုင်းသဖွယ်ဖြစ်အောင် ဖြူးကာ ဝိုင်းလိုက်လေသည်။ ထို့နောက် အုန်းငှက်ပျောပွဲပြင်သည်။ မီးထွန်းညှိသည်။ မီးထွန်းပြီး ထိုဖယောင်းတိုင်ကြီးများ မငြိမ်းစေရန် အရေးကြီးကြောင်း ပြောဆိုကာ မောင်သီဟကို တာဝန်ယူစေသည်။

မောင်သီဟသည် စိတ်ထဲမှနေ၍ ဂုဏ်တော်များရွတ်ပွားနေကာ ကန်တော့ပွဲနှင့် ဖယောင်းတိုင်ကြီး မီးမငြိမ်းစေရန်



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်ရမည့် တာဝန်တစ်ခု ပိုလာသည်။ အစီအရင် ဆောင်ရွက်နေစဉ် ဖယောင်းတိုင်များ ငြိမ်းသွားလျှင်လည်းကောင်း၊ ပျောက်သွားလျှင်လည်းကောင်း မကောင်းပေ။ အနှောင့်အယှက်ဝင်ခြင်း၊ ခွက်ပေါက်ဆီများ ပျောက်ဆုံးခြင်းဖြင့် စည်းပေါက်ကာ ဒုက္ခတွေ့တတ်လေသည်။ ထိုအခါ အချင်းချင်း မှားယွင်းကာ သတ်ပုတ်ခြင်း၊ သရဲပူးခြင်း၊ မြေပြင်ကို ရေထင်ပြီး ကူးခတ်တတ်ခြင်းများ ဖြစ်တတ်သည်။

ထို့ကြောင့် ဖယောင်းတိုင်နှင့်ပွဲများကို အထူးဂရုစိုက် ကြပ်မတ်ရပါသည်။ မီးမငြိမ်းစေရန် မီးမပြတ်စေရန် အထူးဂရုစိုက်ရပါသည်။ ထို့ကြောင့် မီးမငြိမ်းစေရန် ယုံကြည်စိတ်ချရသူကို သတိဝီရိယဖြင့် ကာကွယ်စောင့်ရှောက်စေပြီး မီးငြိမ်းပါက အသင့်ထွန်းနိုင်ရန် ကြိုတင်ပြင်ဆင်ရမည်ဟု ဦးဣန္ဒာက မှာကြားထားပြီးပြီ။

မောင်သီဟသည် ကျောက်ဖယောင်းတိုင်ကြီး သုံးတိုင်နှင့် မီးခြစ်ကို အဆင်သင့်ကိုင်ကာ အခြေအနေကို သတိဝီရိယဖြင့် စောင့်ကြည့်ကာ အကဲခတ်နေလေသည်။ လေငြိမ်နေသဖြင့် ဇရပ်တွင်းရှိ ဖယောင်းတိုင်ကြီးများသည်လည်းကောင်း၊ ပတ်ဝန်းကျင်သည်လည်းကောင်း ငြိမ်သက်တိတ်ဆိတ်နေသည်။ အချိန်သိပ်မကြာလိုက်။

ထိုစဉ် လေသည် တရှိန်ရှိန်မြည်ကာ ခပ်သာသာတိုက်ခတ်စပြုလာလေသည်။ လေတိုးသံသည် မြေတွန်သံပမာ ချောက်ချားစေသည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"ကဲ အားလုံးစည်းဝိုင်းထဲဝင်ကြ၊ လုံးဝမထွက်ကြနဲ့တော့"

ဦးဣန္ဒာသည် စည်းဝိုင်းအတွင်းရှိ ပွဲထိုးထားသော အုန်းသီးပေါ်တွင် ဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိလိုက်သည်။ ထို့နောက် ရွတ်ဖတ်သရဇ္ဈာယ်မှုကို စတင်လေသည်။

"ဥုံ ဇမ္ဗူဒီပါ သင်္ချာပတ်ကုံး ကျွန်းလုံးနှံ့မျှ စောင့်ရှောက်ကြကုန်သော ယက္ခ ယက္ခာ နတ်ဒေဝတာတို့"

အစချီကာ ဂါထာကို ဟိန်းဟောက်သံ ဩာန်မာန်ပါပါ ကျယ်လောင်စူးရှစွာ စတင်ရွတ်ဆိုလေသည်။ ဤသို့ဖြင့် ခွက်ပေါက်ဆီမန်း အစီအရင် စတင်လေသည်။ အားလုံး စည်းဝိုင်းထဲတွင် ထိုင်နေကြကာ တုပ်တုပ်မျှ မလှုပ်ရဲကြပေ။ ဩာန်ကရိုက်ျား ကျစွာ ရွတ်ဖတ်နေသော ဦးဣန္ဒာ၏အသံသာ စည်းဝိုင်းထဲတွင် ပီပီသသ ထွက်ပေါ်နေသည်။

ထိုအချိန်တွင် သင်္ချိုင်းမြေတွင်း၌ အရိပ်မည်းကြီးများသည် လရောင်ထိန်ထိန်အောက်တွင် ဟိုသည် ရွေ့လျားစပြုလာပေပြီ။ အရိပ်မည်းကြီးများသည် ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားပြေးလွှားနေကြခြင်းဖြစ်သည်။ အရိပ်မည်းကြီးများမှာ လူလိုလို၊ တိရစ္ဆာန်ကြီးတွေလိုလို ထင်ယောင်ထင်မှားဖြင့် ပြေးလွှားနေကြခြင်း ဖြစ်သည်မှာ ရင်ခုန်စရာကောင်းလှသည်။ တုန်လှုပ်ခြောက်မက်ဖွယ်ကောင်းလှသည်။

သာသာဆဆ လွင့်၍ ဝေ့ကာဝိုက်ကာ တိုက်ခတ်နေသော လေပြေထဲတွင် ဖယောင်းတိုင်မီးများသည် ဘယ်ညာယိမ်း



www.burmeseclassic.com

www.burmeseclassic.com



ယိုင် ကာခုန်နေကြသည်။ မောင်သီဟသည် မီးငြိမ်းမည်စိုး၍ ရင်တထိတ်ထိတ် ကြည့်ရှုနေမိသည်။ ကျန်သူများသည် ဦးဣန္ဒာ၏ ရွတ်ဖတ်မှုကိုလည်းကောင်း၊ ပတ်ဝန်းကျင်၏ ထူးခြားမှုဖြစ်စဉ်ကိုလည်းကောင်း ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြကုန်သည်။

ဂါထာရွတ်ဆိုမှု သုံးမိနစ်ကျော်ခန့်သို့ရောက်လျှင် ထူးခြားမှုတစ်ခု ဖြစ်ပေါ် လာသည်။ ဇရပ်၏ နံဘေးစည်းဝိုင်း၏ထိပ်တွင် အုပ်မိုးထားသော သစ်ပင်ကြီးမှ ခြောက်လက်မပတ်လည်ခန့်ရှိ သစ်ကိုင်းကြီးသည် လေမတိုက်ပါဘဲလျက် ဘယ်ညာယိမ်းထိုးစပြုလာခြင်းဖြစ်လေသည်။ ဦးဣန္ဒာမှလွဲ၍ ကျန်လူအားလုံး လန့်ဖျပ်ကာ ထိတ်ထိတ်ပျာပျာ မော့ကြည့်ကြသည်။ သစ်ကိုင်းကြီးသည် တဖျတ်ဖျတ် ယိမ်းခါ၍ တရှဲရှဲမြည်ကာ တစ္ဆေကောင်လို ထင်မှတ်မှားစေသည်။

ထို့နောက် သက်ရင့်သစ်ပင်ကြီးထက်မှ ငြိမ်သက်စွာ အိပ်တန်းတက်နေကြသော ဗျိုင်း၊ ဆက်ရက်၊ ကျီးကန်း စသည့် သတ္တဝါတို့သည် ရုတ်ခြည်းပင် ကမ္ဘာပျက်ဘိသကဲ့သို့ ဝရုန်းသုန်းကားရုတ်ရုတ်သဲသဲ ဖြစ်လာကြသည်။ ၎က်များသည် တောင်ပံတဖြန်းဖြန်းခတ်၊ ကြောက်လန့်တကြား အော်သံတွေပြုကာ ထပျံကြကုန်သည်။ မနီးမဝေး သင်္ချိုင်းတောစပ်မှ တောခွေးရိုင်းများသည်လည်း သံရှည်ဆွဲကာ ညီညာတက်ကြွစွာ အူမြည်ကြလေသည်။ ထိုစဉ် ဇရပ်ခေါင်မိုးကို ထိနေသော သစ်ကိုင်းကြီးတစ်ကိုင်းက သံချက်ပြုတ်၍ ချောင်နေသော ခေါင်မိုးကို တအုန်းအုန်း ဖြန်းဖြန်း



www.burmeseclassic.com

www.burmeseclassic.com



မြန်း ရိုက်လေတော့ရာ. . .

"ဟိုက်" "ဟာ" "ဟင်" "အမယ်လေး"

အားလုံးပူးကပ်လိုက်ကြလေသည်။ မောင်သီဟ၏လက်ကို မည်သူ ဆွဲကိုင်ထားသည်မသိ။ အဆိုပါလက်သည် တဆတ်ဆတ်တုန်နေလေသည်။ မောင်သီဟ လှည့်ကြည့်လိုက်ရာ ကြာသပတေးသား ကိုပေါက်စ။ မောင်သီဟက လေသံတိုးတိုးဖြင့်. . .

"ကိုပေါက်စ ဘာလဲဗျ"

"မသိဘူးလေကွာ၊ နှောင့်ယှက်မယ့်တစ္ဆေ သရဲတွေ လာကုန်ကြပြီထင်တယ်၊ မပြေးနဲ့နော်"

"မပြေးပါဘူး၊ အဖော်တွေ အများကြီး ရှိနေတာပဲဗျ"

စကားစပြတ်သွားသည်။ လေကငြိမ်သွားပြန်သည်။ သို့သော် စည်းဝိုင်းပေါ်မှ ဆီးမိုးထားသော သစ်ကိုင်းခြောက်ကြီးသည် ရပ်ဝ. ငြိမ်သက်သွားခြင်း မရှိဘဲ ထိတ်လန့်ဖွယ်ရာ လှုပ်ရှားယိမ်းခါနေဆဲ။

ဦးဣန္ဒာသည် အတွေ့အကြုံ ရင့်ကျက်နေသော ဆရာပ. ပြောရမည်လား မသိပေ။ သစ်ကိုင်းခြောက်ကြီး လှုပ်ခါနေသည်ကို စိုးစဉ်းမျှ မော့၍မကြည့်ပေ။ ဂါထာကိုသာ မမှားယွင်းအောင် အောင်မြင်သောအသံဖြင့် ဆက်၍ရွတ်ဖတ်နေလေသည်။ အားလုံး၏ မျက်လုံးများက အုန်းပွဲ၏ရှေ့တွင် ခွက်ပေါက်ဆီ စီရင်ထားသော ဇလုံကိုသာ စိတ်အားထက်သန်စွာ စူးစိုက်ကြည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်ဖက်ရည် အကြမ်းပန်းကန် သုံးလုံးဆင့်ထားသော ဆေးဆီသည် ပကာတိတည်ငြိမ်နေဆဲ။ ထူးခြားမှုလက္ခဏာအရိပ်အရောင် မပြသေးချေ။ ပွဲပေါ်တွင် ထွန်းညှိထားသော ဇရာမကျောက်ဖယောင်းတိုင်ကြီးကသာ လေအသွေးတွင် အနည်းငယ်ယိမ်းယိုင်လှုပ်ခါနေသည်။

ဂါထာရွတ်ပွားမှု ဆယ်မိနစ်ကျော်သွားပေပြီ။

မောင်သီဟသည် လွယ်အိတ်ထဲတွင် ထည့်ထားသော ဆန်မန်းများကို အသာစမ်းကြည့်လိုက်၏။ လိုရမည်ရ လောက်လေးခွတစ်လက်နှင့် လောက်စာလုံးများပင် ထည့်ယူလာသေးသည်။ ထိုအချိန်တွင် ဦးဣန္ဒာ၏ ဂါထာရွတ်ဆိုသံ ခပ်မှန်မှန်ထွက်ပေါ်လာ၏။ ဖယောင်းတိုင်မီးများသည် တစ္ဆေများ ကခုန်နေသလို စည်းချက်ညီညီ ဘယ်ညာယိမ်းထိုးလာပြန်သည်။ ဘယ်နေရာက ရောက်လာမှန်းမသိသော ယင်မမဲရှိုင်းကြီးများသည် ကန်တော့ပွဲအနီးတွင် မခန့်လေးစားဖြင့် တဝီဝီမြည်ကာ ဝိုင်းအုံနေကြလေသည်။ ထို့နောက် လူတွေကြားထဲသို့ တစ်ကောင်စ နှစ်ကောင်စ တိုးဝင်လာသည်။

ဂါထာရွတ်ပွားသံက အဆက်မပြတ်. . .

"ရောက်လျှင်ရောက်ချင်း၊ မကျန်ကြွင်းရလေအောင်၊ လျင်မြန်ဆောစွာ၊ ယခုလာ၏၊ ငါ၏ဆီသို့ သွင်းကြအသက်"

ဂါထာကို ပီပီသသ ရွတ်ပွားနေဆဲမှာပင် ဟိုဝေးဝေးခပ်လှမ်းလှမ်းဆီမှ ခြေသံလိုလို၊ ပွတ်တိုက်ရွေ့လျားသံလိုလို၊ သင်



www.burmeseclassic.com

www.burmeseclassic.com



ရွက်ခြောက်တွေ ရှပ်တိုက်ပြေးလွှားနေသံလိုလို အသံတွေ ထွက်ပေါ်လာသည်။ သူတို့အားလုံး ရင်တထိတ်ထိတ်ဖြင့် အသံတွေ ထွက်ပေါ်လာရာဆီသို့ ရော်ရမ်းမှန်းဆ ရှာဖွေကြည့်နေဆဲမှာပင် ဖွားခနဲ တစ်စုံတစ်ခုဖြင့် ပစ်လိုက်သံကို ကြားလိုက်ရလေသည်။ အသံသည် သစ်ရွက်များကို ထိမှန်ပြီး ထွက်ပေါ်လာသောအသံဖြစ်သည်။ ထို့နောက် အသံတွေ ဆက်တိုက်ဆက်တိုက် တဖွားဖွား တဖွဲဖွဲ ထွက်ပေါ်လာလေသည်။ ခဲသေးသေး၊ ကျောက်စရစ်ခဲများနှင့် ပစ်ခတ်၍ ထွက်ပေါ်လာသော အသံမျိုးဖြစ်သည်။

ထိုစဉ် မြေပွယောင်းယောင်း သချိုင်းမြေတစ်နေရာမှ လူရိုးလူအဆွေးအမြည့်များ၏အနံ့ အသားပုပ်အဆွေးအနံ့များက လေအသွေးတွင် လွင့်မျောပါလာသည်။ ညှီစို့စို့ ပုပ်အဲ့အဲ့အနံ့က မသတီစရာကြီးပင်။

"နံလိုက်တာ"

"ထွီ"

"ဝေါ့"

"ခဲလုံးအသေးလေးတွေနဲ့လည်း ပစ်နေသေးတယ်ဟေ့"

"ဘယ်ကပစ်နေတာမှန်း မသိဘူး၊ လူမမြင်ရဘူးကွ"

"ဆန်မန်းနဲ့ ပြန်ပစ်ဖို့ အသင့်ပြင်ဆင်ထားကြဟေ့"

ဆန်မန်းနှင့် ပြန်လည်ကြဲပက်ရန် ပြင်ဆင်လိုက်ကြသည်။ ဦးကုက္ကန္ဒာ၏ တည်ငြိမ်သော ဂါထာရွတ်ပွားသံက ပကတိပုံမှန် ထွက်ပေါ်နေဆဲ။ ထို့ကြောင့် အားတက်သွားကြသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံး လူချင်းပူးကပ်လိုက်ကြကာ ဦးကွန္တာနှင့်အတူ အုန်းပွဲဘေး တွင် ဝတ်ပတ်လည် ဝိုင်းရံလိုက်ကြလေသည်။

ထိုစဉ် စည်းဝိုင်းရှိရာသို့ တဖုတ်ဖုတ် ပြေးလာသော ခြေသံတွေ။ လူကောင် မမြင်ရ။ ဘစ်ဆက်တည်းမှာပင် တဝီဝီ မြည်ကာ ကျရောက်လာသော ခဲများ၊ မြေကျစ်စာခဲများ၊ သစ်ကိုင်း ခြောက်များသည် ဘယ်က ဘယ်လို ရောက်လာမှန်း မသိရချေ။ တဖွဲဖွဲ ကျရောက်လာတော့သည်။ အကောင်အထည် မတွေ့ရဘဲ ခဲများ၊ ကျစ်စာခဲများ ကျရောက်သံ ကြားရသော်လည်း စည်းဝိုင်း အတွင်းသို့ လုံးဝ ဝင်ရောက်မလာခြင်းက ထူးဆန်းသည်။ စည်း ဝိုင်းအပြင်ဘက်ဆီသို့ တဖြုတ်ဖြုတ် တဝုန်းဝုန်း ကျရောက်နေခြင်း က အံ့သြစရာလည်းကောင်း၊ ထူးဆန်းစရာလည်းကောင်းလှ တော့သည်။

အားလုံး၏ မျက်ဝန်းများသည် ခွက်ပေါက်ဆီမန်းဇလုံ ရှိရာသို့သာ အာရုံတွေ လွင့်ပါးစူးနစ်နေကြသည်။ ထိုအချိန်တွင် သချိုင်းမြေ၏ တစ်နေရာတွင် တဖုတ်ဖုတ် ပြေးလွှားလာနေသော ခြေသံများ ငြိမ်သက်သွားသည်နှင့် တစ်ပြိုင်နက် သစ်ပင်ကြီးငယ် များသည် အသက်ဝင်လာသည့် တစ္ဆေတွေပမာ ခြေကားရား လက်ကားရား ကြောက်မက်ဖွယ် လှုပ်ရမ်းလာကြပြန်သည်။

"အူ . . ဝူး . . ဝူး"

"ဝူး . . ဝူး"

"ရှဲ . . ရှဲ . . ရှဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖလပ် . . ဖလပ် . . ဖလပ်"

"အူး . . အား . . အား . . ဟာ"

လူတစ်ယောက်၏ အသက်ငယ်သံပါအောင် အော်ဟစ်လိုက်သော အသည်းတုန်လှုပ်ဖွယ် အသံကြီး ပေါ်ထွက်လာသည်။ စည်းဝိုင်းထဲမှ တစ်ယောက်က ဆန်မန်းနှင့် လှမ်း၍ကြဲပက်လိုက်ရာ 'အူး'ခနဲမြည်ကာ အသံနက်ကြီး ပျောက်ကွယ်သွားလေသည်။

စည်းဝိုင်းထဲမှ ကာလသားသတ္တိခဲများသည် ထရမလို၊ ထိုင်ရမလို ကြောင်အအဖြစ်နေစဉ် ဦးကုန္ဒာ သတိပေးချက်များကို အမှတ်ရကာ ကြောက်ကြောက်လန့်လန့်နှင့် ဆက်၍ငြိမ်သက်နေကြရပြန်သည်။

ထိုစဉ် ကျောက်စရစ်ခဲတွေ စည်းဝိုင်းအပြင်သို့ တဖျောဖျော ကျလာပြန်ရာ ဆန်မန်းနှင့် ကြဲလိုက်မှ ငြိမ်သက်သွားသည်။

"အူး . . ဝူး . . ဝူး . . ဝေါင်း"

"အူး"

"ဝုတ် . . ဝုတ် . . အူး . . အူး"

သချိုင်းထဲမှာ ကျက်စားနေကြသော တောခွေးရိုင်းအုပ် အူသံ။ ကြောက်ခွဲဖွယ်ရာ သံရှည်ဆွဲ၍ အူနေသောအသံ။ အသည်းတုန်ဖွယ်အသံ။

"ကျက်သရေ မရှိလိုက်တာကွာ"

"ဟုတ်ပ၊ သံရှည်ဆွဲပြီး အူနေရသေးတယ်၊ မသာကောင်တွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း . . ဒုန်း . . ဒုန်း"

"ဘုတ်"

"ဒိုင်း"

"ဘုတ် . . ဘုတ် . . ဝုန်း"

တောခွေးအူသံ ဆုံးသည်နှင့် မြေပြင်ကို ခဲများ ကျရောက်လာသံ၊ ချုံပုတ်များ၊ သစ်ပင်များကို ဟိုမှ သည်မှ ပစ်ခတ်သံများ ထွက်ပေါ်လာပြန်သည်။ မှောင်နှင့်မည်းမည်းမို့ မည်သည့်နေရာမှ ပစ်ခတ်နေမှန်း မသိရပေ။ စည်းဝိုင်းတွင်းသို့ မကောင်းဆိုးဝါးကောင်များ မဝင်လာစေရန် ဆန်မန်း မကြာမကြာ ကြဲပက်ရသေးသည်။

"ကဲဟေ့ တစ္ဆေတွေ ပြေးကြစမ်း"

"ပက်ကြဟေ့"

"ပက်ကြ၊ စည်းဝိုင်းနား မကပ်စေနဲ့"

ဆန်မန်းနှင့် ကြဲပက်လိုက်ရာ အသံတွေ ပျောက်သွားပြန်သည်။ အံ့ဩစရာကောင်းလှသည်။ ဆန်မန်းသည် အစွမ်းထက်လှလေသည်။

တောခွေးအူသံ၊ ကျေးငှက်တွေ တဝုန်းဝုန်း လန့်ပျံသံနှင့် အတူ ခဲလုံးတွေ တဝုန်းဝုန်း တဖျောက်ဖျောက် ကျလာသံများ ရပ်သွားသောအခါ စည်းဝိုင်းနှင့် ၁၀ ပေခန့်အကွာတွင် မြူတွေလိုလို၊ အရိပ်မည်းကြီးတွေလိုလို အရာများသည် ရွေ့လျားသွားလာကြပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . ဟိုမှာ. . . အရိပ်တွေ. . ."

"ဟုတ်တယ်၊ သရဲတွေကွ၊ လာကုန်ပြီ၊ လာကုန်ပြီဟေ့"

"အများကြီးပဲဟေ့၊ စည်းဝိုင်းနား ကပ်လာကြပြီ"

"ဆန်မန်းနဲ့ပက်"

ဤတွင် သုသာန်မြေတစ်နေရာမှ အဖျားတက်သလို တဟီးဟီး ညည်းညူသံကြီး ထွက်ပေါ်လာသည်။ သစ်ပင်ပေါ်က လိုလို ဇရပ်ပေါ်ကလိုလို မသဲကွဲ။ အသံနက်ကြီးသည် ပျောက် မသွားပေ။ သူကြီးသား ကိုအုန်းနက်က လက်နှိပ်ဓာတ်မီး ယူလာ သေးသည်။ သူကြီးသားဆိုတော့ ပစ္စည်းကောင်းကို ကိုင်နိုင်သည်။ အင်္ဂလိပ်မင်းက ချီးမြှင့်ထားသော ရှားရှားပါးပါး လက်နှိပ်ဓာတ်မီး ဖြစ်သည်။ ထိုဓာတ်မီးကို ဖခင်အလစ်ယူလာသော်လည်း ဦးဏ္ဍာ က သုံးခွင့်မပေးသဖြင့် မကျေမနပ် ဖြစ်နေသေးသည်။ သို့သော် မကျေနပ်မှုကို ထုတ်ဖော်မပြောရဲ။ ခုလို အရိပ်တွေ ပြေးလွှားနေ သည်ကို လက်နှိပ်ဓာတ်မီး ထိုးကြည့်လိုက်ပါက ကျကျနန သေ သေချာချာ မြင်ရမည် မဟုတ်လား။ ခုတော့ ဓာတ်မီးက ဦးဏ္ဍာ ဘေးမှာ ရောက်နေသည်။ မီးထိုးလိုက်လျှင် စည်းပေါက်သွားမည်။ မီးရောင်ကို ခြေရာခံလိုက်ကာ ပရလောကသားများ မီးစက်တွေ လွှတ်ပါက လူအုပ်စု ထိန်းမရဘဲ ဒုက္ခရောက်သွားမည်ဖြစ် ကြောင်း ရှင်းပြထားရသည်။

မကြာလိုက်ပါ။

စည်းဝိုင်းအတွင်း ချထားသော ကိုအုန်းနက်၏ လက်နှိပ်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်မီးကို တစ်စုံတစ်ယောက်က ဖျတ်ခနဲ လာယူသည်။ လူမမြင်ရပါဘဲလျက် လက်နှိပ်ဓာတ်မီးကြီး စည်းအပြင်ဘက်သို့ လေထဲမြောက်ပါသွားခြင်း ဖြစ်ပေသည်တကား။ ကိုမောင်မောင်မြင့်က လှမ်းဆွဲသော်လည်း မမီလိုက်ပါ။

"ဟင်"

"ဟာ"

"အို"

"လက်နှိပ်ဓာတ်မီးကို သရဲ ဆွဲသွားပြီဟေ့"

ကိုအုန်းနက်သည် ထိုအခါမှ သတိဝင်လာတာ လက်ထဲမှ ဆန်မန်းဖြင့် လှမ်းပစ်လိုက်သည်။ ထိုအခါ 'အူး' ဟူသော အသံနက်ကြီးဖြင့် အော်သံကြီး ထွက်ပေါ်လာပြီးနောက် လက်နှိပ်ဓာတ်မီးသည် စည်းအပြင်ဘက်မှ ၁၅ ပေခန့်အကွာ လေထဲမှ ပြုတ်ကျသွားသည်။ သို့သော် မည်သူမျှ စည်းကိုကျော်ကာ ထွက်၍ မကောက်ရဲ။ ဝိုင်းအပြင်သို့ မထွက်ရဲ။

ဦးက္ကန္ဒာ၏ ဂါထာရွတ်သံ ခပ်မှန်မှန် ထွက်ပေါ်လာသည်။ သူသည် ဂါထာကို ဥာန်ကရိုဏ်းကျကျ အာရုံညွှတ်ကာ မမှားယွင်းအောင် ရွတ်ဆိုနေရသည့်အပြင် တစ်စုံတစ်ခုဖြစ်ပါက အခြားသူများပါ အန္တရာယ်လွန်စွာ ကြီးမားနိုင်ကြောင်း သဘောပေါက်ထားသူလည်းဖြစ်သည်။

သချိုင်းမြေတွင် အရိပ်မည်းကြီးတွေ ပျောက်သွားပြန်သောအခါ ချုံပုတ်များကြားမှ တဖျတ်ဖျတ်မြည်သံနှင့်အတူ မီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မီးပန်းများသည် စက်ဝိုင်းပမာ ဝိုင်းပတ်ကာ စည်းဝိုင်းဆီသို့ တရွေ့ရွေ့တိုးကာ ရောက်လာကြပေပြီ။ မီးပွင့်များသည် အနံ့ခံကောင်းသော ခွေးများပမာ ချဉ်းကပ်လာခြင်းပင်။

"ဟာ ဘာတွေလဲဟေ့"

"မီးရောင်စုံတန်းကလေးတွေဟ၊ သရဲမီးတွေကွ"

"ကြည့်စမ်း၊ ရောင်စုံမီးတန်းကလေးတွေ ပတ်ချာလည်ပြီး တို့ဆီကို ရောက်လာကြပြီ"

တဖျတ်ဖျတ်လက်နေသော ဝါစိမ်းနီပြာ မီးပွင့်ကလေးများသည် မီးပန်းများကဲ့သို့လည်းကောင်း၊ အမွှေးတိုင်မီးကဲ့သို့ မီးညွန့်ကလေးများ တိုးလို့တန်းလန်းဖြင့်လည်းကောင်း ရွေ့လျားလာပြန်ကာ စည်းဝိုင်းအပြင်သို့ ချဉ်းကပ်လာကြပြန်လေသည်။ ကြည့်၍ပင် ကောင်းသေးတော့သည်။

သို့သော် စည်းဝိုင်းနားရောက်သည်နှင့် မချဉ်းကပ်နိုင်ဘဲ ကြောက်ဖွယ် ဝုန်းခနဲ ထတောက်ကာ တဖျတ်ဖျတ်မြည်ပြီး ပြန်ကွေ့သွားလေသည်။ အားလုံးက အထူးအဆန်းသဖွယ် မမြင်ဖူးသဖြင့် ငေးကြောင်ကြည့်နေကြလေသည်။ တုပ်တုပ်မျှပင် မလှုပ်ရဲကြချေ။

ဝိုင်းထဲမှ တစ်ယောက်က ဆန်မန်းဖြင့် လှမ်း၍ကြဲပက်လိုက်ကာမှ မီးညွန့်ကလေးများ ခပ်ဝေးဝေးသို့ ပြန်ဆုတ်သွားသည်။ ထိုအခါမှ အားလုံးသည် ဦးဣန္ဒာ ပြောပြသည့် 'မီးစုန်း' ဆိုသည်ကို သဘောပေါက်ကာ လက်တွေ့မို့ ရင်တထိတ်ထိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သံဘောပေါက် ယုံကြည်သွားကြ၏။ ထိုစဉ် မီးစက်များသည် ခပ်ဝေးဝေးရောက်သည်နှင့် ခဏချင်းမှာပင် တောင်ပံကျိုးသော ငှက်တွေလို တဖြုတ်ဖြုတ် ကျကုန်သည်။

"ဩော်. . မီးစက်ဆိုတာ ဒါကိုး"

"ဟုတ်တယ်၊ ခုမှပဲ မြင်ဖူးတော့တယ်"

ထိုစဉ် ကြောက်မက်ဖွယ်ရာ သွေးရူးသွေးတန်း အော်သံကြီးတစ်သံ ထွက်ပေါ်လာပြန်သည်။ သွေးပျက်ဖွယ် အသံနက်ကြီးဖြစ်သည်။

"အူး. . ဝူး. . ဝူး. . ဝါး. . ဝါး"

အော်သံနှင့်အတူ အရိပ်မည်းကြီးတွေ ရှုပ်ယှက်ခတ်ရောက်လာပြန်ကာ ခဲတွေ တဖွဲဖွဲ ကျလာလေတော့သည်။ ဂူကြိုဂူကြား၊ မြေပုံအကြိုကြားမှ မီးတောက်တွေ ဟုပ်ခနဲ ဟုပ်ခနဲ ထ,တောက်လာလေသည်။

"ဆန်မန်းနဲ့ ပစ်ကြဟေ့၊ ထိအောင်ပစ်"

ဦးဣန္ဒာမှအစ ကျန်လူတွေ ဆန်မန်းဖြင့် ဝိုင်း၍ပစ်ကြသည်။ မီးတောက်တွေ ချက်ချင်းပျောက်သွားသည်။ အုန်းပွဲမှဖယောင်းတိုင်မီး ကုန်ခါနီးတွင် မောင်သီဟသည် နောက်ထပ်ဖယောင်းတိုင်အသစ်တစ်တိုင် ထွန်းရလေသည်။ မီးထွန်းနေစဉ်ခွက်ပေါက်ဆီဇလုံကို လှမ်းကြည့်ရာ အပေါ်ဆုံးပန်းကန်လုံးထဲတွင် ဆီတွေ မရှိတော့ချေ။ ပန်းကန်လုံးကို ခံထားသော ဇလုံအောက်ခြေထဲသို့ ထိုးဖောက်ကာ စိမ့်ယိုဆင်းကျသွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်လုံးတွေမှောက်ရာ စောင်း၍ကျဆင်းသွားခြင်း မဟုတ်ပေ။ ထပ်ဆင့်စီထပ်ထားသော ပန်းကန်လုံးတွေ နေရာမပျက်။ လက်ရာမပျက်ဘဲ ဆီတွေ ပျောက်သွားကာ ဇလုံထဲသို့ ရောက်သွားခြင်းတလည်း ထူးဆန်းသောအရာ မဟုတ်ပါလား။ ခွက်ပေါက်ဆီဆိုတာ ဒါပါလား။

မောင်သီဟသည် ကိုထုံထိုင်းကို လှမ်း၍ပြောသည်။

"ပန်းကန်လုံးထဲမှာ ဆီတွေ မရှိတော့ဘူးဗျ၊ ကိုကြီးထုံထိုင်း"

ကိုထုံထိုင်းသည် ဇလုံကို လှမ်း၍ကြည့်လေသည်။

"အေးကွ၊ ဟုတ်တယ်၊ ခွက်ပေါက်ဆီဆိုတာ သေချာပြီပေ့"

• ကိုမိုးနက်က တီးတိုးသံဖြင့် ဝမ်းသာအားရစွာ. . .

"အောင်ပြီဟေ့၊ အောင်ပြီ"

သို့သော် မောင်သီဟသည် ခွက်ပေါက်ဆီတွေ ဇလုံထဲကျသွားသည်ကို မယုံကြည်ချင်သေး။ သို့သော် သရဲ တစ္ဆေတွေ ပရလောကသားတွေ သောင်းကျန်းနေသည်ကိုတော့ လက်တွေ့မို့ ယုံကြည်ချင်ပြီ။ သရဲဆိုတာလည်း ခဲတွေနှင့်ပစ်၊ အရိပ်မည်းကြီးတွေ ပြေးလွှားနေသည်ကိုသာ မြင်နေရသေးသည်။ အကောင်အထည် မတွေ့ရသေး။

ထိုအချိန်တွင် ဦးဣန္ဒာ၏ ခွက်ပေါက်ဆီမန်း အစီအရင်ပြီးသွားကာ ဂါထာမန်းမှုတ် အစီအစဉ်ကို ရပ်ကာ မေတ္တာပို့အမျှ

www.burmeseclassic.com



ဝေသည့်အခန်းသို့ ရောက်ရှိနေပေပြီကော။

ထိုအချိန်တွင် သချိုင်းမြေသည် ပကာတိငြိမ်သက် တိတ်ဆိတ်နေလေသည်။ တိတ်ဆိတ်ခြင်းသည်လည်း ချောက်ချားစရာ အမိပ္ပာယ်တစ်မျိုးပင်ဖြစ်သည်။

ဦးဣန္ဒာသည် ဂါထာရွတ်ဆိုမှု ရပ်ဆိုင်းပြီးလျှင်. . .

"ကဲပေ့ ခွက်ပေါက်ဆီ အစီအရင် အောင်မြင်ပြီပေါ့၊ အားလုံးမြင်တဲ့အတိုင်းပဲ၊ ဇလုံထဲကို ဆီတွေ ပေါက်ကျသွားပြီဆိုတာ မျက်မြင်ပဲ၊ ကိုထုံထိုင်း ဇလုံကို မပြီး ထွက်ပေတော့။ သူ့ကို ကျန်တဲ့လူတွေက ဝိုင်းရံပြီး အနှောင့်အယှက် မရှိအောင် စောင့်ရှောက်ကြ။ ဒီနေရာက အမြန်ဆုံး ထွက်ကြမယ်ပေါ့၊ ခပ်သွက်သွက်လုပ်ကြကွဲ့။ သချိုင်းထဲမှာ အစောင့်တွေ တော်တော်ကြမ်းနေကြပြီ၊ ဒီကောင်တွေ ဒေါသတွေ ထွက်နေကြပြီကွ။ မြင်တဲ့အတိုင်းပဲ၊ ပစ္စည်းတွေ မြန်မြန်သိမ်းကြပေ့၊ ခပ်မြန်မြန်လုပ်ကြ၊ မည်းမည်းမြင်တာနဲ့ ဆန်မန်းနဲ့ ပစ်ပြီးသာထွက်ကြ။ ကိုထုံထိုင်း ခွက်ပေါက်ဆီကို မှောက်မကျအောင် ဂရုတစိုက်ကိုင်နော်၊ အနှောင့်အယှက်တွေ ပိုများလာသလိုပဲ၊ ကျုပ်တို့ ခုချိန်မှာ သူတို့ပိုင်နက်ထဲမှာပဲ ရှိနေသေးတယ်ဆိုတာ သတိရပါ"

ခွက်ပေါက်ဆီ အောင်မြင်စွာ ရရှိပြီဆိုလိုက်သည်နှင့် စည်းဝိုင်းထဲမှ လူတစ်စု၏ မျှော်လင့်ချက်များသည် မိမိတို့ ရည်မှန်းရာ ဦးတည်ရာဆီသို့ ကိုယ်စီကိုယ်ငှ ပျံသန်းသွားကြသည်။ သူတို့၏မျက်နှာတွင် ပီတိများ၊ အနာဂတ်ရည်ရွယ်ချက်များသည်



www.burmeseclassic.com

www.burmeseclassic.com



မိုးဦးကျ မြက်ပင်များကဲ့သို့ လန်းလန်းရွှင်ကာ ထိုးထိုးထောင်ထောင် ဖြစ်လာကြသည်။ လူပျိုကြီး ကိုမောင်မောင်မြင့်သည် ဦးခေါင်းကြီး တခါခါ။ ပါးစပ်က နားရွက်ကားကားပေါ် တက်ချိတ်နေလျက် ပရလောကသားတွေ သောင်းကျန်းနေသောအချိန်မှာ ပင် အကြောက်အလန့်တွေ ပျောက်ပြီး တံတွေးကို မကြာခဏ မျိုချနေရသည်။ ကိုထုံထိုင်းကတော့ ခွက်ပေါက်ဆီဇလုံကို ကိုင်ကာ အံတကြိတ်ကြိတ် ဖြစ်နေသည်။

"နေနှင့်ဦးပေါ့ မိချိတ်ရယ်၊ ဟင်း. . ဟင်း. . တွေ့ကြသေးတာပေါ့"

ဟု လျှာကို သိမ်းနေ၏။

ကိုပေတိုးသည် တံတွေးကို ဂလုခနဲ မျိုချကာ ပြုံးနေသည်။ အပေါ်ရှေ့သွားနှစ်ချောင်းက နှုတ်ခမ်းရှေ့သို့ တဲအမိုးကဲလားကို တုတ်ဖြင့်ထောက် အဖီထုတ်သလို လန်ထွက်ပြီး မဖုံးနိုင်ဘဲ ငေါ်ထွက်နေသည်။ ထို့ကြောင့် မျက်နှာသည် အမြဲတမ်း ပြုံးနေသလို ထင်ရသည်။ အမှန်တော့ ပြုံးနေခြင်းမဟုတ်။ သွားစေ့၍ မရသောကြောင့်ဖြစ်သည်။

ကိုကျောက်ခဲသည် ဖျော့သောမျက်လုံးကို ပေကလပ်ပေကလပ်လုပ်ကာ စိတ်ကူးနှင့် ပစ်မှတ်ကို ချိန်ရွယ်ရှာဖွေနေဟန်ရှိသည်။ သူသည် တစ်ခါက ဖျာပုံမြို့ဈေးကလေးထဲမှ ဈေးသည်မငယ်ငယ် ညှိချောလေးကို အငမ်းလွန်ပြီး ချော်လဲကျလေသော မတော်ရာကို ကိုင်မိရာမှ လျော်ကြေးပေးရဖူးရာ ယခုခွက်ပေါက်ဆီ



www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးဖြင့် ဈေးသည်မလေးဆီမှ အရင်းရော အတိုးပါ ပြန်ရအောင် ကြံစည်နေရာ အစာနင်နေသော လင်းတအိုကြီးကဲ့သို့ ဦးခေါင်းကို တဆတ်ဆတ် တုန်ခါနေလေသည်။ ပါးစပ်မှ ကယောင်ကတမ်း တရွှတ်ရွှတ် မြည်နေပြန်သေးသည်။

"ဟင်း. . နေနှင့်ဦးပေါ့ကွယ်၊ ခွက်ပေါက်ဆီနဲ့ တွေ့ကြသေးတာပေါ့"

"ကိုင်း ကန်တော့ပွဲတွေသိမ်း၊ ထွက်ကြမယ်၊ သတိဝီရိယရှိစေ"

"ဟုတ်ကဲ့ ဆရာကြီး"

"ဂရုစိုက်ပါ့မယ် ဆရာကြီး"

အားလုံး တက်တက်ကြွကြွ အသံတွေ ဝေဝေစည်စည် ပြတ်ပြတ်သားသား။ ထို့နောက် ဦးဣန္ဒာက ရှေ့ဆုံးမှ ထွက်လေသည်။ ယခုချိန်တွင် မည်သည့်ပရလောက အနှောင့်အယှက်မှ မရှိသေးချေ။ သုသာန်မြေတစ်ခုလုံး ငြိမ်သက်လျက် ရှိလေသည်။ လရောင်ဖြာဝေ၊ ကြယ်စင်လက်လက်တွေ လင်းလင်းအောက်ဘက်ဆီတွင် မြေပုံမို့မို့ မှတ်တိုင် ခနော်ခနဲ့များ၊ အုတ်ဂူများကို ထင်ထင်ရှားရှား တွေ့မြင်နေရလေသည်။ မှတ်တိုင်တွေ ထိုးထိုးထောင်ထောင်။

ညသည် ဆက်လက်၍ မှောင်မိုက်နေဆဲပင်။ ခပ်သာသာ လှုပ်ရမ်းနေသော သစ်ပင်များသည် ရုတ်တရက် ငြိမ်သက်သွားသည်။ ထိုစဉ် သူတို့ နောက်ကျောဘက်ဆီမှ တဖျတ်ဖျတ် ထိုက်



www.burmeseclassic.com

www.burmeseclassic.com



လာသော ခြေသံတစ်စုံကြောင့် သူတို့ခြေလှမ်းများကို ရပ်တန့်လိုက်ကြသည်။

အားလုံး အံ့အားသင့်သွားသည်။ ခြေသံရှင်သည် အရပ်တစ်တောင်ခန့်သာရှိသည့် လူပုကလေးတစ်ယောက် ဖြစ်နေလေသည်။ သူသည် လရောင်နှင့် ကြယ်ရောင်တစ်ဝက် ရောထားသော အလင်းမှုန်မှုန်အောက်တွင် ပြောင်စပ်စပ်မျက်နှာဖြင့် ပြေးလိုက်လာခြင်းဖြစ်သည်။

"ဟိ. . ဟိ. . ဟိ"

သချိုင်းအထွက်မှာမို့ ကြောက်စိတ်လျော့ပါးနေချိန်။ အဆိုပါ တစ်တောင်ခန့်ရှိ လူပုကလေးကို ဆန်မန်းဖြင့် လှမ်း၍ ပက်လိုက်ရာ အီးခနဲအော်ပြီး ပျောက်ကွယ်သွားသည်။

"သရဲကွ၊ အရပ်နှစ်ပေလောက်ပဲ ရှိမယ်"

"မ◌ိ◌ာလား မသိဘူး၊ ဆန်နဲ့ပက်လိုက်တာ တစ်ခါတည်း ပျောက်သွ◌ားတာပဲ"

ထိုစဉ် သူတို့ရှေ့မှ ရုတ်တရက် လွှားခနဲ ခုန်ဝင်လာသော လူတစ်ယောက် ရောက်လာပြန်သည်။ ပထမဦးစွာ နောက်မှ လိုက်လာသော လူပုလေးပင် ဖြစ်သည်။ တစ်တောင်သာသာခန့်သာရှိသော လူပုလေးသည် ကြည့်နေရင်းမှာပင် အရပ်ကြီး တဖြည်းဖြည်းရှည်လာလေသည်။ အံ့သြဖွယ် ဆန့်ထွက်လာသည်။

သူတို့အားလုံး ကြောက်စိတ်ကို ချုပ်တည်းကာ ဆန်မန်းနှင့် ဝိုင်းဝန်းပက်ကြသောအခါ အားခနဲအော်မြည်ကာ ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားပြန်လေသည်။

သူတို့အားလုံး သချိုင်းမြေထဲမှာပင် ရှိနေသေးသည်။ ကျော်လွန်ဖို့ အလှမ်းဝေးပါသေးသည်။ ခပ်သွက်သွက်သွား၍ မဖြစ်။ ခွက်ပေါက်ဆီ မှောက်ကျမသွားဖို့ အရေးကြီးလေသည်။

သူတို့အားလုံး အတွေးကိုယ်စီဖြင့် အသံတိတ် လျှောက်လှမ်းနေကြစဉ် ရှေ့စူးစူး ချုံပုတ်ထဲမှ ဝက်ကလေးတစ်ကောင် ပြေးထွက်လာသည်ကို မြင်ရလေသည်။ အဖြူရောင်ဝက်ကလေး ဖြစ်သည်။

ဦးဣန္ဒာက. . .

"မြင်ကြသလားဟေ့၊ မြင်ကြသလား"

ဟု လှမ်းပြောစဉ် အားလုံးက. . .

"မြင်တယ် ဆရာကြီး၊ မြင်တယ်၊ မြင်တယ်၊ ဝက်ကလေး၊ ဝက်ကလေး၊ ဝက်ဖြူကလေး"

ဟု ဝိုင်းအော်ကြသည်။ ကြယ်ရောင်မှုန်ပျပျအောက်ဝယ် ဝက်ကလေးသည် သူတို့ရှေ့မှ ကန့်လန့်ဖြတ်ပြေးကာ တခြားချုံပုတ်ထဲသို့ ဝင်ရောက်သွားလေသည်။ ဝက်ကလေး ဝင်ရောက်သွားသော ချုံပုတ်မှာ စာစ်ထွာသာသာခန့်သာရှိသော ချုံပုတ်ကလေးဖြစ်သည်။ ဝက်တစ်ကောင် ပြေးဝင်ပုန်းခိုရန် မကြီးမားသော ချုံပုတ်ဖြစ်သော်လည်း ဝက်ကလေးက ထိုချုံထဲတွင် ဝင်ရောက်ပျောက်သွားခဲ့လေပြီ။

အားလုံး တုန်လှုပ်အံ့သြနေကြစဉ် ဝက်ကလေး ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပျောက်ကွယ်သွားသော ချုံပုတ်နောက်ဘက်မှ သစ်ပင်တစ်ပင်သည် ရုတ်ခြည်းဆိုသလိုပင် ယိမ်းထိုးလှုပ်ရှားလာလေတော့သည်။

အားလုံး ရှေ့မတိုး နောက်ပြန်မလှည့်သာဘဲ ရပ်တန့်ကြည့်ရှုနေဆဲမှာပင် လှုပ်ရှားနေသော သစ်ပင်ထဲမှ အမွေးထူထူနက်မှောင်သော လက်ကြီးတစ်ဖက် ထွက်လာလေသည်။

□

"ဟင်" "ဟယ်" "အို"

သူတို့ အံ့သြတကြီး ေးကြောင်နေစဉ် ထိုလက်မည်းမည်းအမွေးရှည်ကြီးသည် ဝါးလုံးတစ်လုံးစာခန့်မျှ ရှည်ထွက်လာကာ ခပ်ဝေးဝေး သချိုင်းမြေပုံ ငုတ်တိုင်တစ်ခုကို ဖြောင်းခနဲမြည်အောင် လှမ်း၍ချိုးပစ်လေသည်။

"ဖြောင်း"

ဖြောင်းခနဲမြည်သံနှင့်အတူ ငုတ်ကျိုးကြီးကို လူအုပ်ရှိရာသို့ လှမ်း၍ပစ်ပေါက်သည်။

"ဟာ ပစ်ပြီဟေ့"

သို့သော် လူတွေကို မထိ။ ခြေရင်းနှင့် တစ်လံကွာကွာသို့ ဝုန်းခနဲ ပြုတ်ကျလာသည်။ ထိုရှည်လျားသော လက်တံကြီးသည် လူအုပ်အလယ်တွင် ရောက်နေသော ခွက်ပေါက်ဆီဇလုံရှိရာသို့ တဖြည်းဖြည်း ရွေ့လာသည်။ အုန်းနက်သည် ရွေ့ဝင်လာသောလက်ကို လက်ထဲမှာ အသင့်ကိုင်ထားသော ဝါးရင်းတုတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချလိုက်ရာ လက်မည်းကြီး ပြန်ရုပ်သွားသည်။

"ပစ် . . . ပစ်"

"ဆန်မန်းနဲ့ပက်"

ဆန်မန်းနှင့် ဝိုင်းပစ်ပက်ကြပြန်သည်။ ထိုအခါ လက်မည်းကြီးလည်း 'ဟီး'ခနဲမြည်ကာ ပျောက်ကွယ်သွားလေသည်။ ဝက်ကလေးလည်း ပေါ်မလာတော့။ သစ်ပင်လည်း ငြိမ်သက်သွားသည်။

"ကဲ. . . သွားကြစို့ သတိနဲ့ နေကြပေ့"

ဦးဣန္ဒာသည် ရှေ့ဆုံးမှ ရဲဝံ့စွာ ထွက်လေသည်။ ခွက်ပေါက်ဆီဇလုံ ကိုင်ထားသော ကိုထုံထိုင်းကို ဝန်းရံကာ တဖြည်းဖြည်း ထွက်လာကြသည်။

သချိုင်းမြေသည် ဆက်လက်၍ လျှို့ဝှက်သိပ်သည်းမှုတို့ဖြင့် ငြိမ်သက်နေသည်မှာ မေ့ဆေးပေးထားသော တိရစ္ဆာန်ရိုင်းတစ်ကောင်နှင့် တူနေပေသည်။ သူတို့သည် သချိုင်းစပ်သို့ပင် ရောက်လာသည်။

ခြံစည်းရိုးစပ်ကို ဟိုးဝေးဝေးမှာ လှမ်းမြင်နေရပြီ။

အားလုံးရင်ထဲမှာ မျှော်လင့်ချက်အပျော်၊ ကြည်နူးမှုများဖြင့် ယှက်သန်းလာကြပြီ။ သချိုင်းမြေထဲမှ အောင်မြင်စွာ ဆုတ်ခွာဖို့ပဲရှိသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်ကျယ်လောင်လှသော ခြေသံ ဟိန်းဟိန်းညံညံကြီးများသည် သူတို့နောက်ကြောဘက်ဆီမှ ရုတ်တရက် ပေါ်လာလေသည်။ ခြေသံများသည် စုဝေးကာ လျှင်မြန်စွာ လျှောက်လာကြသော ခြေသံများဖြစ်သည်။

"ဟေး. . ဟေး. . ဟေး"

"ဟီ. . ဟီ. . ဟီ"

"ဝူး. . ဟား. . ဟား"

သူတို့အုပ်စုနောက်သို့ ထပ်ချပ်မကွာ လိုက်လာကြလေပြီ။

ဦးကုန္ဒာသည် အတွေ့အကြုံ ရင့်ကျက်သူပီပီ နားလည်လိုက်သည်။ သို့သော် သူလူတွေ ကြောက်လန့်ထိတ်လန့်မည်စိုး၍ တည်ငြိမ်စွာဖြင့်. . .

"ခြေသံတွေက တို့အုပ်စုထဲကလားကွ"

"မဟုတ်ပါဘူး၊ ဆ. . ဆရာ. . ဆရာကြီး"

လူပျိုကြီး ကိုမောင်မောင်မြင့်၏အသံ တုန်တုန်ယင်ယင်။

သူတို့ ရပ်တန့်စောင့်ဆိုင်းကာ ရင်ဆိုင်ရန် ပြင်ဆင်လိုက်ကြသည်။ မှုန်ပြပြ ကြယ်ရောင် လရောင်ကြောင့် သူသာန်ကုန်းသည် ထင်ထင်ရှားရှား မြင်နေရသည်။ အကြောင်းစုံ သိလိုက်ကြပြီ။ သူတို့နောက်သို့ လိုက်လာကြသူများသည် လူသုံးယောက်။ တိတိကျကျပြောရလျှင် မိန်းမတစ်ယောက်နှင့် ယောကျ်ား နှစ်ယောက်ဖြစ်သည်။

ဦးကုန္ဒာသည် တစ်ချက်မျှ တွေဝေသွားသည်။ မှော်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ကုပ်လိုက်သည်။ ဘယ်သူတွေလဲ။ ဘာလို့ ထပ်ပြီးလိုက်လာကြ ပြန်တာလဲ။

"ဟေး. . ဟေး. . ဟေး"

လိုက်လာသူသုံးယောက် တဖြည်းဖြည်း နီးကပ်လာသည်။ ဦးဣန္ဒာသည် သူ၏ ပယောဂအတတ်ပညာနှင့် စစ်ဆေးကြည့်လိုက်သည်။ အကြောင်းစုံ သိလိုက်ပြီ။ နှုတ်ခမ်းတစ်ချက်တွန့်သည်။ စိတ်ကို ထိန်းသည်။ သမာဓိကို ထူထောင်သည်။ လောလောလတ်လတ် သေသွားသည့် ပရကောင်တွေပါလား။

"လူတွေမှ မဟုတ်ဘဲ နာနာဘာဝကောင်တွေ၊ ခွက်ပေါက်ဆီကို လိုချင်လို့ လုယက်ဖို့ လိုက်လာတာ၊ ဒီသချိုင်းထဲမှာ အထက်ဆုံး၊ အစွာဆုံး ကျွတ်လွတ်ဖို့ မလွယ်ကူသေးတဲ့ကောင်တွေ"

ပြင်းထန်သော တဖုတ်ဖုတ်ခြေသံများနှင့်အတူ ရှေ့ဆုံးမှ ပြေးလိုက်လာသောအကောင်မှာ ခေါင်းပြတ်ကြီးဖြစ်သည်။ ခေါင်းပြတ်နှင့် ခန္ဓာကိုယ်ကြီးသည် ခြေကားရား လက်ကားရားဖြင့် ပြေးလိုက်လာလေပြီ။

"တိုက်"

"အောင်မယ်လေး"

"ခေါင်းပြတ်သရဲ"

အားလုံး တုန်လှုပ်သွားကြသည်။ ဆိုးဝါးနံစော်သော အပုပ်နံ့ကြီးတစ်ခု လေထဲတွင် စီးမျောပါလာပြီး ခဏအကြာတွင် လည်ပင်းကြီးတန်းလန်းနှင့် မိန်းမ။ ထိုမိန်းမနောက်မှ ပွင့်ရောင်း



www.burmeseclassic.com

www.burmeseclassic.com



ယောင်း ဖောသွပ်သွပ် ဖြူဖတ်ဖြူလျော် ခန္ဓာကိုယ် အတ္တဘောကြီးနှင့် အဘိုးကြီးတစ်ယောက်။

"ရေနစ်သေတဲ့လူနဲ့ ကြိုးဆွဲချသေတဲ့မိန်းမဗျ"

"လိုက်လာကြပြီဟေ့"

❑

သူတို့အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကာ ရင်ဆိုင်ရန် အသင့်ပြင်ဆင်လိုက်ကြသည်။ လည်ပင်းကြီးတန်းလန်းနှင့် မိန်းမသည် လက်နှစ်ဖက်ကို ရှေ့ကို ဆန့်ထုတ်ကာ ဒေါသတကြီး ပြေးဝင်လာခြင်းဖြစ်သည်။ သူတို့ ထွက်ပြေးရန် မကြိုးစား။ ထွက်ပြေးလျှင် ရှုံးပြီ။ အသက်အန္တရာယ်ရှိမည်ကို သိရှိသဘောပေါက်ထားကြပြီဖြစ်သည်။

ခေါင်းပြတ်နှင့် တစ္ဆေသည် ယိုင်ထိုးထိုး ပြေးလာသလို မိန်းမကလည်း လည်ပင်းကြီး လိမ်စောင်းကာ စောင်းကန်းစောင်းကန်း လိုက်လာခြင်း ဖြစ်သည်။ နောက်ဆုံးမှ လိုက်လာသည့် အဘိုးကြီးကတော့ တစ်ကိုယ်လုံး ဖောယောင်ပွသွပ်ကာ ရေစက်တွေ တစက်စက်ယိုကျပြီး လက်ကြီးနှစ်ဖက် မြှောက်ကာမြှောက်ကာ လိမ်ဖည် လိမ်ဖည် လိုက်လာသည်။

"ဟင်း. . ဟင်း. . ဟင်း"

"ဟေ့ ဆရာပြောတဲ့ ဥပစ္ဆေဒကကံနဲ့ ခုတလော သေသွားတဲ့ လူသုံးယောက်လေကွာ၊ သူတို့က ဆရာတို့ အောင်မြင်စွာယူသွားတဲ့ ခွက်ပေါက်ဆီကို လုယူရအောင် လိုက်လာကြတာပဲကွဲ့၊



www.burmeseclassic.com

www.burmeseclassic.com



လူသားတွေ လက်ထဲအပါမခံဘူး"

"ဟုတ်တယ်၊ ဟုတ်တယ်၊ လောလောလတ်လတ် သေဆုံးသွားတဲ့ လူသုံးယောက် သေချာတယ် ဆရာ၊ သရဲတွေ ဖြစ်ကုန်ကြပြီး အစိမ်းသေ သေတဲ့သူတွေ ဆရာ လုပ်ပါဦး"

"အေး ဟုတ်ပြီ၊ မင်းတို့ သတိဝီရိယနဲ့ လျှောက်နှင့်ကြ၊ ငါနဲ့ မောင်သီဟနဲ့ နောက်က လိုက်လာကြမယ်ဟေ့၊ ဆန်မန်းတွေကို လက်နဲ့ဆုပ်ထား၊ မည်းမည်းမြင်ရင် ပစ်သာထည့်လိုက်၊ ဒီကောင်တွေ ဆန်မန်းကို ကြောက်ကြတယ်။ တို့ သချိုင်းအစပ်ကို ရောက်နေပြီ၊ သူတို့ကျော်ပြီး လိုက်မလာနိုင်ပါဘူး၊ ဒီနေရာမှာ ဆန်မန်းနဲ့ စည်းတားထားလိုက်မယ်"

ဦးဣန္ဒာနှင့် မောင်သီဟသည် အုပ်စုနှင့် ချန်နေရစ်ကာ သချိုင်း စပ်တွင် ဆန်မန်းကြဲ၍ စည်းတားလိုက်လေသည်။

နာနာဘာဝသုံးကောင်သည် တဖြည်းဖြည်း နီးကပ်လာလေပြီ။ ရှေ့ဆုံးမှ ပြေးလာသော ခေါင်းပြတ်ကြီးသည် ခန္ဓာကိုယ်ကြီး တွန့်လိမ်ကာ လက်ကားရား ခြေကားရားနှင့် ချဉ်းကပ်လာလေပြီ။ သူ၏ဘေးမှ အမျိုးသမီးသရဲမကလည်း လည်ပင်းကြီးလိမ်စောင်းကာ လှုပ်လီလှုပ်လဲ့ဖြင့် လည်ပင်းမှ ကြိုးကြီးတန်းလန်းကို လက်တစ်ဖက်မှကိုင်ကာ ခါရမ်းလျက်။ နောက်ဆုံးမှ အဘိုးကြီးသည် သူ၏ ခန္ဓာကိုယ် ပွယောင်းယောင်း ဖောသွပ်သွပ် ဖောင်းကားကား ရေစက်စက်ကျနေသည့် ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင်သယ်ကာ သွေးရူးသွေးတန်း ပြေးလိုက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဣန္ဒာသည် သင်္ချိုင်းရေယာကို စည်းတားလိုက်သည်။ ဆန်မန်းဖြင့် တားလိုက်ခြင်းသာ ဖြစ်သည်။ မောင်သီဟသည် လက်ထဲတွင် ဆန်မန်းအပြည့်ကိုင်ကာ သတိနှင့် စောင့်နေသည်။

"မောင်သီဟ စည်းအပြင်ကနေ ဆန်မန်းနဲ့ပစ်တော့"

မောင်သီဟသည် အနီးကပ်လာပြီဖြစ်သော နာနာဘာဝ သုံးကောင်ကို ဆန်မန်းနှင့် ဆီး၍ပက်လေသည်။

"အူး"

"ဝူး"

"အား"

နာနာဘာဝသုံးကောင်စလုံး အလဲလဲအပြိုပြို ဖြစ်သွားသည်။ ရုတ်ခြည်းအခြေအနေက ပြောင်းလဲသွားလေသည်။ အံ့ဩဖွယ်ကောင်းလောက်အောင် ပြောင်းလဲသွားခြင်းဖြစ်သည်။

ဆန်မန်း ထိမှန်သွားသော နာနာဘာဝများသည် မြင်ကွင်းရှေ့မှာပင် တဖြည်းဖြည်း သေးငယ်ကာ ကျုံ့ဝင်သွားသလို နိမ့်ဆင်းသွားသည်။ ပုံသဏ္ဍာန်ပြောင်းသွားသည်။

"ကြည့်နေ၊ ဒီကောင်တွေ တစ်ခုခုဖြစ်သွားလိမ့်မယ်၊ မောင်သီဟ"

မှန်ပေသည်။ ဦးဣန္ဒာ ပြောသလိုပင် နာနာဘာဝ အကောင် သုံးကောင်အနက် ခေါင်းပြတ်သရဲသည် ခွေးနက်ကလေးတစ်ကောင်အဖြစ်သို့လည်းကောင်း၊ လည်ပင်းကြီးတန်းလန်းနှင့် မိန်းမသည် မြွေနက်တစ်ကောင်အဖြစ်သို့လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဖောသွပ်သွပ်အဘိုးကြီးသည် ကြောင်နက်တစ်ကောင်အဖြစ်သို့ လည်းကောင်း ပြောင်းလဲသွားကာ နီးစပ်ရာ ချုံထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။

"လာဟေ့ မောင်သီဟ၊ ရှေ့ကအုပ်စုကို မီးအောင် လိုက်ကြရအောင်"

"ဟုတ်ကဲ့ ဆရာကြီး"

သို့သော် ရွာထဲသို့ ဝင်လိုက်သည်နှင့် ဦးဣန္ဒာနှင့် မောင်သီဟ မမျှော်လင့်သော သတင်းကို ကြားလိုက်ရသောအခါ-

□

သူကြီး ဦးလှဘူး၏အိမ်ရှေ့ကွပ်ပျစ်နှင့် မြေပြောင်ပြောင်တွင် သုသာန်မှ ပြန်လာသော ကာလသားတစ်သိုက်သည် မည်သူမျှ စကားမဆိုနိုင်ဘဲ သစ်တုံးတွေလို ရေငုံနှုတ်ပိတ် ငြိမ်သက်နေကြလေသည်။

အချို့ ခွေခေါက်လဲပြိုလျက်။

အချို့ အစာရေစာ ငတ်မွတ်နေသော လင်းတအိုကြီးတွေလို လည်ပင်းကြီးတွေ လိမ်စောင်းလျက်။

အချို့ မျက်စိအကြောင်သားနှင့် တိုင်ကိုမှီလျက်။

အချို့ အစာရေစာ မဝတဝ စားရသော မိကျောင်းကြီးတွေလို ပါးစပ်ကြီးတွေ ဟစိ ဟစိ ဖြစ်လျက်။

"ရွာထဲဝင်ခါနီး ချောင်းကူးတံတားဆီရောက်တော့ လူအကိုင်ဝါးလုံးတန်းကို ညနေက ရွာဦးကျောင်းက ကိုရင်ငွေ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ကြတုန်းက ကျိုးနေတာတဲ့။ သူတို့ ခုန်ပေါက်ဆော့လို့ ကျိုးကျသွားတာပါ။ အဲဒါ ကိုရင်တွေက သူတို့ကို ဆူမှာစိုးလို့ ကျိုးသွားတဲ့ ဝါးလုံးတန်းကို လက်သည်ပျောက် တွေဆက်ကလေး လုပ်ထားခဲ့ကြတယ်၊ အဲဒီဝါးလုံးတန်းက ကိုထုံထိုင်းတို့ ဖြတ်ကြတော့ ပထမဦးဆုံး ကိုထုံထိုင်းက ဖြတ်တာပါ၊ သူ့လက်ထဲမှာ ခွက်ပေါက်ဆီဇလုံကို ကိုင်ထားတာလေ။

အဲဒီမှာတင် ဝါးလုံးကျိုးပြီး ကိုထုံထိုင်းလည်း ရေထဲ ပြုတ်ကျ၊ ခွက်ပေါက်ဆီဇလုံလည်း မှောက်ပြီး ရေစီးသန်လှတဲ့ ချောင်းရေထဲ မျှောပါသွားတယ်။ လုံးဝဆယ်မရတော့ဘူး လုံးဝ”

သူကြီးသား ကိုအုန်းနက် နတ်သံနှော၍ ရှင်းလင်းချက်။

အားလုံး ရေငုံနှုတ်ပိတ်၊ စကားပင် မဆိုနိုင်ရှာ။

ကိုထုံထိုင်းသည် မျောက်အိုကြီးလို မှိုင်နေဆဲ။

ဦးဣန္ဒြသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ အနည်းငယ် စဉ်းစားဟန်ပြုပြီး အားလုံးကိုခြုံ၍ ကြည့်လိုက်မိသည်။ ကာလသားအားလုံး စိတ်ဓာတ်ကျနေကြသည်။ သူတို့၏ အာရုံထဲတွင် သူတို့ ရည်ရွယ်ချိန်ရွယ်ထားကြသော သက်ဆိုင်ရာ အမျိုးသမီးတို့၏ ပြောင်လှောင်ရယ်မော ဟားတိုက်သံကို ကြားယောင်နေကြပေလိမ့်မည်။

သူတို့သည် မီးခိုးမှိုင်းကျ၍ မြေပြင်သို့ တရွေ့ရွေ့ သက်ဆင်းလာသော မီးပုံးပျံလို. . .။

မုန်တိုင်းတိုက်ပြီးခါစ လယ်ကွင်းထဲမှ ဖက်ကျိုးကျနေ



www.burmeseclassic.com

www.burmeseclassic.com



သော စပါးပင်တွေလို. . .။

ရေခန်းမြစ်ထဲမှ ငါးတွေလို. . .။

ထန်းလည်ဆစ်ကျိုး၊ လျှော်ပိုးထိုးဘာဝတွေလို ငိုက်စိုက်ကျကျန်ကာ ငြိမ်သက်တိတ်ဆိတ်နေကြပေသည်။ ထိုစဉ်. . .။

ဦးဣန္ဒာ၏ တည်ငြိမ်အေးချမ်းသောအသံက ကြည်လင်စွာ ထွက်ပေါ်လာသည်။

“ဒါ အမှောင့်ပယောဂ နှောင့်ယှက်မှုကြောင့် မဟုတ်ဘူးကွဲ့။ မိမိရဲ့ နမော်နမဲ့ မဆင်ခြင်မှု လောကြီးမှုကြောင့်ပဲ ဖြစ်ရတာ၊ ကံတရားကြောင့် ဖြစ်ရတာ။ အင်း. . စိတ်မပျက်ကြပါနဲ့ကွယ်၊ ဒုတိယအကြိမ် ထပ်ပြီးကြိုးစားကြတာပေါ့”

□□□

စာညွှန်း

ခွက်ပေါက်ဆီမန်းအကြောင်းကို ပြောပြတော်မူသော အင်းစိန်မြို့၊ မဟာသံ့သာရ ဘုရားကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ (ပထမကျော်၊ ဓမ္မာစရိယ၊ B.Sc)အား ရိုသေစွာ ပူဇော်ကန်တော့ပါသည်။

မင်းဘုန်းသိခ်သူ

□□□



www.burmeseclassic.com

www.burmeseclassic.com



# ညောင်ငုတ်တစ်ထောင်သင်္ချိုင်းက သဘက်ကြီး

အမှန်တော့ ဒီအကြောင်း ဒီအဖြစ်အပျက်တွေကို ဒေဝ ဘယ်သူ့ကို ဘယ်တုန်းကမှ ဟိုစကား ဒီစကားပြောရင်း စကား အလျဉ်းသင့်လို့တောင် တစ်စွန်းတစ်စ ယောင်လို့မျှ မပြောမိခဲ့ပါ ဘူးရယ်။ ဒါကလည်း ဒေဝရဲ့ အကျင့်ဝသီလို့ ပြောလို့ရတယ်။ ပြောရရင် ဒေဝက ခုမှမဟုတ်ဘူး။ ဟိုးငယ်စဉ်ကလေးရွယ်

**အရှေ့ဘက်ကောင်းကင်**

www.burmeseclassic.com

www.burmeseclassic.com



တည်းက စကားနည်း အေးဆေးတဲ့သူ။ ဆိုရရင် သူ့ရဲ့ဇာတိချက်ကြွေ ညောင်ငုတ်တစ်ထောင်ရွာမှာမပြောနဲ့ အနီးဆုံးမြို့လေးတွေဖြစ်တဲ့ ပဒါန်းတို့ မင်းလှတို့ မြို့ပေါ်တက်ရင်တောင် အဖော်အပေါင်းနဲ့တွေ့လို့ ကြံ့ရာဆိုင်မှာ တစ်ခွက်တစ်ဖလား စကားစမြည်ပြောကြ သောက်ကြ စားကြရင်တောင် ဆိုင်ထဲရောက်လို့ခုံမှာ ထိုင်မိကတည်းက ဝိုင်းသိမ်းပိုက်ဆံရှင်းတဲ့အထိ အခြားလူတွေကသာ အရည်လေး လျှာဆွတ် အာဆွတ်လာရင် စကားတွေ ဟိုတောရောက် ဒီတောင်ရောက် ပေါင်ပေါင်သီးများဖောက်သလို ရေပက်မဝင်ရင်သာ ရှိရမယ်။ ဒေဝက သူ့ခွက်သူ့အလှည့် သူ့ရှေ့က ဖန်ခွက်ထဲ အရက်ငှဲ့ထည့်လိုက် အမြည်းတစ်ဖတ်တစ်ဖွန်း ဝါးစားလိုက်၊ ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးမီးခိုးတထောင်းထောင်းထအောင် ဖွာလိုက်နဲ့ တကယ့်တုံးကျိုဘာဝေမှ တုံးကျိုဘာဝေရယ်။ လောကမှာ လူရယ်လို့ဖြစ်လာရင် ပုထုဇဉ်တွေက ပုထုဇဉ်လောဘတွေ၊ ဣဿာမစ္ဆရိယတွေ၊ မြှုသိပ်ထားတာတွေ၊ လောကကြီး ဘဝကြီးကို မကျေနပ်တာတွေ၊ ပေါက်ကွဲမှုတွေ၊ ခေါင်းစဉ်တပ်ရခက်တဲ့ အမည်မျိုးစုံနဲ့ ပေါက်ကွဲပြကြ၊ ရင်ဖွင့်ပြကြ၊ ပွင့်အန်ပြကြနဲ့ ပုလင်းကွဲ၊ လူကွဲပြီး အချုပ်ထဲရောက်၊ ရွာလူကြီးဆီ ထိပ်တုံးခတ်ရောက်နဲ့ ပုထုဇဉ်တွေပီပီ ဒုနဲ့ဒေးရယ်မို့လား။ ဒေဝက အဲသလို လူတန်းစားထဲ မပါဘူးရယ်။

မပါလို့ ဒေဝကို သာမန်ပုထုဇဉ် အန္ဓပုထုဇဉ် ဘဝကနေတစ်ဆင့်တက် မြင့်မားတဲ့သောတာပန်အဆင့်လောက်ထိ တွေး



www.burmeseclassic.com

www.burmeseclassic.com



ထင် ယူဆမနေနဲ့။ စူဠသောတာပန်တို့ မဟာသောတာပန်တို့ အဆင့်ဆိုတာ ဒေဝတစ်သက် သူ့အသက်ပဲ လေးဆယ်ကျော် ငါးဆယ်နီးနေပြီ။ ယောင်လို့ပေါင်လို့တောင် မကြားဖူးခဲ့ဘူး။ ကြားဖူးရအောင်လည်း ဒေဝက ဘုရားစေတီပုထိုး မပြောနဲ့ ရွာကျောင်းဘုန်းကြီးတောင် သက်တော် ဘယ်လောက်ရှိလို့ ဝါတော် ဘယ်ဘယ်လောက်မှန်းတောင် ရေရေရာရာ ကွဲပြားတာ မဟုတ်ဘူး။ မကွဲပြားဆို ဒေဝ ဒီအသက်ရွယ်တစ်လျှောက် ဘုန်းကြီးကျောင်း မပြောနဲ့၊ ကျောင်းဝိုင်းရှေ့က ရွာလမ်းတောင် တစ်သက်တစ်ကိုယ် ဖြတ်လျှောက်ဖူးတာ မဟုတ်ဘူး။ ရွာအနောက်ဖျားအစွန်က သုသာန်ကုန်းကြီးနဘေးက သူ့တဲကုပ်ထဲကနေ ရွာထဲတောင် ရံဖန် အရက်လိုမှ၊ စားသောက်စရာ ဟင်းလျာလိုမှ ထွက်တတ်တဲ့သူရယ်။ တစ်ခါခါ သူ့တဲမှာ ဒေဝ ရှိတောင်မှ ရှိရဲ့လားလို့ ရွာကတောင် သတိမပြုမိဘူး။ ဒေဝရဲ့ မွေးရာပါ အကျင့်စရိုက်ကိုက ရွာနဲ့ လူတွေနဲ့ ခပ်ကင်းကင်း ခပ်ရှင်းရှင်း နေတတ်တဲ့သူဆိုတော့ ရွာကလည်း အကြောင်းသိ အတွင်းသိ အဆင်းသိဆိုတော့ ရွာက အလှူပွဲလမ်းတောင် ဖိတ်ချင်မှ ဖိတ်တာရယ်။

အဲ. . . တစ်ခုတော့ရှိတယ်။ ထူးခြားတာ။

ဒေဝကို ရွာမှာပြုလုပ်တဲ့ ဘယ်အလှူ ဘယ်ပွဲလမ်းသဘင်မှ မဖိတ်မပြုကြလို့ ဒေဝရဲ့မျက်နှာ မပြောနဲ့၊ ဖိနပ်သဲ တောင် မကြားရပေမယ့်လည်း ညောင်ငုတ်တစ်ထောင်ရွာမှာ ဟိုးရွာဖျားကနေ ရွာအနောက်ကုန်းထိ ဘယ်သူ့အိမ်မှာ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဘယ်လိုဆုံးပါးသွားပြီဆိုတဲ့သတင်းကို ကြားတာနဲ့ ဒေဝတစ်ယောက် လူအကောင်လိုက် အရှင်လတ်လတ်ကြီး သူ့ဝသီအကျင့်စရိုက်အတိုင်း ပုဆိုးကွက်တုံးကြီးတိုတိုနဲ့(တစ်ခါခါ ရှမ်းဘောင်းဘီအနက်ကြီးနဲ့) ဘယ်သူမှ မဖိတ်မကြားရပါဘဲ ဆိုင်းမဆင့်ဗုံမဆင့် လောစပီကာနဲ့ မအော် မခေါ်ရပါဘဲ ဒေဝခြေလှမ်းကျဲကြီးတွေနဲ့ ရောက်ချ ပေါက်ချလာတော့တာပဲ။ ဒါကို လူတွေက အံ့ဩနေတာ။

ဘယ်သူ ဘာရောဂါနဲ့ ဘယ်နေ့ ဘယ်အချိန် ဘယ်အိမ်မှာ သေပြီဆိုတာကို ရွာအနောက်ဖျား သုသာန်တုန်းကြီးအစပ်မှာ တစ်ဦးတည်း အိမ်သူသက်ထား ဇနီးမယား သမီးသားတွေမရှိပါဘဲ တစ်ကိုယ်တည်းနေတဲ့ ဒေဝ ဘယ်လိုလုပ်ပြီး သိသလဲ ပေါ့လေ။ ဒါကို အံ့ဩနေတာ။ ထူးဆန်းနေကြတာ။

အဲ. . ဒါပေမဲ့ ဒီအကြောင်း ဒေဝကို မေးလည်း မမေးရဲဘူး။ ပြောလည်း မပြောရဲဘူး။

ဒေဝ အသုဘအိမ်ကို ရောက်လာပြီဆိုတာနဲ့ ဒေဝ ထိုင်တဲ့နေရာ ကုလားဖျဉ်းတဲကြီးရဲ့ ဘယ်နေရာပဲဖြစ်ဖြစ် အရက်ပုလင်းနဲ့ အမြည်းပန်းကန်ကြီး ပြင်ဆင်ပြီး ဧည့်ဝတ်ပြုကြရတာပဲရယ်။ ဒေဝက အဲလို သူ့ကို အသုဘရှင်က ဧည့်ဝတ်ပြုလာရင် ခေါင်းတစ်ချက်ညိတ်ပြပြီး သူကြိုက်တဲ့ ဖက်ဖြူဆေးပေါ့လိပ်ကြီး တဖွားဖွားနဲ့ ကုလားဖျဉ်းတဲကြီးရဲ့ထိပ်မှာ မိန့်မိန့်ကြီး ထိုင်နေတော့တာပဲရယ်။ အဲဒီအခါကျ ဒေဝ မလာခင် အသုဘအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သောက်စားနေကြတဲ့ ဖဲရိုက်နေကြတဲ့ အရက်သမား၊ ဖဲသမား တွေဆိုတာ တီကောင် ဆားနဲ့တွေ့သလို မီးကိုရေနဲ့ဖြန်းလိုက် သလို နွားများ တင်းကုပ်ထဲရောက်လို့ နွားစာခွက်ရှေ့ရောက် သလို အားလုံးငြိမ်မဲ။ ရှုခနဲပဲ။

ဒေဝကို အဲသလောက် ရှိန်ကြတယ်။ အမ်းကြတယ်။

ဒေဝရဲ့ ထူးခြားမှုကို ပြောပြတာပါ။ အသုဘအိမ်ရဲ့ ကုလားဖျဉ်းတဲကြီးထိပ်မှာ ဒေဝ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီး မီးခိုးထောင်းထောင်းထအောင် ဖွာလေ၊ ရှိသမျှ ဖဲသမား အရက် သမားတွေ နားရွက်တောင် မခတ်ရဲဘဲ ငြိမ်လေပဲ။ ဘာပြုလို့လဲ ဆိုတော့ ဒေဝက အမြဲတမ်း လူတွေနဲ့ စကားမပြောဘဲ တုံဏှိ ဘာဝေနေလေ လူတွေက ပိုပြီးရှိန်ကြ ကြောက်ကြလေပဲ။

လောကမှာ ရှိတယ်မို့လား။

ကားတွေ တွေ့ကရာ ကြုံရာမှာ ပေါင်ဖွာဖွာ ကျယ် လောင်လောင် ရေပက်မဝင် ပြောတတ်တဲ့သူတွေနဲ့စာရင် ဘာ စကားမှ မပြောတဲ့၊ မပြောတတ်တဲ့ ပြောလေ့ ဆိုလေ့ မရှိတဲ့သူက ပိုပြီးကြောက်စရာ ကောင်းတယ်ဆိုတာ။ ဒေဝက အဲသလိုလူ။

ပြောရရင် မြွေပွေးလိုလူ။

လူတွေ ဒေဝကို ပိုပြီးအလန့်တကြား ရှိန်ကြ အမ်းကြ ကြောက်ရွံ့ကြတာက ဟုတ်,မဟုတ်တော့ မသိပေမဲ့ ဒေဝက အောက်လမ်းအတတ်၊ မှော်အတတ် တတ်တယ်ဆိုလို့ပဲ။ ပြောရ ရင် စုန်း၊ ကဝေ၊ မှော်အတတ်တွေ လောကီနဲ့ ပတ်သက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အောက်လမ်းပညာတွေတတ်ပြီး လိုအပ်ရင် လိုသလို တစ္ဆေသရဲတွေ သဘက်တွေကိုတောင် ခိုင်းစားနိုင်တယ်လို့ ယုံကြည်နေကြတာပဲ။

□

အဲဒါကလည်း ပြောရရင် အရှည်ကြီး။

ဒေဝ ဟိုးငယ်စဉ်ကလေးဘဝ စပြီး သူ့အမေကြီးဒေါ်နက်ထည်ရဲ့အကြောင်းကနေ ရာဇဝင်ချီပြီး ဆွေစုမျိုးစုတွေက စလို့ ညောင်ငုတ်တစ်ထောင်ရွာ စပြီးတည်တာက စပြောပြမှ ဇာတ်ရည်လည်မဲ့သဘော။ ရာဇဝင်အူပေါက် ရှည်လျားထွေပြားစွာနဲ့ တစ်ထောင့်တစ်ညပုံပြင်တွေ၊ ဗာရာဏသီပုံပြင်တွေလို ဒေဝ ငယ်စဉ်မွေးကတည်းက ရာဇဝင်ချီပြီး ပြောပြရမှာ။ (နောက်ဝတ္ထုတွေမှာတော့ ဒေဝရဲ့ဘဝဇာတ်ကြောင်းနဲ့ ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်တွေ၊ လောကီပညာအတတ်တွေနဲ့ ပတ်သက်ပြီး ဒေဝရဲ့ အတွေ့အကြုံ ဖြတ်သန်းမှုတွေကို တစ်စွန်းတစ်စလောက် ရိပ်ဖမ်းသံဖမ်း ပြောပြောပြသွားရင် ဒေဝရဲ့ရုပ်လုံးကတစ်စစ ပီသလာပြီး စာဖတ်သူတွေ မျက်လုံးထဲ အကွင်းလိုက်အကွက်လိုက် မြင်လာမှာပါ။ ခုပြောပြမှာက ဒေဝရဲ့ ဘဝအဖြစ်ပျက်တွေထဲက ညောင်ငုတ်တစ်ထောင်ရွာမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်လေးတစ်ခုရယ်ပါ။ စကားချပ်)

အမှန်တော့ ခုနပြောပြခဲ့သလို ဒေဝကို လူတွေက သူ့ဘာသာသူ အလိုလိုနေရင်း ထိတ်လန့်ကြ၊ ရှိန်ကြ၊ ကြောက်ပြန့်



www.burmeseclassic.com

www.burmeseclassic.com



ကြပေမယ့် ဆိုခဲ့သလိုပဲ ဒေဝက နဂိုတည်းက တုံးဏှိဘာဝေ ဘာစကားတစ်ခွန်းမှ နှုတ်ကနေ ဖွင့်ဟပြောတာမရှိပါဘူး။ သူ့စရိုက် သူ့အကျင့်အတိုင်း သူ့ဘာသာသူ နေတာပါ။

ဒါပေမဲ့ ခုနပြောပြခဲ့သလို ရေမြွေတို့၊ မြွေပဒုတ်တို့၊ မြွေဟောက်တို့လို ပါးစပ်ထဲမှာ အဆိပ်ကလေး နည်းနည်းပါးပါး ရှိတဲ့ အဆိပ်လုံးဝမရှိတဲ့ မြွေတွေကသာ ဟိုတွန့်သံပေး၊ ဒီတွန့်သံပေးနဲ့ အမောက်တပြုပြု ပါးပျဉ်းတကြွကြွ လုပ်တတ်ကြတာရယ်။ မြွေပွေးဆိုတဲ့(မြီးတို)တွေက အနေအထိုင် အေးဆေးပြီး သူ့ဘာသာသူ အခွေလိုက် အပုံလိုက် ခွေနေတတ်တာပဲ မဟုတ်လား။ အဲ တစ်ခုတော့ ရှိတာပေါ့။ အဲသလို သူ့ဘာသာသူ အခွေလိုက် ငြိမ်သက်နေလို့ အဆိပ်မရှိဘူးထင်ပြီး အမြီးနင်း ခေါင်းနင်းဖို့ မပြောနဲ့၊ တုတ်နဲ့သွားတို့ရင်တောင် တုတ်ကို အလွတ်မပေးဘူး။ ကြ"" "တယ်မို့လား။ ငပွေးတွေများ ယင်ကောင် ဖြတ်ပျံ့ရင်တောင် ပျံ့..ယင်ကို အလွတ်မပေးဘူး။ အဲဒါ သူတို့ရဲ့ အမူအကျင့် မွေးရာပါ ဗီဇပဲ။ ပြောရရင် ဒေဝကလည်း မြွေပွေးလိုလူ။

သူ့ကို သွားမထိနဲ့။ ထိတဲ့အရာ ပြာကျသွားမှာပဲဆိုတဲ့လူ။

ဒေဝအသက်က လေးဆယ်ကျော်သာ ဆိုတယ်။ လူ နှစ်ယောက်သတ်ပြီး ထောင်နှစ်ကြိမ် ကျခဲ့ဖူးပြီးပြီ။ ဒေဝ လက်စတုံး အပြတ်ရှင်းတဲ့ လူနှစ်ယောက်ကလည်း သာမန် ပါချီပါခွတ် အတိုအစ အမှုန်အမွှားတွေတော့ မဟုတ်ဘူး။ သူတို့နယ် သူတို့ ပယ် သူတို့တောင်ကြောတွေ ရွာစဉ်ဆက်တွေမှာတော့ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ပြောရုံနဲ့တင် ဖိန့်ဖိန့်တုန်ရတဲ့ အုပ်စုနဲ့ အင်ရဲ့အားနဲ့ နာမည်ကြီး လူမိုက်တွေချည့်။ အဲဒါကို ဒေဝက တစ်ယောက်ကို တစ်ချက်ပဲ ပိုင်းတာ။ အသံတောင် မထွက်ဘူးပြောတယ်။ အဲဒါကြောင့်လည်း ဒေဝပါးစပ်က ဘာစကားမှ မပြောလေ သောင်ငုတ်တစ်ထောင် ရွာနဲ့ တစ်နယ်လုံးက လူတွေက ရှိန်ကြ၊ ကြောက်ရွံ့ကြတာ။ မျက်နှာမော်ပြီး လှန်ကြည့်ဖို့နေနေသာ၊ ဒေဝ နေတဲ့ သောင်ငုတ်တစ်ထောင်သုသာန်ကုန်းဘက်ကိုတောင် ထင်းခုတ် ဝါးခုတ်၊ မှိုရှာ မှိုနုတ်၊ ဟင်းရွက်ခူး ဘယ်သူမှ ခြေမကျူးရဲတာ။

ဒေဝကတော့ ဘယ်သူမှ မလာရ မတားမြစ်ထားပါဘူး။

ရွာသုသာန်ပဲ။ တစ်ရွာလုံး ပိုင်တဲ့နေရာပဲ။ လူတွေကသာ ဒေဝကို အလိုလိုရှိန်နေကြရင် ကိုယ့်ဘာသာကိုယ် ခြေကျူး ခြေဖြတ်မယ်ဆိုပြီး စည်းတားထားတဲ့သဘော။ အဲဒီထက်ပိုပြီး ရွာက လူတွေ ဒေဝကို ပိုပြီးရှိန်ကြ၊ ကြောက်ရွံ့ထိတ်လန့်ကြတာ ဒေဝက လောကီပညာနဲ့ ပတ်သက်ပြီး မကောင်းတဲ့အတတ်တွေ တတ်မြောက်ထားတယ်လို့ ဟိုကတစ်စွန်း ဒီကတစ်စ ကြားဖူးနားဝ ရှိထားကြလို့ပဲ။

စဉ်းစားကြည့်လေ။

လောကမှာ အဲဒီထူးဆန်းတဲ့လူတွေ ထိတ်လန့်ကြောက်ရွံ့ကြတဲ့ စုန်း၊ တစ္ဆေ၊ ကဝေ၊ မှော်အတတ်တွေဆိုတာက ဟိုးဘိုးဘေးဘီဘင်တွေ လက်ထက်ကတည်းက နယ်ပယ်အနှံ့ နေရာဒေသအနှံ့မှာ အစဉ်ဆက် တည်ရှိပျံ့နှံ့နေတာလို့ လူတွေက အယုံ



www.burmeseclassic.com

www.burmeseclassic.com



စွဲယုံကြည်ထားခဲ့ကြတာ။ မယုံလို့လည်း မဖြစ်တဲ့ အဖြစ်အပျက်တွေ အတွေ့အကြုံတွေ ဆိုတာကလည်း ဘိုးဘေးဘီဘင်တွေ လက်ထက်ကနေ ဒီကနေ့ သိပ္ပံခေတ်ကြီးထဲအထိ လောကနယ်ပယ်အနှံ့မှာ အမည်ဖော်ပြမရတဲ့ လက်တွေ့ကျကျ လက်ဆုပ်လက်ကိုင်ပြသမရတဲ့ ဂမ္ဘီရဆန်တဲ့ အဖြစ်ပျက်တွေကလည်း ဒုနဲ့ဒေး မဟုတ်လား။ ပြောမယုံ ကိုယ်တိုင်ကြုံမှ သိရတဲ့ အဖြစ်တွေကလည်း အမြောက်အများ မဟုတ်လား။ ဒေဝကို လူတွေရှိန်ကြကြောက်ရွံ့ကြတာ ဘာဆန်းမှာလဲ။

ရွာထဲက ရှေ့မီနောက်မီ သက်ကြီးရွယ်အိုတွေကအစ ရွာဒူရွာသား ငယ်ရွယ်သူ တစ်ဦးတစ်ယောက်များ ရွာအနောက်ကုန်း သုသာန်သွားတဲ့ တောလမ်းဘက် ခြေဦးပြင်တာတွေ့ရင်-

"ဟေ့ ဟေ့ကောင် လှဘူး၊ ဘယ်သွားမလို့လဲ"

"ဟို . . ဟို . . ရွာအစွန်က ဦးမြထူး ခြံ ခြံဝိုင်းကိုပါ ဘကြီးထိန်"

"ဩော် . . အေး ဟုတ်လား၊ မသိပါဘူးကွာ၊ ခြေကျွံခြေလွန်ပြီး သုသာန်ကုန်းဘက်များ ထင်းရှာ ဝါးခုတ် သွားမလို့လားလို့၊ တော်ကြာ ဒေဝတဲဘက် ခြေဦးကျံမိမှာစိုးလို့ မေးတာဟေ့၊ တော်ကြာမှ ဒုက္ခရောက်"

"ဟာ ဘကြီးထိန်ရာ၊ ဦးဒေဝကြီးခြံဝိုင်းနဲ့ တဲဘက် ဘယ်သူက ကိုယ့်အသက်ကိုယ် မနှမြောဘဲ အမိုက်ခံပြီး သွားမှာလဲဗျ၊ အမယ်လေး ပြောရင်းတောင် ကြက်သီးကထလာပြီ ဘကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးမြထူးခြံတင် ထွန်တုံးလေး သွားယူမလို့ပါ"

"အေး. . . သွားရင်လည်း မြန်မြန်သွား၊ တော်ကြာ မှောင်လာမှ လာရသွားရ ခက်နေမယ်၊ ဟိုလကွယ်ညက ရွာအရှေ့ဖျားက မိညွက်တို့ ပြောနေတာ မကြားမိဘူးလားကွ။ အဲဒီလကွယ်ညက သုသာန်ကုန်းဘက်က မီးလုံးနီနီကြီးနှစ်လုံး မတ်ချာလည်ဝဲပြီး ပျံတက်လိုက် ဆင်းလိုက် လုပ်နေတာ တွေ့ရတယ် ပြောပြီး ရွာထဲသတင်းပျံ့နေတာ"

"ဟာ ကြား. . . ကြားပါတယ် ဘကြီးထိန်ရ"

"အေး. . အေး. . ငါက သတိပေးတာ၊ သုသာန်ကုန်းဘက်မှာက ဒေဝပဲနေတာ၊ မိညွက်တို့ မြင်လိုက်ရတယ်ဆိုတဲ့ မီးလုံးတွေက ဘာလုံးတွေမှန်း ညာလုံးတွေမှန်း မသိနဲ့"

"ဟုတ်. . ဟုတ်ကဲ့ပါ ဘကြီးထိန်၊ ဘကြီးထိန် ပြောတာနဲ့တောင် ကျုပ် ထွန်တုံး ခဏသွားယူဖို့ ကျောတောင်ချမ်းလာပြီ၊ တော်ပြီ မယူတော့ပါဘူး၊ ရွာထဲက ဘဆင့်ဆီကပဲ ငှားလိုက်တော့မယ်"

အဲဒီလိုအဖြစ်တွေလည်း မကြာခဏ ရှိခဲ့ဖူးတယ်၊ ပြောရရင် ဒေဝကို တစ်ရွာလုံးက မကောင်းတဲ့ လောကီပညာအတတ်တွေ တတ်မြောက်ထားတယ်လို့ ရှေ့တင်ဒဲ့ဒိုး မယိုးစွပ် လက်ညှိုးမထိုးရုံတမည်ပဲ။ ယိုးစွပ်လက်ညှိုးထိုးလို့ရော ဘယ်လိုရနိုင်မလဲ။

ခုနပြောခဲ့သလို လောကီအတတ်တွေပါဆို။ ကောင်းနဲ့ လောကကို အပြုသဘော အကျိုးသလောဆောင်တဲ့ အထက်



www.burmeseclassic.com

www.burmeseclassic.com



လမ်း၊ အထက်ဂိုဏ်းပညာကြီးတွေကသာ လူသူအကြား ထင်ရှားပြီး ပေါ်လွင်ချင် ပေါ်လွင်မှာပေါ့။ စုန်း၊ တစ္ဆေ၊ ကဝေအတတ်၊ မှော်အတတ်၊ ဇော်ဂနီ ဇော်ဂနက် အတတ်တွေ ပညာတွေဆိုတာက ရှေးအစဉ်ဆက်ကတည်းက လူဘုံအလယ် ဗွင့်ကြွားထည်ဝါစွာ ပေါ်လွင်ထင်ရှားခဲ့တဲ့ အတတ်တွေ ပညာတွေမှ မဟုတ်တာပဲရယ်။

အချို့များ အဲလိုအတတ်တွေ ပညာတွေ တတ်ထားရင်တောင် ရပ်ထဲရွာထဲ လူသူကြားထဲ မထင်မပေါ် မထင်မရှားနဲ့ ငုံ့လျှိုးပြီး နေတတ်ကြတာ။ လူသိသူသိ မခံဝံ့ကြတာ။ အချို့များဆို ဝမ်းတွင်းပါအတတ်ပညာတွေ၊ အချို့ကျတော့လည်း ကိုယ်တိုင်တောင် အဲဒီအတတ်တွေ ကိုယ့်ဘာသာကိုယ် တတ်မြောက်နေမှန်း မသိကြဘူး။ မွေးရာပါ တတ်မြောက်လာကြပြီး ရပ်ထဲရွာထဲ လူသူ့ထဲမှာ ကိုယ်နဲ့မကျေနပ်လို့ ကတောက်ကဆဖြစ်လို့ ရန်သူမုန်းသူဖြစ်လို့ ပါးစပ်ကနေ မြွေကိုက်ပါစေ၊ သစ်ပင်ပိသေပါစေလို့ ကျိန်ဆိုမိလိုက်တာနဲ့ အဲဒီတစ်ဖက်လူပြောတဲ့အတိုင်း တစ်ခုခုဒိဌမမှုဖြစ်ရော။ ပြောရရင် လောကကြီးဝန်းကျင်မှာ အဲသလိုလူတွေ အတတ်ပညာတွေ ဒုနဲ့ဒေး အများကြီးရှိနေတာ။ တချို့တွေက ပုပ်လို့ပေါ် ဟုတ်လို့ကျော်တာတွေလည်းရှိတယ်။

ပြောပြီးပြီပဲ။

လူလူချင်း ဆုံတွေ့ရင်တောင် ခင်ဗျား အဲဒီမကောင်းတဲ့ အတတ်တွေ တတ်သလားလို့ ဘယ်သူက ဒေဝကို မေးစမ်းစပ်စု



www.burmeseclassic.com

www.burmeseclassic.com



ရဲမှာလဲ။ ဒေဝက ခုနပြောသလိုပဲ အမြဲတမ်း ရေငုံနှုတ်ပိတ် တုံဏှိဘာဝေနေတတ်တဲ့လူမျိုး။ ပြီးတော့ ခုနပြောခဲ့သလို ဒီနယ်မှာ အပိုင်စားကြီးစိုးနေတဲ့ လူမိုက်ရင့်မာကြီးနှစ်ယောက်ကို တောင် တစ်ချီတည်းနဲ့ လောကကြီးထဲကနေ နကန်ဘဝနဲ့ အပြန် မလှအောင် ပွဲသိမ်းပွဲပြတ်လုပ်ခဲ့တဲ့သူ။ ဒေဝကို ဘယ်သူကသွား ပြီး စကားစ မေးမြန်းဖို့နေနေသာ လေသံတောင် ရိပ်ဖမ်းသံဖမ်း ဟရဲမှာတဲ့လဲ။ ကိုယ့်ဘာသာကိုယ် အထင်နဲ့ ကွယ်ရာကနေပဲ ယိုးစွပ်ရဲ ထင်ကြေးပေးရဲကြတာ။ ဒေဝကို ရှိန်လို့ ဒေဝ ဒီလမ်းက လာရင် လူတွေက တစ်ဖက်လမ်းက ရှောင်ကွင်းကြတာ။ ဒေဝ တစ်သက်ပဲလို့တောင် ဆိုလို့ရတယ်။

ဒေဝ မျက်လုံးလှန်ကြည့်တာတောင် ဘယ်သူမှ မခံရဲကြ တာ လက်တွေ့။

❑

ခုန သူပြောပြခဲ့သလို ဒေဝက ရွာအစွန် အနောက်ဖျား သုသာန်ကုန်းကြီးအစပ်မှာနေတယ်။ ရွာသူရွာသားတွေနဲ့ ဒွေး ရောယှက်တင် နေကောင်းလား၊ စားပြီးပြီလား၊ ဘယ်က ပြန်လာ သလဲ စတဲ့ လူမှုရေး ပဋိသန္ထာရတွေနဲ့ ကင်းဝေးတဲ့သူ။ ဒေဝ နေတဲ့ သုသာန်ကုန်းအစပ်မှာ သူ့ဘာသာသူ စိုက်ပျိုးထားတဲ့ သီးနှံခင်းလေးရှိတယ်။ ဒေဝနေတဲ့တဲကြီးက လေးပင်သုံးခန်း မှန်ကုပ်ကုပ်တဲကြီးရယ်။ ရွာက အချို့ သက်ကြီးရွယ်အိုတွေက တော့ တစ်ခါ နှစ်ခါ ဒေဝနေတဲ့ တဲကြီးဘက်ရောက်လို့ လမ်းကြုံ



www.burmeseclassic.com

www.burmeseclassic.com



ဝင် သတင်းမေးကြတုန်းကတော့ တွေ့ခဲ့ကြ ကြုံခဲ့ရတယ် ပြောတာပဲ။ အဲဒါက ဒေဝရဲ့ တဲကြီးထဲမှာ ဘုရားစင် မရှိဘူး။ မတွေ့ခဲ့ရဘူးတဲ့။

အဲဒါအပြင် ဒေဝရဲ့ တဲခေါင်းရင်း ဒေဝ အိပ်ရာနဘေးမှာလည်း လူအရိုးခေါင်းခွံတွေအပြင် လက်ဝါးလိုလို ကျောက်တွေ၊ လိပ်လိုလို၊ ဖားလိုလို ကျောက်တုံးတွေကလည်း ပုံသဏ္ဍာန်မျိုးစုံနဲ့ စုံစီနဖာ ပြန့်ကျဲနေတာပဲလို့ ပြောကြတယ်။ ရှေးကျတဲ့ ဘာအက္ခရာတွေမှန်း ရေးထိုးထားမှန်း မသိရတဲ့ ကောက်ကောက်ကွေးကွေးစာတွေနဲ့ ကျောက်ချပ်အကျိုးအပဲ့တွေ၊ ဘုရားဆင်းတုတော်အရွယ်ပုံသဏ္ဍာန်မျိုးစုံနဲ့ ခေါင်းပြတ် လည်ပြတ် အချို့လည်းတုံးလုံးပက်လက် တွေ့ခဲ့ကြရတယ်လို့ ပြောကြတယ်။ ဒေဝကသူ့ဆီ အသုဘချလာရင်းဝင်တဲ့ ရွာထဲက သက်ကြီးရွယ်အိုတစ်ယောက်စ နှစ်ယောက်စ ကြုံလို့ ဝင်ကြတာကို နှစ်လိုကြည်ဖြူတယ်ရယ်လည်း မဟုတ်။ မလိုမလား မျက်ထောင့်ကြီးနီပြီးမောင်းထုတ် နှင်လွှတ်တာရယ်လည်း မဟုတ်ဘဲ တဲကြီးရဲ့ အရှေ့ဘက် ကပြင်မှာ ဒူးကြီးတင်ပလ္လင်ခွေချိတ်ပြီး ဖက်ဖြူဆေးပေါ့လိပ်ကြီး တထောင်းထောင်းထအောင်ဖွာလို့ ရှုသိုးသိုး မှုန်ကုပ်ကုပ်နဲ့ တစ်ခွန်းပဲ ပြောတယ်တဲ့။

ရွာဖျားက ဘကြီးဖိုးလူအောင်က ပြန်ပြောပြတာပါ။

ပြောရရင် ဘကြီးဖိုးလူအောင်က ဒေဝနဲ့ဆိုရင် ဆွေမျိုး မျိုးရိပ် မကင်းဘူး ဆိုရမှာပေါ့။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



"အသုဘလာပို့ရင်လည်း အသုဘပို့ပြီး အလုပ်ပြီးပြီ၊ လာတဲ့လမ်းအတိုင်း ရွာထဲပြန်ပေါ့ဗျာ၊ ကျုပ်က ရွာအကြောင်းလည်း မစပ်စုဘူး၊ ကျုပ်အကြောင်းလည်း ရွာထဲမှာ ဟိုပြော ဒီပြော စပ်စုတာ မကြိုက်ဘူး၊ ကျုပ်က လူတွေနဲ့ ကင်းချင် ရှင်းချင်လို့ ဒီသုသာန်ကုန်းမှာ သီးခြားနေတာ"

ရှားရှားပါးပါး ဒေဝဆီက အဲဒီတစ်ခါလောက်ပဲ စကားပြောတာ ကြားရဖူးတယ်လို့ ဘကြီးဖိုးလူအောင်က ပြောပြတယ်။ ဒေဝရဲ့ ရှုတည်တည် မှုန်ကုပ်ကုပ်နဲ့ မလိုလားတဲ့ မနှစ်သက်တဲ့ ပုံစံကြောင့် ဘကြီးဖိုးလူအောင်လည်း အဖော်ပါလာတဲ့ လူကြီးတစ်ယောက်နဲ့ နှုတ်ဆက်ပြီး အမြန်ပြန်ခဲ့ရတယ်လို့ ဆိုတယ်။ ပြောပြီးပြီ။ ဒေဝကို ဘယ်လိုထမင်းစားပြီး ဘယ်လိုအလုပ်တွေလုပ်လို့ ဘယ်လိုနေထိုင်သလဲ စပ်စုဖို့ မပြောနဲ့။ ဒေဝရဲ့ မှုန်ကုပ်ကုပ်နဲ့ အလင်းရောင် တစ်စက်မှ မရှိတဲ့ တဲကြီးထဲ ရောက်ဘတည်းက မြင်ရ တွေ့ရတဲ့ ပစ္စည်းပစ္စယတွေ စုံစီနဖာနဲ့ ဟိုအရုပ် ဒီအရုပ်တွေကြောင့် ကျောက အလိုလိုချမ်းနေတာလို့ ဘကြီးဖိုးလူအောင်က မရှက်မကြောက် ဝန်ခံပါတယ်။

အဲဒီကစပြီး ဒေဝနေတဲ့တဲကြီးဘက်ကို ယောင်လို့များ ကောင် ရွာသားတွေ ထင်းခုတ်၊ ဝါးခုတ်တောင် ခြေမကျူးတော့ ဘာ ဒီနေ့ထိပဲ ဆိုပါတော့။ အဲ. . ဒါပေမဲ့ ခုနပြောခဲ့သလို ရွာထဲမှာ ဘယ်သူ ဘယ်အိမ်မှာ ဘာရောဂါနဲ့ ဆုံးပါးပြီ သေပြီဆိုတာနဲ့ ဒေဝ သူ့အလိုလို ဘယ်သူမှ မဖိတ်ကြားရဘဲ ရောက်လာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကုလားဖျဉ်းတဲကြီး ခေါင်းရင်းမှာ မိန့်မိန့်ကြီး ထိုင်နေတာပဲ။ အဲဒီ
ကလည်း အကြောင်းရှိတယ်။ အသုဘ မသာအိမ်မှာ သိပ်ညဉ့်
နက်လာပြီ။ ဖဲဝိုင်းတွေ လူစည်လာလို့ ငွေစက္ကူရွက်တွေ ပလူပ
လာပြီဆိုရင် ဒေဝ အဲဒီဝိုင်းနား ခြေလှမ်းကျဲကြီးတွေနဲ့ ဆတ်ခန
ရောက်သွားပြီး. . .

"တစ်အိမ်ဖယ်၊ ငါ ရိုက်မယ်"

အဲသလို တစ်ခွန်းတည်းဆိုပြီး အလန့်တကြားနဲ့ ဖယ
ပေးတဲ့ ဖဲရိုက်သူနေရာမှာ စွေ့ခနဲ ဝင်ထိုင်လိုက်တာပဲ။ သူ့
ရှမ်းတိုက်ပုံအဟောင်းကြီးထဲက ငွေစက္ကူတွေကို ဆွဲနှိုက်ယူလိုက်
ပြီး ရှေ့မှာပုံချလိုက်တာပဲ။ ရွာက ဖဲသမားတွေ ရှိန်ကြ လန့်ကြတာ
အဲဒါပဲ။ သုသာန်ကုန်းစပ်မှာ ဘာအလုပ်မှ မယ်မယ်ရရ လုပ်ကိုင်
စားသောက်တာ မတွေ့ရဘဲ ဒေဝဆီကို ငွေစက္ကူတွေ ဘယ်က
နေ ဘယ်လိုဖြစ်ပြီး အတောင်ပံပေါက် ရောက်နေသလဲဆိုတာ
ဘယ်သူမှ မသိကြတာပဲ။

အဲဒါထက် ပိုပြီးထူးခြားအံ့ဩစရာက ဒေဝက ဖဲကို
တစ်နေ့လုံး တစ်ညလုံး ထိုင်ရိုက်တာ မဟုတ်ဘူး။ သူ ဖဲဆော့ရင်
အနိမ့်ဆုံး သုံးလှည့်နဲ့ အကြာဆုံး ငါးလှည့်ပဲ။ ငွေစက္ကူအပုံကို
သူ့ရှေ့ထိုးချရင်း ရှုတည်တည် မှုန်ကုပ်ကုပ်နဲ့ ဖက်ဖြူဆေးပေါ့
လိပ်ကြီး အဖွာမပျက်ဘဲ ဘာစကားတစ်ခွန်းမှလည်း မပြော
ဘယ်သူ့ကိုမှလည်း မကြည့်ဘဲ သူ့ရှေ့ဝေတဲ့ ဖဲချပ်ပြည့်ရင် ဖဲချပ်
တွေ လှန်လိုက်တာပဲ။ သူလှန်လိုက်တဲ့ ဖဲချပ်တွေက ဒိုင်ထက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွင့်အမြဲကြီးတယ်။

ဖဲကို သူ့ဘာသာသူ လက်လှည့် မျက်လှည့်နဲ့ ကုလားဖန်ထိုးဝေပြီး ကစားတာလည်း မဟုတ်ဘူး။ ပြောရရင် ဒိုင်လုပ်သူဝေတဲ့ ဖဲချပ်ကို ငွေစက္ကူပုံရှေ့မှာ လက်ဖျားနဲ့တောင် မထိဘူး။ ဒိုင်က ကိုးကျလို့ ဝမ်းသာအားရနဲ့ ပျော်ရွှင်ပြီး တစ်ဝိုင်းလုံးစားမယ်ပြင်ရင် ဒေဝက မတုန်မလှုပ် အမူအရာ တစ်စက်မှမပျက်ဘဲ သူ့ဖဲကို လှန်ပြတယ်။ ကုလားသုံးကောင်ပဲ။ တစ်ဝိုင်းလုံး စားရတဲ့ သိမ်းကျုံးယူရတဲ့ ကိုးပွင့်ကိုတောင် နှာတစ်ဖျားနဲ့ ဒိုင်က လျော်ရတယ်။ ဖဲလိမ်ရိုက်၊ မျက်လှည့်ပဥ္စလက်နဲ့ရိုက်တယ် စွပ်စွဲရအောင်လည်း ပြောပြီးပြီ။ ဖဲချပ်ကို တစ်ချပ်မှတောင် ကိုင်မကြည့်ဘူး။

အဲဒီတော့ ရွာက ဖဲသမားတွေ မပြောနဲ့။ ရွာနီးချုပ်စပ်က ဖဲသမားကြီးငယ်တွေက ဒေဝကို ရှိန်ကြ၊ ထိတ်လန့်ကြတာဘာဆန်းမှာလဲ။ ဒေဝရဲ့ရှေ့မှာ ပိုက်ဆံပုံကြီးက ဟီးထနေပြီ။ ဒါပေမဲ့ ခုနပြောခဲ့သလိုပဲ ဒေဝက တစ်နေ့လုံး တစ်ညလုံး ဝိုင်းထိုင်ရိုက်၊ ဖဲလှည့်ရိုက်တဲ့ ဖဲသမားမျိုး မဟုတ်ဘူး။ သူ့အကျင့်အတိုင်း သူ့မူအတိုင်း သုံးလှည့် ဒါမှမဟုတ် ငါးလှည့်ပြည့်ပြီဆိုရင် ဝိုင်းလယ်ကနေ ငေါက်ခနဲ ထလိုက်တော့တာပဲ။ အဲ. . မထခင်သူ့ရှမ်းအကျီအပေါင်းအနက်ကြီးရဲ့ ဘေးအိတ်တွေထဲ သူနိုင်တဲ့ လောင်းကြေးငွေ ပိုက်ဆံတွေ အကုန်ထိုးသိပ်ထည့်ပြီးမှ ဝိုင်းကထတာ။ အချို့ငွေစက္ကူတွေလည်း နဘေးပြုတ်ကျ ကျန်ခဲ့ဘာပေါ့လေ။ ဝိုင်းထဲကနေထပြီး လှမ်းထွက်သွားတော့တာပေါ့ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှလည်း မကြည့်။ စကားလည်း မပြော။ နှုတ်လည်း မဆက်ဘူး။

အဲဒါ နေ့တိုင်း အသုဘအိမ်လာပြီး ဖဲရိုက်သလားဆို တော့ မဟုတ်ဘူး။ တစ်ကြိမ်တစ်ခါပဲ ရိုက်တာ။ ရိုက်ပြီး ဖဲနိုင်သမျှ အကုန်ယူသွားတာ။ ဖဲသမားတွေက. . .

"ဦးဒေဝကြီးက တစ်ချီဆိုသလို ဆိုသလောက်ပဲကွာ၊ တစ်ဝိုင်းလုံး ပြောင်သလင်းခါသွားတာပဲ၊ ဟူး"

"တော်သေးတာပေါ့ကွာ၊ သုံးလှည့်ပဲရိုက်မယ် ပြောလို့၊ နို့မို့ ငါတို့ ခြံပေါင် အိမ်ပေါင်ရမှာ သေချာတယ်၊ ပြုတ်ပြုတ်ပြုန်းမှာ"

"ဒီလူကြီးက ဖဲမှော်အောင်ထားတယ် ပြောတယ်ကွ"

"ဟာ ဖဲမှော်အောင်တာထက် သူက သုသာန်ကုန်းမှာ နေတာ၊ သူအသုံးလိုရင် ငွေလိုရင် သုသာန်ကုန်းမှာနေတဲ့ သချိုင်း အစောင့်ကြီးကို အမဲသားကျွေးပြီး ဖဲခေါ်ရိုက်ခိုင်းတာ၊ ရိုက်ဖို့ ခေါ်လာတယ် ပြောတယ်ကွ၊ သူလာရင်ကြည့်ပါလား၊ တစ်ရွာလုံး ကခွေးတွေအူတာ မဆုံးတော့ဘူး"

"ဟာ. . ဖြစ်နိုင်တယ်ကွ၊ သူက ဖဲကိုတောင် ကိုင်မကြည့်ဘူး၊ ဘယ်အိမ် ဘယ်နှပွင့်ကျမလဲလို့ ကြိုသိနေတဲ့ ပုံစံပဲကွ၊ သူမွေးထားတဲ့ သုသာန်အစောင့်သရဲကြီးတွေက ဖဲကြည့်ပေးတာ နေမှာ၊ အောက်လမ်းဆရာတွေမှာ မွေးထားတဲ့ သရဲတစ္ဆေတွေ အများကြီး ရှိတယ်တဲ့ကွ၊ ငါ ကြားဖူးတယ်"

"သူက သရဲတစ္ဆေတွေကို နိုင်တဲ့ပညာရှိလို့ သူမရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



သင်္ချိုင်းကုန်းကြီးမှာ တစ်ယောက်တည်း နေတာပေါ့ကွာ၊ နို့မို့ ဘယ်သူက ဒီလောက်ချောက်ခြားစရာကောင်းတဲ့ တစ္ဆေသရဲတွေ နာနာဘာဝတွေပေါတဲ့ သုသာန်မှာ နေမလဲကွ၊ ငါတို့ဆို ခြေတောင် မကျူးဘူး"

"တော်သေးတာပေါ့ကွာ၊ သူ့ဘာသာသူ ဖဲမှော်ပဲအောင် အောင်၊ တစ္ဆေသရဲတွေပဲ ဖဲရိုက်ခိုင်းခိုင်း သုံးလှည့်ပဲရိုက်လို့၊ ခုနစ် ရက် ခုနစ်လီသာရိုက်ရင် ငါတို့ အိမ်တွေ ခြံတွေတင်မကဘူး၊ မယားပါ ပေါင်ရမှာ မောင်. . ."

ဒါတွေက အသုဘအိမ်ကနေ ဒေဝ ဖဲဝိုင်းကထပြီး ပြန် သွားကြမှ ထင်ရာမြင်ရာ ကြားသမျှ သိသမျှ ထင်မြင်ချက်ပေးကြ တဲ့ စကားတွေပါ။ ပြောခဲ့သလို ဒေဝရဲ့ ရှေ့တင်ရော အနားရော ဘယ်ရွာသူ ရွာသားက ပြောဆိုဝံ့ရဲကြမှာလဲ၊ ဒေဝကို ဘူမသိ တိုးမသိနဲ့ ရှိန်ကြ ကြောက်ကြပါတယ်ဆို။

ပြောရရင် ညောင်ငုတ်တစ်ထောင်တစ်ရွာလုံးကရော ရွာနီးချုပ်စပ်ကပါ ဒေဝကို မှော်အတတ်တွေ တတ်မြောက်ကျွမ်း ကျင်တဲ့ အောက်လမ်းဆရာကြီးအဖြစ် ယုံးစွပ်သတ်မှတ်ထားကြ တာ။ တစ္ဆေသရဲ ဖုတ်ပြိတ္တာတွေကို နိုင်တဲ့ပညာရှိလို့လည်း သင်္ချိုင်း ကုန်းနားမှာ မကြောက်မရွံ့ နေရဲတာလို့ ဆိုကြတယ်။ ဒေဝရဲ့ အကြောင်း အူမချေးခါး အတွင်းသိ အစင်းသိ ခရေစေ့တွင်းကျ သိလို့တော့ မဟုတ်ဘူး။

ညောင်ငုတ်တစ်ထောင်တစ်ရွာလုံး သတ်မှတ်ထားကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒေဝတာ မျှော်ဆရာကြီးပဲ။

❑

"အူး. . . ဝူး. . . ဝူး"

"အူး. . . ဝူး. . . အူး"

အဲဒီညက လကွယ်ည။ လကွယ်ညဆိုတဲ့အတိုင်း ညောင်ငုတ်တစ်ထောင် တစ်ရွာလုံးသာမက အနောက်ဘက်မှာရှိတဲ့ ရိုးမတောင်တန်းကြီးကပါ ပိန်းပိတ်တဲ့ အမှောင်ထုအောက်မှာ ငြိမ်သက်လို့နေတယ်။ သစ်ပင်သစ်ကိုင်းတွေ ရွာအစပ်က ဝါးရုံတောအုပ်ကြီးတွေရဲ့ ပင်စည်ချင်း သစ်ကိုင်းအခက်အလက်ချင်း ပွတ်သပ်ထိခတ်တဲ့ အသံတွေနဲ့ ခါတစ်ရံ လေအသင့်မှာ ရိုးမကြီးပေါ်က လွင့်ပျံ့လာတဲ့ ခွေးအတွေ တောခွေးတွေရဲ့ အူသံသဲ့သဲ့ကိုသာ ကြားနေရတယ်။ အချိန်က သက်ကြီးခေါင်းချချိန်လောက် ရှိရော့မယ်။ ဒါပေမဲ့ ရွာထဲက တချို့ခြံဝိုင်းတွေ တဲတွေက မအိပ်ကြသေးဘူး။ တောခလေ့ တောသဘာဝအတိုင်း တောရောက်တောင်ရောက် ထွေရာလေးပါး စကားပြောနေကြတုန်းပဲ။

"ဒီညမှ ခွေးတွေကလည်း အူလိုက်တာကွာ၊ ထူးထူးဆန်းဆန်း"

"ဟုတ်ပ့ါ၊ ဘကျော်ရာ၊ အရင်ညတွေက ခုလို အူခဲပါတယ်ကွ၊ ငါတို့ ကြားဖူးတာကတော့ ခွေးဆိုတဲ့ သတ္တဝါတွေဟာ ခုလို လူခြေတိတ် ညဥ့်နက်တဲ့အခါမှ ဟိုက ဒီက အစာရှာဖွေစားသောက်ဖို့ ထွက်လာတတ်တဲ့ မကောင်းဆိုးဝါး ပြိတ္တာ တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



သရဲတွေကို သူတို့ရဲ့ မြင်နိုင်စွမ်းအားနဲ့ မြင်လို့ တွေ့လို့ အဆက်မပြတ် အူကြ၊ အသိပေးကြတာလို့ လူကြီးတွေက ပြောဖူးတယ်ကွ"

"ဟာ ဒါဆို ခု ခွေးတွေ တစ်ရွာလုံး အဆက်မပြတ် အူနေကြတာ နာနာဘာဝ တစ္ဆေသရဲတွေကို မြင်လို့ တွေ့လို့နေမှာပေါ့ ဘကြီးကျော်ရ ဟုတ်လား"

"အေးလကွာ၊ ဒီညကလည်း လမိုက်ည၊ လကွယ်ညဆိုတော့ မမြင်အပ်တဲ့ တစ္ဆေသရဲ နာနာဘာဝတွေလည်း ထွက်ကြ ရှာဖွေစားသောက်ကြမှာပေါ့ကွ၊ ဒီတစ္ဆေသရဲဆိုတဲ့ မကျွတ်လွတ်တဲ့ နာနာဘာဝတွေဆိုတာ နေရာအနှံ့ တည်ရှိနေကြတာပဲကွ၊ ငါတို့မျက်စိနဲ့ မမြင်မတွေ့ကြရလို့သာ၊ သူတို့လည်း ရှိကြတာပဲကွ"

"အူး . . အု . . ဝူး"

"ဟာ ဘကျော်၊ ဘကြီးကျော် ဟို . . ဟိုမှာ"

"ဘာလဲကွ၊ အလန့်တကြား"

"ဟာ. . ."

"ဟုတ်တယ် ဘကြီးကျော်၊ ဒါ. . ဒါ. . စုန်းမီးလုံးတွေဗျ၊ စုန်းတောက်တာ စုန်းမြူးတာဗျ၊ ဟာ နှစ်လုံး သုံးလုံး၊ ဟာ အများကြီး ဖြစ်လာပြီဗျ၊ ဒု. . ဒုက္ခပါပဲ"

"ဒါ ရွာအနောက် သုသာန်ကုန်းကြီးတစ်ဝိုက်ကပဲကွ၊ ဟိုတစ်ခါက မိညှက်တို့ မြင်လိုက်ကြရ တွေ့လိုက်ကြတယ်ဆိုတာ အဲဒီကောင်တွေပဲ ဖြစ်မယ်ကွ၊ သုသာန်ကုန်းမှာ ဒေဝပဲရှိတာ"

"ဒီ. . ဒီလူကြီး သူရဲ့တပည့် လက်ပါးစေ စုန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



တစေတွေကို မှော်အတတ်နဲ့ စေခိုင်းနေတာလား မသိဘူးဗျ၊ ဟာ ဟိုမှာ အစိမ်းရောင်၊ ဟာ အနီရောင်၊ အဝါရောင်တွေလည်း ပါတယ်ဗျ၊ ကျုပ်. . ကျုပ်တော့ ကြောက်. . ကြောက်လာပြီဗျ၊ အိပ်. . အိပ်တော့မယ်"

"အူ. . ဝူ. . ဝူး. . "

"အူ. . ဝူး"

ထူးဆန်းတယ်။ ဘကြီးကျော်တို့ လှဒင်တို့ ညိုသွေးတို့က ညစဉ်ညတိုင်း ခုလိုမျိုး အိပ်မပျော်သေးတဲ့အချိန်ဆိုရင် အိမ်ရှေ့ မန်ကျည်းပင်ရိပ်အောက်က သစ်သားကွပ်ပျစ်မှာ အမြဲဝိုင်းဖွဲ့ပြီး အလ္လာပ သလ္လာပ ဝိုင်းဖွဲ့နေကျ။ အရင်ညတွေကတော့ ရွာထဲက ခွေးတွေ မအူကြသလို ရွာအနောက်ဖျား သုသာန်ကုန်းကြီးဘက် ကနေ အဲသလို ပျံ့ဝဲနေတဲ့ မီးလုံးအစိမ်းအနီတွေ တစ်ခါမှ မတွေ့ခဲ့ ရဖူး။ ဒီညမှ ထူးခြားဆန်းကြယ်စွာ မြင်နေ တွေ့နေရတာ။ အဲဒါကို ကြောက်လန့်ပြီး ညိုသွေးက ကွပ်ပျစ်ပေါ်က သုတ်ခနဲထ ပြီး မပြေးရုံတမယ် ခြေလှမ်းတွေနဲ့ သူ့ခြံဝိုင်းဘက် ပြန်ပြေးသွားပြီ။ ဘကြီးကျော်လည်း အဲဒီအနီရောင် အစိမ်းရောင် မီးလုံးကြီးတွေ ရွာအနောက်ဘက် သုသာန်ကုန်းကြီးထက်မှာ နက်မှောင်နေတဲ့ ကြယ်လမရှိတဲ့ သစ်ပင်တွေပေါ်နဲ့ ဝါးရုံတွေကြား အစုန်အဆန် ဆင်းလိုက် တက်လိုက် လူးလာခေါက်တုံ့ ပျံ့ဝဲနေတာ မင်သက်ပြီး ကြည့်နေမိရဲ့။ ရွာထဲက တချို့လူတွေ ပြောပြောနေတာ သူ မယုံဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခုညစ္စာက လက်တွေ့မျက်တွေ့ ဒီဌမ္မမြင်ရတာ။

□

"ဒုတ်. . . ဒုတ်"

"ဟော့ကောင် ဒီနေရာ သေချာတယ်နော်"

"အေးပါ သေချာပါတယ်၊ သူ့ရဲ့သိုက်စာညွှန်းနဲ့ ငါလေ့လာစုံစမ်းရမိသလောက် ဒီနေရာတစ်ဝိုက်မှာပဲရှိတယ်၊ ဒီနေရာက ဦးငွေပေါ်ကြီး ပိုင်တဲ့ ခြံဝိုင်းကြီးကွ၊ နောက်မှ လူတွေက ဦးငွေပေါ်ကြီး မရှိတော့တဲ့နောက် ကုန်းပျက်ကြီး ဖြစ်သွားလို့ သုသာန်လုပ်ပစ်လိုက်တာ"

"ဒုတ်. . ဒုတ်. ."

"အသံသိပ်မထွက်စေနဲ့ကွ၊ တော်ကြာ ရွာထဲက သံသယဝင်သွားမယ်"

"တူးမှာ တူးစမ်းပါကွာ၊ ဒီသုသာန်ကုန်းကို ရွာသားတွေခုလို ညကြီးသန်းခေါင် တစ္ဆေမကြောက် သရဲမကြောက် လာဝံ့ဖို့ နေနေသာ နေ့ခင်းကြောင်တောင်တောင် ဘယ်သူမှ မဖြတ်ကြပါဘူး၊ တူးမှာသာတူး"

"ဒုတ်. . ဒုတ်. . ဒုတ်"

သုသာန်ကုန်းကြီးတစ်ခုလုံး အမှောင်ထုက သိပ်သည်းပိန်းပိတ်နေသော်လည်း မလှမ်းမကမ်းရှိ မီးခွက်အလင်း မှိန်လဲ့လဲ့အောက်၌ မြေကုန်းမို့ မှတ်တိုင်အပြိုအပျက် အုတ်ဂူအပြိုအပျက်တွေကြား အရိပ်သဏ္ဌာန်အချို့က လှုပ်ရှားနေပုံက အမှတ်တည့်



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့လိုက်ရသူဆိုပါက တစ္ဆေသရဲ နာနာဘာဝများ အုတ်ဂူ ဖျက်တွေကြား ယိမ်းထိုးလှုပ်ရှားနေသကဲ့သို့ပင် ထင်ကြရဲ့။ လေ အဝှေ့မှာ ရှည်လျားတဲ့ အကိုင်းအခက်တွေနဲ့ မြင့်မားလွှမ်းခြုံနေတဲ့ ဝါးပင်ကြီးတွေ သစ်ပင်ငယ်တွေကလည်း အသံမျိုးစုံမြည်ပြီး လှုပ် ရှားနေပုံက နာနာဘာဝတွေ မြူးထူးပျော်ပါးနေကြသကဲ့သို့ ထင်ရ တယ်။

"အဟင်း. . . ဟင်းဟင်း"

"ကျွိ. . ကျကျွိ. . ဟီး. ."

"ဒုတ်. . ဖရော. . ရော"

"ဟူး. . မောင်တောင် မောလာပြီကွ၊ ဒီနေရာမှ ဟုတ်ရဲ့ လားကွာ. . ဗိုး. ."

"ဟေ့ကောင် မင်းက ငါနဲ့ အလုပ်တွဲလုပ်လာတာပဲ ကြာ လှပြီ၊ ငါ့က ~ယ်ကိစ္စမဆို သေချာမှလုပ်တတ်မှန်း မင်း သိပါ တယ်၊ ဒီနေရာ ဒီဂူပဲ သေချာတယ်၊ ဒီကိစ္စ အောင်မြင်ရင် ငါတို့ တစ်သက် မဆင်းရဲတော့ဘူးကွ၊ ပေး. . ငါ တူးဦးမယ်"

"ဒုတ်. . ဖရော. . ရော. ."

"အိ. . ဟီးဟီး. . ဝေါ. . ဖရော"

"အု. . ဝူ. . အူး. ."

ဝိညာဉ်မဲ့တဲ့လူသားတွေ။ နာမ်ပရလောကသားတွေသာ ကြီးစိုးနေထိုင် ကျင်လည်တဲ့ သုသာန်ကုန်းကြီးက တစပြင်ပြီး တိတ်ဆိတ်မှောင်ပိန်းနေတဲ့ ညဉ့်သန်းခေါင်ယံမှာပဲ ဘယ်လွှင့်



www.burmeseclassic.com

www.burmeseclassic.com



လာမှန်းမသိတဲ့ ခွေးလေခွေးလွင့်တွေရဲ့ အူသံနဲ့ လေတိုက်ခတ်သံ၊ သစ်ပင်ဝါးရုံတွေ မြည်ဟီးသံတွေနဲ့ ကြားရတာနဲ့တင် စိတ်မကြံ့ခိုင်တဲ့ အရိုပ်မြင် လန့်တတ်တဲ့သူဆိုရင် ချောက်ချားသွေးပျက်ပြီး ရူးသွပ်သွားမှာ သေချာတယ်။ ဒါပေမဲ့ အဲသလို လူသူလေးပါးကွင်းရှောင်တဲ့ ကြောက်ရွံ့ထိတ်လန့်ကြတဲ့ သုသာန်ဘုန်းကြီးထဲက မြေပုံတွေ အုတ်ဂူအပြိုအပျက်တွေကြား အရိပ်သဏ္ဌာန်တွေက လှုပ်ရှားနေလေရဲ့။ မီးရောင်လဲ့လဲ့လေးက ယိမ်းထိုးနေတဲ့ တစ္ဆေမျက်လုံးလိုပဲ။

မတော်တဆ တစ်စုံတစ်ဦးက ရုတ်တရက် မြင်တွေ့လိုက်ရင်တောင် ဝိညာဉ်ကောင်တွေ တစ္ဆေသရဲတွေ အချက်ဝင် မြူးတူးပြီး ဂူကြို ဂူကြား သွားလာနေတယ် ထင်မိကြမှာပဲ။ သုသာန်တစပြင်ဆိုတာ တစ္ဆေသရဲ နာနာဘာဝ ပရလောကဝိညာဉ်သားတွေသာ နေထိုင်ကြီးစိုးတဲ့ အရပ်ကိုး။

❑

"ကျုပ်တို့ ဒီလိုနေလို့ မဖြစ်တော့ဘူးဗျ၊ ကြာရင် တစ်ရွာလုံး ဒုက္ခ"

ခုခုလုပ်မှ ဖြစ် မယ် ဘကြီးပျော့ရ၊ ခုပဲ က ဖျားလိုက်၊ ဒီအိမ်က သေလိုက်နဲ့ ုံးလေးလေ း ရှိနေပြ ကျုပ်တို့တစ်သက် အဲလိုတစ်ခါမှ သေမှ မသေဘူးတာ၊ ဒါ ရွာကို ကောင်းတဲ့အတတ်နဲ့ တိုက်တာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ မင်းတို့ပြောတာက လွယ်တယ်၊ ဘယ်မှာလဲ လက်ဆုပ်လက်ကိုင်ပြလို့ရတဲ့အရာ၊ ဒီကိစ္စမျိုးက ထင်ကြေးနဲ့ ရမ်းသမ်းမှန်းပြီး လုပ်လို့ရတာ မဟုတ်ဘူးကွ သာဒင်ရ"

"ဟာဗျာ. . တစ်ရွာလုံးက ဒီလူကြီး မကောင်းတဲ့အောက်လမ်းပညာတွေတတ်တာ သိနေပြီးသားပဲဗျာ၊ ရွာကနေ မောင်းထုတ်လိုက်ရင် ပြီးတာပဲ၊ လူညီရင် ရတဲ့ဥစ္စာ"

"ဟူး. . ခက်တယ်ကွာ၊ ငါလည်း မင်းတို့လိုပဲ ရွာတစ်စုံတစ်ခုဖြစ်မှာ စိုးရိမ်တာပဲ၊ ခုပဲ အလောင်းက ဆက်နေပြီ။ ဒါ သွေးရိုးသားရိုး မဟုတ်ဘူး"

"အဲဒါ ဟိုလကွယ်ညက သုသာန်ကုန်းပေါ်မှာ စုန်းမီးတွေတောက်ပြီးကတည်းက ဆက်တိုက်ရွာမှာ လူသေတာဗျ။ ဒါ. . ဒီလူကြီး မကောင်းတဲ့ အောက်လမ်းပညာနဲ့ စီရင်လို့ဖြစ်တာပဲဗျ၊ ရွာမှာ အရင်က တစ်နှစ်နေလို့ တစ်ယောက်တောင် တိမ်းပါးခဲတာ"

"ရွှတ် ဒေါသမကြီးနဲ့ သာဒင်၊ တိုးတိုးကွ"

"မတိုးနိုင်ဘူးဗျာ၊ ဘာကိုကြောက်ရမှာလဲဗျ၊ တောက်"

သာဒင်တို့ ဖိုးတုတ်တို့ရဲ့ မျက်နှာတွေက ခံပြင်းမှု ဒေါသကြောင့် တက်တခေါက်ခေါက်နဲ့ နီရဲနေတယ်။ ရွာမိရွာဖ သူကြီးဖြစ်တဲ့ ဦးပျော့နဲ့ လူကြီးသုံးလေးဦးက သာဒင်တို့ရွာကာလသားအုပ်စုကို ဖျောင်းဖျချော့မော့နေရတယ်။ ဖြစ်ပုံက ရွာမှာ ခုရက်အတွင်း ဘာမဟုတ်တဲ့ ရောဂါနဲ့ လူသုံးလေးဦး ဆက်တိုက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါးခဲ့ရတဲ့ အကြောင်းကစတာ။ ရွာလယ်က ဦးလှကြီး တောထဲ ကအပြန် ရွာစပ်မှာ ရုတ်တရက် ပိုးထိပြီး ဆုံးတယ်။ ဦးလှ ရက် မလည်ခင် ရွာအရှေ့ဖျားက ဒေါ်ညိုတင် သုသာန်ကုန်းဘက် ထင်းခုတ်သွားရင်း အိမ်ရောက်လို့ သိပ်မကြာဘူး မူးတယ် မူးတယ် ဆိုပြီး သေပြန်ရော။ အဲ . . ဒေါ်ညိုတင် သေလို့ အသုဘကိစ္စနဲ့ ရွာသူရွာသားတွေ လုပ်ကိုင်ဆောင်ရွက်လို့မှ မအားကြရသေးဘူး၊ ရွာတောင်ပိုင်းက လှမြင့်ရဲ့သား လူပျိုပေါက် အောင်ဖေ ဆိုတဲ့ ကောင် သစ်ပင်ပေါ်က ပြုတ်ကျပြီး သေပြန်ရော။

ပြောရရင် တစ်ရွာလုံး အသုဘတွေ ဆက်နေတယ် ပြော ရမယ်။

ညောင်ငုတ်တစ်ထောင်ရွာမှာ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ ဒီလိုမဖြစ်ဖူးတော့ တစ်ရွာလုံး စိုးရိမ်ကြ၊ ထိတ်လန့် ချောက်ခြားကြတာပေါ့။ ဒီကြားထဲ တစ်ရွာလုံးက ခွေးလေခွေးလွင့် တွေကလည်း နေဝင်ဖျိုးဖျ နွားရိုင်းသွင်းချိန်ကစပြီး တစ်ညလုံး တိုကအူ ဒီကအူနဲ့ဆိုတော့ တစ်ရွာလုံး စိုးရိမ်မကင်း ဖြစ်လာကြ တာကိုလည်း မပြောနဲ့။ အဲဒီမှာ မြားဦးက ရွာအနောက်ဘက် သုသာန်ကုန်းစပ်မှာ တစ်ယောက်တည်းနေတဲ့ ဦးဒေဝကြီးရဲ့ လက်ချက်လို့ အများက ယိုးစွပ်ကြတယ်။ ရွာကသူကြီးဦးပျော့နဲ့ လူကြီးတွေကလည်း မရှင်းနိုင်ကြဘူး။

ဒီကြားထဲ အဲရင်က ရွာမှာ ဘယ်သူ ဘယ်အိမ်ကသေ သေ နာရီမဆိုင်းဘဲ ရောက်လာတတ်တဲ့ ဒေဝက ဒီရက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အသုဘအမေတွေတို့မှ ရောက်မလာဘူး။ ဒေဝ ပျောက်
တယ်၊ ဖဲလည်း သာမရှိတော့ဘူး။ အသုဘအိမ်က ဖဲဝိုင်းကလည်
ညဥ့်နက်သန်းခေါင် ရောက်မှာရောက်ပြီဆိုရင် ဖဲမော့်အောင်ထားတာ
ဆိုတဲ့ မျှော်လင့်တဲ့ စားရွှေသရဲရဲတွေနဲ့ ဖဲနိုင်အောင် အမဲသား
ကျွေးပြီး ဖဲရိုက်နိုင်းတယ်ဆိုတဲ့ ဒေဝမျှားလားလို့ လည်ပြ
ပြန်ကြွက်သယ်နှုတ်ကြား ကြည့်ရတာ အမော။

ဒါပေမဲ့ သုသာန်ကုန်းမှာနေတဲ့ ဒေဝရဲ့ အရိပ်အရော
ငအောင် မတွေ့ရဘူး။

ခုရက်အတွင်း ရွာမှာ လူအသေအပျောက် အသုဘ
ဆက်နေတာ၊ လွန်ခဲ့တဲ့ လကွယ်ညတုန်းက ရွာအနောက် သုသာ
ကုန်းပေါ်မှာ မှောင်ကြီးမည်းကြီးထဲ မီးလုံးကြီးတွေ စုန်းမီး
တောက်ကြွားမြူးတူးပြီး ခေါက်တုံ့ခေါက်ပြန် ပျံ့ဝဲနေတာ ဖြစ်
ကတည်းကဆိုတော့ ပိုပြီးဆန်းနေတာပေါ့။ ဒေဝကြောင့်ပဲ
တစ်ထစ်ကျ ယိုးစွပ်ကြတယ်။

"ဘကြီးပျော့တို့ ဘကြီးအေးဖေတို့ ဘယ်လိုလဲဗျာ၊
ဖြတ်ချက်ချရင်လည်း မြန်မြန်ပြောဗျာ၊ ကျုပ်တို့က သိပ်စိတ်မ
ဘူး၊ ပြီးတော့ ဒီလူကြီးကိုလည်း ရွာမှာ မမြင်ချင်တော့ဘူး"

"နေပါဦးကွာ၊ စိတ်သိပ်မလောကြပါနဲ့၊ ငါတို့လူကြီး
ညှိနှိုင်းတိုင်ပင်ပါဦးမယ်၊ ဒီကိစ္စက ဘာမှသက်သေသက္ခာမ
နဲ့ ရမ်းလုပ်လို့ရတဲ့ကိစ္စမဟုတ်ဘူးကွ၊ ဆုံးဖြတ်ချက်ချဘာက
တယ်၊ မှားသွားရင် ပြင်ရခက်တဲ့ကိစ္စမျိုးကွ"

အရှေ့ဘက်ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဇဒါန်းတို့ မင်းလှတို့ မြို့ပေါ်လည်း အရောက်အပေါက်နည်းပြီး ခေတ်ပညာ ဗဟုသုတလည်း အကြားအမြင်လည်း နည်းနည်းနဲ့စဝ်တဲ့ သာဒင်တို့ ပိုက်ဆွေတို့ ကာလသားတစ်စု မကျေနပ်နဲ့ လှမ်းတွက်သွားကြတယ်။ သူတို့က အထင်နဲ့ အမြင်နဲ့ ကြားဖူးနားဝပဲ ရှိကြတာကိုး။ ဘယ်အရာ ဘယ်ကိစ္စမဆို ထင်ရာမြင်ရာ လက်လွှတ်စပယ် လုပ်လို့မရတဲ့အဖြစ်တွေ အများကြီးပေါ့တာ အတွေ့အကြုံ ကြီးရင့်တဲ့ ဘကြီးပျော့တို့က ရိပ်စားသိရှိကြတယ်။

ဒေဝဟာ ရွာအစွန်သုသာန်တုန်းမှာ ဇရပ်စောင့်လည်း မဟုတ်။ သချိုင်းစောင့်လည်း မဟုတ်တဲ့ သူဘာသာသူ တစ်ယောက်တည်းနေပြီး စုန်းကဝေ မှော်အတတ်တွေပဲတတ်တတ်၊ အောက်လမ်းပညာတွေတတ်တဲ့ အောက်လမ်းအဓိပတိရင့်မာကြီးပဲဖြစ်ဖြစ်၊ ရွာမှာ လူသေတာနဲ့ ဒေဝကို သွားယိုးစွပ်လို့ မရဘူး။

ပြောပြီးပြီ။

ဒီလောကီပညာ လောကီအတတ်တွေဆိုတာ ,လူသူတကာ အများပြောလို့သာ သိရှိနေကြတာ။ ဖယောင်းတိုင်ပဲထွန်းထွန်း၊ အင်းပဲ မြေမြှုပ်မြှုပ် ဘယ်မှာသက်သေလက်ဆုပ်လက်ကိုင်ပြလို့ရမှာလဲ။ နောက်ပြီး ဘယ်သူ့ကိုဖြစ်ဖြစ် ဒီမကောင်းတဲ့ အောက်လမ်းအတတ်ပညာတွေ စီရင်တဲ့နည်းတွေ တတ်သလားလို့ သွားမေးကြည့် ခေါင်းပဲ ခါရမ်းမှာပေါ့။ ဘယ်သူက ဝန်ခံမှာလဲ။ ဒါကို သာဒင်တို့ ကာလသားတွေက သဘောမပေါက်ဘူး။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းတာကလည်း ရွာမှာမဖြစ်စဖူး အသေအပျောက်တွေ ဆက်နေတာပဲ။

ဒီကြားထဲ သုသာန်ကုန်းက ဒေဝတစ်ယောက် ဘယ်အသုဘအိမ်ကိုမှ ပေါ်မလာ ရောက်မလာတာပဲ။ အဲဒါကိုက ဆန်းကြယ်နေတာ။ မပြေးသော် ကန်ရာရှိမဟုတ်လား။

❑

လူကြီးတွေ ရပ်ထဲရွာထဲ ဘုန်းကြီးကျောင်းကန်ကိစ္စတွေ တရားကိစ္စတွေ လုပ်ကိုင်ဆောင်ရွက်ကြတယ်ဆိုပေမဲ့ အမင်္ဂလာ အနိဋ္ဌာရုံဆန်တဲ့ တစ်စပြင်သုသာန်ကုန်းဆီ လာခဲ့ကြရတယ်ဆိုပေမဲ့ ဘကြီးပျော့တို့ ရွာမိရွာဖ သုံးလေးယောက်ဖြစ်တဲ့ ဦးညို၊ ဦးမြကြီး၊ ဦးလှဖေတို့ ကျောက ခပ်ချမ်းချမ်းရယ်။ ရွာအနောက်ဘက်က ဒီသချိုင်းကုန်းဘက်ကို ရွာမှာ အသုဘလေး ဘာလေး ဖြစ်ပါမှသာ ရောက်ကြပြကြတာကိုး။ ခုဟာက သူတို့ မလာလို့ မဖြစ်တဲ့ကိစ္စကို လာသာလာခဲ့ကြရတယ် နောက်ကျောက တယ်မလုံချင်ကြဘူး။

သချိုင်းကုန်းမြေက အဝေးကလှမ်းကြည့်မြင်ကတည်းက လူသူအရိပ်အယောင် တစ်စမှ မရှိဘဲ အနိဋ္ဌာရုံဆန်ဆန် မြေပုံမှတ်တိုင်တွေ အုတ်ဂူအပြိုအပျက်တွေ ကျိုးတိုးကျဲတဲနဲ့ မသတီဖွယ်ရာ အမြင်က ဆိုးဆိုးရယ်။ ဒီကြားထဲ သုသာန်ကုန်းဘက်သွားတဲ့ ဝါးရုံအောက် တောလမ်းလေးကလည်း နဘေးက သင်္ကြီး ဝါးကြီးတွေ ကိုင်းအုပ်နေလို့ တိတ်ဆိတ်ပြီး သစ်ရွက်သစ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခြောက် ကြွေကျရင်တောင် ဖျိုးခနဲ ဖျောက်ခနဲ ချောက်ချားဖွယ် ကောင်းအောင် တိတ်ဆိတ်နေတယ်။ ဒါပေမဲ့ ရွာကလူကြီးတွေက ဘကြီးပျော့ ခေါင်းဆောင်ပြီး မလာမဖြစ်လို့သာ လာကြရတာ။ မနေ့တစ်နေ့ကတင် ဒီတစ်ပတ်ဆယ်ရက်အတွင်း အသုဘတွေ ဆက်နေလို့ သုသာန်မှာလာပြီး အသုဘပို့ရင်တောင် ခပ်သုတ် သုတ်ပို့ပြီး ကျင်းတူးမြှုပ်ပြီး မြန်မြန်ပြန်ကြတာ။

ဒေဝ နေတယ်ဆိုတဲ့ တဲကြီးဘက်တောင် ဘယ်သူမှ ယောင်လို့စောင်းငဲ့မကြည့်ကြဘူး။ ပထမတော့ ဘကြီးပျော့က ဒေဝနဲ့ ဆွေရိပ်မျိုးရိပ်မကင်းတဲ့ ဖိုးလူအောင်ကိုပါ ခေါ်ခဲ့မလို့ပဲ။ ဒါပေမဲ့ ဖိုးလူအောင်က ပဒါန်းမြို့ပေါ် သွားနေတာ သုံးလေးရက် ရှိနေပြီဆိုတော့ မလိုက်လာနိုင်ဘူး။ ဘကြီးပျော့ပဲ ဦးဆောင်ပြီး သုသာန်ကုန်းဘက် လာခဲ့ရတာပေါ့။ မလာလို့ မဖြစ်ရအောင် လည်း ရွာမှာက သာဒင် ဦးဆောင်တဲ့ လူငယ်ကာလသားတွေရဲ့ ခံပြင်းဒေါသက ရက်ကြာလာလေ ထိန်းသိမ်းရခက်လာလေ ဖြစ် လာမှာ။ အကျယ်အကျယ် မငြိမ်းဖွယ်တွေ ဖြစ်လာမှာကို တင်ကြို တားမြစ်တဲ့အနေနဲ့ ဘကြီးပျော့တို့ သုသာန်မြေ ခြေချရတာ။

အရင်က သုသာန်ကုန်းမြေပေါ် သေချာဂဃ မစူးစမ်း မကြည့်မိလို့လား မသိဘူး။ ခု သူတို့အမြင်မှာ သုသာန်ကုန်းဝန်း ကျင်အနှံ့ လတ်တလောတူးဆွထားတဲ့ မြေကျင်းတွေရယ်၊ ကျိုးပဲ့ နေတဲ့ မှတ်တိုင်တွေရယ်၊ အုတ်ဂူပျက်တွေလည်း ပိုများလာတယ် လို့ ဘကြီးပျော့ ထင်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလှ သုသာန်ကုန်းက အရင်ကနဲ့ မတူသလိုပဲဗျနော်"

"ကျုပ်လည်း အဲဒါကို ပြောမလို့ ကျုပ်မျက်စိထဲ မြေကျင်းတွေ အုတ်ဂူတွေက တူးဖြိုထားတဲ့ပုံဗျ၊ သုသာန်မှာ လူသူလည်း မရှိဘဲနဲ့ ဘယ်လိုဖြစ်ရတာလဲ မသိဘူး"

"ဒီမှာနေတာဆိုလို့ ဒေဝပဲရှိတဲ့ဥစ္စာဗျာ၊ ဒီကောင့်ဆီ ရောက်ရင် အကြောင်းစုံ သိရမှာပေါ့ဗျာ၊ ဒီကောင် ညဘက် ဂူတွေများ ခိုးဖွက်ဖောက်သလားမှ မသိတာ"

"ဒီကောင်က ဘာကိစ္စ ဂူတွေ၊ မြေပုံတွေ ဖောက်မှာလဲဗျ၊ ကိုမြရ"

"မသိဘူးလေဗျာ၊ ထင်ကြေးနဲ့ ပြောရတာ၊ မြေပုံတွေ အုတ်ဂူတွေကတော့ တူးဆွအဖောက်ခံထားရတာ အမှန်ပဲ၊ နဂို မူလ ပြိုပျက်နေတာတွေ မဟုတ်ဘူးဗျ"

"ရွှတ် ဟိုကောင့်တဲနား ရောက်လာပြီ"

သုသာန်ကုန်းကြီးပေါ်ကနေ မှတ်တိုင်ပြို မှတ်တိုင်ပျက်၊ ဂူပျက်ဂူကြိုကြား လူသွားလမ်းကြောင်းကလေးကနေ ညာဘက်သို့ ဖွဲ့အဆင်း အနောက်ဘက်အစပ်မှာ ဒေဝရဲ့ သက်ကယ်အဟောင်းတွေ ဖရိုဖရဲနဲ့ ပြိုပျက်နေတဲ့ မှုန်ကုပ်ကုပ် တဲကြီးကို တွေ့ရတယ်။ ဒေဝရဲ့ အရိပ်အယောင်ကို ထုံးစံအတိုင်း မတွေ့ရဘူး။

ဘကြီးပျော့က ဒေဝရဲ့တဲကြီးဘက်ကို ခြေစုံရပ်ပြီး နာမည်ခေါ်တယ်။

"ဒေဝ. . ဟေ့ ဒေဝ၊ ငါတို့ လာမယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးပျော့ရဲ့ အသံကျယ်ကြီးက ချောက်ချားစဖွယ် တိတ်ဆိတ်နေတဲ့ သုသာန်ကုန်းကြီးတစ်ခွင် လွင့်ပျံ့သွားပေမဲ့ ဒေဝ ပိုင်တဲ့ နေတဲ့ တဲကြီးဘက်ကနေ ဘာလှုပ်ရှားမှု အရိပ်အယောင်မျှ မတွေ့မမြင်ရဘဲ အသံဗလံလည်း တိတ်ဆိတ်နေတယ်။ ဒေဝရဲ့ ချောင်းဟန့်သံလေးတောင် မကြားရဘူး။ ဘကြီးပျော့က အတူပါ လာတဲ့ ဦးမြ၊ ဦးလူဖေတို့ဘက် ငဲ့ကြည့်ရင်း. . .

"ဒီကောင် ရှိမှရှိရဲ့လား မသိဘူးဗျ"

"ရှိလည်း အသံပြုချင်မှ ပြုမှာပေါ့ဗျာ၊ သူ့အကြောင်းလည်း သိသားနဲ့၊ ဘယ်တုန်းက စကားလေးလုံးကွဲအောင် ပြောဖူးလို့လဲ၊ မွေးကတည်းက ပါးစပ်မပါတဲ့သူလို ဖြစ်နေတာ"

"ကျုပ်တို့ တဲထဲဝင်ကြည့်ကြမှဖြစ်မယ်"

"ဟေ့ ဒေဝ၊ ဒေဝ၊ မင်း ရှိသလား၊ ငါတို့ကိစ္စရှိလို့ လာတာ ကွ"

ဘကြီးပျော့က လှမ်းအသံပြုရင်း ရှေ့ကဦးဆောင်ပြီး တဲမှုန်ကုတ်ကုတ်ကြီးရှိရာ ခြေလှမ်းကျဲကြီးနဲ့ လှမ်းလျှောက်သွား တယ်။ ဘကြီးပျော့တို့လူစု တဲရှေ့မရောက်ခင်ဘဲ လေတစ်ချက် ဝေ့တိုက်ခတ်တယ်။

"ဟာ. . ."

"အပုပ်နံ့ဗျ၊ ဟောင်နေတာပဲ၊ ဘယ်ကလဲ မသိဘူး"

"ဟာဗျာ၊ သုသာန်ဆိုတော့ ဒါမျိုးတွေက ဘယ်ကင်းမလဲ ဗျာ၊ ဟေ့ ဒေဝ ဒေဝ၊ ငါတို့ ဦးလူဖေတို့ ဦးမြတို့ပါကွ၊ ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ."

တဲအတွင်း ခေါင်းငုံ့ရင်း လှမ်းအဝင် ထောင်းခနဲ ပျံ့စူးပြီး လှိုက်ဝေ့တက်လာတဲ့ အပုပ်နံ့ကြီးနဲ့ မြင်တွေ့လိုက်ရတဲ့ မြင်ကွင်း ကြောင့် သူတို့အားလုံး တစ်ဒင်္ဂမင်သက်မိပြီး ကြက်သေသေသွား ကြရဲ့။ ဘကြီးပျော့တို့တစ်တွေ မြင်တွေ့လိုက်ကြရတာက မှုန်ကုပ် ကုပ်နဲ့ အလင်းရောင် ဘာမှမရှိတဲ့ ဒေဝရဲ့တဲကြီးတစ်ဖက် ရှုပ်ပွ ဖြောင်းဆန်နေတဲ့ ဘုရားလည်ပြတ်တွေ၊ ပစ္စည်းပစ္စယတွေ စုံစီ နဖာ. ဟိုအရုပ် ဒီအရုပ် အကျိုးအပဲ့တွေကြားထဲမှာ ဘယ်နေ့ ဘယ်အချိန် ဘယ်တုန်းကတည်းက သေနေမှန်း မသိရတဲ့ ဒေဝရဲ့ ရုပ်ပျက်ဆင်းပျက်၊ အပုပ်ရည်တွေ စီးကျနေတဲ့ အလောင်းကောင် ကြီးကို ဖရိုဖရဲ မြင်လိုက်ကြရလို့ ထိတ်လန့်အံ့သြသွားကြတာပါ။

ဘကြီးပျော့ရော ပါလာတဲ့သူတွေပါ နှာခေါင်းကို လက်နဲ့ ပိတ်ပြီး နောက်ဆုတ်လိုက်မိကြတယ်။ အပုပ်နံ့ကြီးက တဲတုပ်ကုပ် ကြီးတစ်ခုလုံး ဆိုးရွားနံ့ဟောင် ပျံ့လွှင့်နေတာကိုး။

"ဒေ. . ဒေဝ သေနေပြီဗျ"

"သေနေတာက အကြောင်းမဟုတ်ဘူး ကိုပျော့၊ သွား မထိ မကိုင်နဲ့၊ တော်ကြာ ရာဇဝတ်မှုဖြစ်ရင် ကျုပ်တို့ပါ အမှုပတ် နေမယ်၊ ဘယ်အချိန်ကတည်းက သေနေသလဲ မသိဘူး၊ ရုပ် တောင်ပျက်စပြုနေပြီ၊ ကျုပ်တို့ မြို့တက်ပြီး အကြောင်းကြားမှ ဖြစ်မှာဗျ"

"အရင်ကဆို ရွာမှာ အသုဘရှိတာနဲ့ ရောက်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ ဒေဝတစ်ယောက် ဘာကြောင့်ပေါ်မလာတာလဲဆိုတာ ခုမှအဖြေပေါ်တော့တယ်။ ကဲ. . ဘယ်လိုလုပ်ကြမလဲ၊ သူကြီး"

"ပဒါန်းမြို့ပေါ်တက်ပြီး စခန်းကို အကြောင်းကြားရမှာပေါ့ဗျာ"

ဘကြီးပျော့နဲ့ ရွာကလူကြီးတွေ ချက်ချင်းပဲ ဒေဝရဲ့ တဲကြီးရှေ့ကနေ သုသာန်ကုန်းဖြတ်ပြီး ရွာကိုပြန်လာခဲ့ကြတယ်။ ဒေဝရဲ့ သေပုံဆန်းကိုလည်း ချက်ချင်းပဲ ညောင်ငုတ်တစ်ထောင် တစ်ရွာလုံး တောမီးလို ပျံ့နှံ့သွားတယ်။ အများစုကတော့ စုတ်သပ်ဝမ်းနည်းကြရမယ့်အစား ခုမှ သူတို့ရင်ထဲက စိုးရိမ်ပူပန်မှုတွေ လျော့ပါးကင်းစင်သွားသလို သက်မချကြရဲ့။

ဒေဝကို နှစ်ပေါင်းများစွာ အားလုံးက စုန်း၊ ကဝေ၊ မှော်အတတ်တွေ တတ်မြောက်ထားတဲ့သူလို့ ယူဆပြီး တစ်ရွာလုံး တစ်နယ်လုံးက ရှိန်ကြ၊ ကြောက်ရွံ့ကြ၊ ရှောင်ဖယ်ကြရတာကိုး။ အဲသလိုလူက ဘယ်လိုကြောင့် ဘာဖြစ်ပြီး သေဆုံးသွားရသလဲဆိုတာ တစ်ရွာလုံးက သက်ကြီးရွယ်အိုကအစ သိချင်နေကြတာ။

ဒါပေမဲ့ ဒေဝက သူ ဘယ်ပုံဘယ်နည်းနဲ့ သေခဲ့ရသလဲဆိုတာ ဘယ်လာပြောပြနိုင်တော့မှာလဲ။

နဂိုကတည်းက တုံဏှိဘာဝေ ရေငုံနှုတ်ပိတ် စကားမပြောဘဲ ပြောခဲ့တဲ့သူပါဆို။

အဲဒီထက်ပိုပြီး ဆန်းကြယ်နေတာက ဒေဝ ဆိုတဲ့လူကြီးက တစ်ရွာလုံး ထင်မြင်သတ်မှတ် ယူဆထားကြသလို စုန်း၊ ကဝေ၊



www.burmeseclassic.com

www.burmeseclassic.com



မှော်အတတ်တွေ ဓာတ်မြောက်သလို မကောင်းတဲ့ လောကီအောက်ပညာတွေနဲ့ သုသာန်ကုန်းမှာ နေထိုင်စားသောက် အစိမ်းသေတဲ့ တစ္ဆေသရဲတွေကို မွေးမြူထားပြီး ဖဲပိုင်းတကာ အနိုင်ရအောင် ခိုင်းစားတတ်လေ့ရှိတဲ့ မှော်ဆရာကြီးလားဆိုတာ တစ်ရွာလုံး ဘယ်သူမှ မသိနိုင်ကြတာပဲရယ်။

❑

"ဒါဆို ဘကြီးမြ ပြောပြတဲ့ ဦးဒေဝ ဆိုတဲ့ စုန်း၊ တစ္ဆေ၊ ကဝေတွေကိုနိုင်တဲ့ အောက်လမ်းဆရာ ဟိုလို၊ မှော်ဆရာကြီးလိုလို ရွာကကြောက်ကြ ရှိန်ကြတဲ့ လူကြီးက သေသွားတာပေါ့ ဟုတ်လား ဘကြီးမြ"

"အေးလေ၊ သေသွားတာကို သူ သေဆုံးနေတာကို ဘကြီးတို့ အကုန်မြင်ခဲ့ကြရတာပဲလေ၊ ဒေဝ ဆိုတဲ့ကောင် ဘယ်လိုသေဆုံးသွားရသလဲဆိုတာကိုသာ ဘကြီးမြတို့က မတွေးတတ်တာ၊ ဒါပေမဲ့ ဒေဝ သေသွားတာ ရာဇဝတ်မှုဖြစ်နိုင်တယ်ထင်လို့ မြို့ပေါ်က အမှုစစ်အဖွဲ့တွေ ရောက်လာတော့မှပဲ ဂယနဏ ရှင်းရှင်းလင်းလင်း သိရတော့တယ်ကွ"

"ပြောပါဦး ဘကြီးမြ၊ ဦးဒေဝကြီးက ဘာကြောင့်သေသွားရတာတုံး၊ သွေးရိုးသားရိုးရော ဟုတ်ရဲ့လားဗျ၊ လူသတ်မှုတို့. . ."

"အဲဒါပြောမလို့ပေါ့ကွာ၊ အမှန်က ငါ အစကတည်းက ပြောပြခဲ့သလိုပဲ၊ ဒေဝဆိုတဲ့ကောင်က ရွာစွန်သုသာန်ကုန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာသူ တစ်ယောက်တည်း နေတာ၊ ရွာနဲ့လည်း အပတ်သက် အဆက်စပ်မရှိတော့ ဒေဝ ဘယ်သွားတယ်၊ ဘာလုပ်တယ် ဘယ်သူမှ မသိကြဘူးပေါ့ကွာ၊ ဒီကောင်ကလည်း အနေအထိုင် ပိရိသိုသိပ်တာကိုး၊ တကယ်တော့ ဒေဝက ကြုံရင် ကြုံသလို ရွာတွေမှာ စားပြလည်းတိုက်တယ်၊ နောက်ပြီး ဘုရား ဖျက် ဘုရားပြိုတွေမှာ ကြုံရင် ကြုံသလို ဌာပနာတွေ ဘာတွေ လည်း ဖောက်ကြသတဲ့ကွ၊ ဘုရားဌာပနာ ဖောက်ထွင်းတဲ့ဂိုဏ်း ဆိုပါတော့ကွာ။ အဲဒီကနေ မြိုးမြိုးမျက်မျက်ရရင် ရွာမှာလာပြီး ဇာတ်မြှုပ်နေတာပေါ့ကွာ၊ သူ့လူတွေနဲ့ လိုအပ်မှ မြို့ပေါ် တက်ပြီး ဆက်သွယ်တာတဲ့။

အခုသူနေတဲ့ ငါတို့ရွာအစွန်က သုသာန်ကုန်းကြီးဆိုတာ ဟိုတုန်းက သုသာန်ကုန်း မဟုတ်ဘူးကွ။ လွတ်လပ်ရေး မရခင် လောက်က ကုလားချစ်တီး သူဌေးကြီးပိုင်တဲ့မြေနေရာကွ၊ အဲဒါကို တော့ ငါတို့လည်း ငယ်ငယ်က ကြားဖူးနားဝ ရှိပါတယ်။ ပြောရရင် တော့ အဲဒီကုလားချစ်တီးက အရမ်းချမ်းသာတော့ သူ့ရဲ့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေ မြှုပ်နှံထားတယ်လို့ ယူဆရတဲ့ သေတမ်းစာလိုလို၊ သိုက်မြေပုံညွှန်းလိုလိုကို အဲဒီချစ်တီးရဲ့ အဆက်နွယ်တစ်ဦးဆီက နေ ဒေဝက ရခဲ့တာ။ အဲဒါကြောင့် ရွာရဲ့သုသာန်ကုန်းမှာ အခြေချ ပြီး အဲဒီရတနာသိုက်ကို ရှာနေတာတဲ့”

“ဟာ တွေ့ရော တွေ့သွားကြရဲ့လား၊ ဖြစ်နိုင်တယ် အကြီး မြရဲ့ ရှေးက ကုလားချစ်တီးသူဌေးတွေ မြေရှင်တွေဟာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာ ရတနာတွေကို လူသူမရှိတဲ့ ရွာအစွန်တို့ သင်္ချိုင်းကုန်းတို့မှာ မြှုပ်ထားတတ်ကြတာဗျ"

"သူတို့ရဲ့ ကံပေါ့ကွာ၊ အဲဒီရတနာအချို့ကို သုသာန်ကုန်းကြီးထဲက သူတို့ တွေ့သွားကြတယ်ပြောတယ်၊ အဲလိုတွေ့သွားခဲ့လို့ပဲ ဒေဝ ခုလို အသေဆိုးနဲ့ သေခဲ့ရတာပေါ့ကွာ။ ဒါကလည်း ဒေဝတို့အဖွဲ့ထဲမှာပါတဲ့ လူနှစ်ယောက်ကို မားပြမှုနဲ့ ဖမ်းမိပြီး စစ်ဆေးတော့မှ ဒေဝအကြောင်းရော၊ အဲဒီရတနာပစ္စည်းတွေနဲ့ ဒေဝကို သတ်ခဲ့တဲ့ လူသတ်မှုပါ ပေါ်သွားတာပေါ့ကွာ။ ငါတို့လည်း မြို့ပေါ်က အမှုစစ်တွေ ပြောပြလို့ သိရတာကွ စာရေးဆရာလေးရ"

"ဒါထက် ဘကြီးမြ ပြောတော့ အဲဒီဦးဒေဝကြီးက မကောင်းတဲ့ လောကီပညာ လောကီအတတ်တွေ တတ်မြောက်ကျွမ်းကျင်တဲ့သူဆိုဗျ၊ ဘကြီးမြ ပြောပြသလိုဆို တကယ်လည်း အဲဒီအတတ်တွေ တတ်ချင်တတ်နေမှာဗျ"

"ဟာ အဲဒါတော့ အမှန်ပဲ ငါ့တူကြီးရဲ့ ဒီကောင်က နေရာဒေသ အရပ်မျိုးစုံ ဘဝမျိုးစုံ ကျင်လည်ခဲ့ဖူးတော့ အဲဒီလောကီပညာအတတ်တွေလည်း တကယ်တတ်တယ်လို့ သူ့လူတွေက ပြောကြတယ်၊ ဘုရားဌာပနာတွေ၊ ဥစ္စာသိုက်တွေ တူးတော့မယ်ဆို ဒေဝကိုယ်တိုင် ပွဲတွေ လမ်းတွေပြင်ပြီး ဖယောင်းတိုင်ထွန်း၊ စည်းတွေဘာတွေချပြီး သက်ဆိုင်ရာ အစောင့်အရှောက်တွေ ဘာတွေကို သူကိုယ်တိုင်ခေါ်ပြီး ဖမ်းချုပ်တာတဲ့၊ သူ့လူတွေပြော



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အဲဒီထက်ပိုပြီး ဒေဝ အဲဒီအတတ်တွေ တတ်တယ်ဆိုတာ ဒီကောင် သေပြီးတော့ လက်တွေ့ထင်ရှားပြတာပဲပေါ့၊ တစ်ရွာလုံး ကို နေ့ရော ညရော မအိပ်ကြရဘူး၊ ကြောက်ကြတာပေါ့ကွာ"

"ဟာ၊ ဘာ. . ဘာဖြစ်လို့လဲ ဘကြီးမြရ"

"ဟာ မင်း စဉ်းစားကြည့်လေကွာ၊ တို့ဗုဒ္ဓဘုရားရှင် ဟော ဖော်မိန့်ဟခဲ့တာ ကံ ကံ၏အကျိုးကိုပဲလေကွာ၊ ဒေဝဆိုတဲ့ကောင် က ငယ်စဉ်ကတည်းက မကောင်းတဲ့ ဒုစရိုက်မျိုးစုံကို အပယ်ငရဲ လမ်းပွင့်အောင် ဆောင်ရွက်ခဲ့တဲ့သူ။ မြင့်တဲ့မြတ်တဲ့ဘုရားရဲ့ ဥာပနာပစ္စည်းတွေကို လောဘဇောနဲ့ ဘုရားသိုက်တူးတဲ့ အောက် လမ်းမှော်ဆရာ အရင့်အမာကြီး။ ညောင်ငုတ်တစ်ထောင်ရွာက သူ့ဇာတိရွာဖြစ်လို့ ရွာကိုသာ သူတတ်တဲ့ အတတ်ပညာနဲ့ ဒုက္ခ မပေးတာ"

"နောက်ပြီး သူသေတော့လည်း သူ့တပည့်တွေက အဝေမတည့်လို့ သတ်လို့ ပိုးစိုးပက်စက် ဥပစ္ဆေဒကကံနဲ့ သေရ တာ၊ အစိမ်းသေ ဆိုပါတော့ကွာ၊ ဘယ်မှာ ဆွမ်းသွတ်အမျှဝေမယ့် သူ ရှိမှာလဲ၊ နောက်ပြီး ဒီကောင်က သူနေတဲ့ သုသာန်ကုန်းအစပ် က ရတနာပစ္စည်းတွေ ရှိနေတဲ့ အဲဒီခြံဟောင်းကြီးကို စွဲလန်းတဲ့ စိတ်နဲ့ အသတ်ခံရပြီး သေတာဆိုတော့ မင်း စဉ်းစားကြည့်ပေါ့ ကွာ၊ သူ့ကံ သူခံရတယ်ပဲ ပြောရမှာပေါ့"

"အဲဒါနဲ့ ဘကြီးမြတို့ တစ်ရွာလုံး မအိပ်ကြရတာ ဘာဆိုင် လို့လဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒီကောင်လေကွာ၊ ဒေဝပေါ့ သူ အသက်ရှင်နေ
တုန်းက သူသာန်ကုန်းက ဟိုအစောင့် ဒီတစ္ဆေသရဲတွေကအစ
ခိုင်းစားခဲ့တဲ့ကောင်၊ သူသေတော့ ဒီသုသာန်ကုန်းကလွဲလို့ ဘယ်
နေရာသွားနေမှာလဲ၊ အဲဒါ ဒီကောင်ဒေဝ သေပြီးတဲ့နောက် ခုချိန်
ထိ ရွာမှာ လမိုက် လကွယ်ညတွေဆိုရင် အိမ်တံခါးပိတ် မီးမှိတ်
အိပ်ပဲ"

"ဟာ. . . ဘာကြောင့်လဲ ဘကြီးမြရာ"

"ဘာကြောင့်ရမှာလဲ စာရေးဆရာလေးရာ၊ ဒေဝက
မကောင်းတဲ့အောက်လမ်း အတတ်တွေလည်းတတ်၊ မကောင်းမှု
တွေလည်း ကျူးလွန်ခဲ့တဲ့သူဆိုတော့ ဘယ် - ကောင်းတဲ့ နတ်ဘုံ
ဖြဟ္မာဘုံ ရောက်မှာလဲ။ ညဘက် ညဘက်တွေဆို သုသာန်ကုန်း
ရှိတဲ့ ရွာအနောက်ဖျားကနေပြီး ခွေးတွေက အူလာလိုက်ကြတာ
ရွာအနှံ့ကုန်ရော။ ပရိတ်တွေရွတ် ဘုရားရှိခိုးလည်း ခဏပဲ။ လမိုက်
တဲ့ည လကွယ်ညဆိုရင် တစ်ရွာလုံး ခွေးတွေက အူရော ဆူရော
အဲဒါ ဒီနေ့ထိပဲ၊ တချို့ မြင်ကြ တွေ့ကြရတဲ့ ရွာသားတွေကတော့
ပြောတယ်။ အဲဒီခွေးတွေ စပြီးအူပြီဆိုရင် ဒေဝကြီးက သူသောက်
နေကျ ဖက်ဖြူဆေးပေါ့လိပ်ကြီး တဖွားဖွားနဲ့ ရွာလမ်းအတိုင်း
လျှောက်သွားနေတာ တွေ့ကြရတယ်တဲ့၊ တချို့ လန့်ပြီးတော့
ဖျားကြတယ်။ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးလို့ ပြောကြတယ်
တစ်ခါခါ သူ့ရဲ့နောက်မှာ သူ့ရဲ့လက်ပါးစေ တပည့်တွေဖြစ်တဲ့
မှင်စာ၊ တစ္ဆေသရဲ အငယ်လေးတွေ သုံးလေးကောင်ပါလာတတ်



www.burmeseclassic.com

www.burmeseclassic.com




တယ်တဲ့၊ ခွေးတွေဆို အူမဆုံးဘူး။ ဒေဝါ သဘက်ကြီးဘဝ ရောက်နေတာတဲ့၊ အဲဒါ ဒီကနေ့ထိ ရွာမှာ လက်ခံထားကြတာ၊ မင်း လက်ဖွဲ့မျှော်တွေ့ ကြုံချင်ရင်တော့ အလုပ်အားတဲ့အခါ ရွာကို အလည်လာခဲ့ဦးပေါ့ကွာ။”

ရွှေဘုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



## စုန်းနက်ကြီး နှင့် သိုက်စောင့်ညီအစ်မ

### အပချွတ်ပွဲ

အဝေးဆီမှ အုန်းမောင်းခေါက်သံသဲ့သဲ့ကို ကြားရသည်။ မကြာမီ အရုဏ်ကျင်း၍ မနက်လင်းတော့မည်။ ဘိုးမင်းခင်သည် တစ်ညတာကာလပတ်လုံး အိပ်မပျော်ခဲ့ပေ။ အသက်ကြီးလှပြီဖြစ်သော ဘိုးမင်းခင်၏ အတွေးများသည် တစ်ညလုံး ငယ်ဘဝကာလများကို ပြန်ပြောင်းအောက်မေ့ အမှတ်ရနေမိသည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဘိုးမင်းဒင် ငယ်ဘဝသည် အခြားသူငါများလို ပုံမှန်လူ့လောကကြီးတွင် လှုပ်ရှားဖြတ်သန်းခဲ့သည် မဟုတ်။ တစ်မူထူးခြားသော လောကတစ်ခုတွင် ကျင်လည်ကျက်စားခဲ့ရသည်။ ဘိုးမင်းဒင်ဘဝတွင် တစ္ဆေသရဲများနှင့် ပေါင်းသင်းခဲ့သည်။ တိုက်ခိုက်ခဲ့သည်။ စုန်း၊ ကဝေတွေနှင့် တွေ့ကြုံရသည်။ သတ်ရဖြတ်ရသည်။ ပညာ နှုတ်ယူရသည်။ သိုက်ဆရာများနှင့် ခရီးတွေ ထွက်ခဲ့ရသည်။ သိုက်တူးကြသည်။ သိုက်အောင်သည်လည်း ရှိသလိုသေးကျိုးပေါက်၍ အသက်တွေ သေကြေပျက်စီးခဲ့ရသည်လည်း ရှိသည်။ဘိုးမင်းဒင် ဘဝတွင် သိုက်ဆရာများနှင့် နယ်စုံလှည့်ကာ သိုက်တူးခဲ့သည့် ကာလများက အတော်ကြာခဲ့သည်။

ထိုအဖြစ်အပျက်များထဲမှ ဘိုးမင်းဒင် အမှတ်အရဆုံး သိုက်တူးပွဲကို ပြောပါဆိုလျှင် ဆရာဝင်းနှင့်အတူ ညောင်နှစ်ပင် သိုက်ကို တူးခဲ့သည့် အဖြစ်အပျက်များပင် ဖြစ်သည်။ ညောင်နှစ်ပင်သိုက်အကြောင်း တွေးမိတိုင်း ကြေးကွမ်းအစ်ကြီးကို ဖွင့်ကာ ကွမ်းရွက်များအောက်မှ ရွှေမန်ကျည်းသီးတောင့်ကလေးကို ဘိုးမင်းဒင် ထုတ်ကြည့်ဖြစ်သည်။

ဘိုးမင်းဒင်ဘဝတွင် ဘယ်လောက်ပင် ဆင်းရဲနွမ်းပါးစေကာမူ ထိုရွှေမန်ကျည်းသီးတောင့်ကလေးကို ထုခွဲရောင်းချခြင်း မပြုခဲ့။ ရွှေမန်ကျည်းတောင့်ကို ကိုင်ကြည့်မိတိုင်း ဘုံဘဝခြားမှ ချစ်သူဟောင်းကို သတိရလွမ်းဆွတ်ရသည်။ ပြီးတော့ လူတွေ၏ လောဘ ဒေါသတွေကို သံဝေဂ ရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ဘိုးမင်းဒင် ရွာထိပ်ဇရပ်မှာ တစ်ယောက်တည်း ထိုင်နေခဲ့သည်။

□

ဇရပ်မှာထိုင်ရင်း အဝေးမှ ခင်တန်းကလေးကို မကြာမကြာ လှမ်းမျှော်ကြည့်နေသည်။ နေကမြင့်လာပြီ။ ဒီအရပ်က မွန်း တည့်ချိန် အရမ်းပူသည်။ သွားလို့လာလို့ မကောင်း။

ထိုအချိန်မှာပင် ခင်တန်းကလေးထဲမှ နွားလှည်းတစ်စီး ဒုန်းမောင်းလာသည်။ ခွင်တန်းကအထွက် မြေပက်ကြားအက်တွေပေါ် လှည်းကို ဒုန်းမောင်းရဲတာ ရွာမှာ ကိုသာကျော်တစ်ဦးသာ ရှိသည်။ လှည်းပေါ်တွင် ခေါင်းပေါင်းစ တလူလူနှင့် တိုက်ပုံအနက်ကြီး ဝတ်ထားသူတစ်ဦးအပြင် ဇလကောင်းကောင်းဂင်တိုတိုလူတစ်ယောက်လည်း ပါလာသည်။ ထိုနှစ်ဦးကို ကိုသာကျော် လေ့ဆိပ်မှာ သွားကြိုလာခြင်းဖြစ်သည်။

မင်းဒင်က ဇရပ်ထဲမှထွက်ပြီး ပုဆိုးတိုတိုကို ပြင်ဝတ်သည်။ လှည်းက နီးလာပြီ။ လှည်းဆရာ သာကျော်က-

“ဟေ့ မင်းဒင် ငါ့ကို ထွက်စောင့်နေတာလား၊ ခုန်သာတက်လိုက်ခဲ့ကွာ”

သာကျော်က လှည်းကို အရှိန်လျှော့လိုပုံ မရ။ သန်မာဖျတ်လတ်သော မင်းဒင်၏ အစွမ်းကိုလည်း သိထားပုံရသည်။

မင်းဒင်သည် ဒုန်းပြေးနေသော နွားလှည်းနှင့်အပြိုင် ပြေးလိုက်လာပြီး အရှိန်ရသည်နှင့် လှည်းနောက်မြီးကို ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲတာ လွှားခနဲ ခုန်တက်လိုက်သည်။ သာကျော် သဘောကျစွာ ပြုံးသည်။ ခေါင်းပေါင်းစ တလူလူနှင့် လူကြီးက မင်းဒင်၏ ဖျတ်လတ်မှုကို သဘောကျစွာ ခေါင်းညိတ်ပြီး ပြုံးသည်။ သူပြုံးလိုက်သည့်အခါ နှုတ်ခမ်းမွေးကြီးများက ဘေးသို့ ကားသွားသည်။ ဘလကောင်းကောင်းနှင့် ဗလကြီးကတော့ မပြုံးမရယ်နှင့် ကြည့်နေသည်။

"မင်းဒင်ရေ အခြေအနေ ဘယ်လိုလဲကွ"

"ဟာ ပြောမနေပါနဲ့ သာကျော်ရာ၊ တစ်ရွာလုံး ဖြောင်းဆန်နေပြီ"

ဒါကြောင့် သူကြီးက ငါ့ရွာထိပ်ထွက်မျှော်ခိုင်းတာပေါ့ကွ"

"မပူပါနဲ့ကွာ၊ ဆရာဝင်း ပါလာပြီပဲ"

ထိုအခါမှ ခေါင်းပေါင်းနှင့် လူကြီးမှာ ဒီနယ်တစ်လွှား ကျော်ကြားသော ဆရာဝင်းဆိုသူ ဖြစ်နေမှန်း မင်းဒင် သိလိုက်ရသည်။

ဆရာဝင်းက အသံသြသြနှင့်-

"ဘယ်လိုဖြစ်တာတဲ့တုံး မောင်ရင်"

"မြကျော် ဆိုတဲ့ကောင်ပေါ့ ဆရာရယ်၊ တစ်နေ့က အရက်ဆိုင်ကအပြန် ပိုးထိတယ်။ ရွာက ဆရာမိုးလည်း အဆိပ်ထုတ်ပြီး အမြန်ကုတာပဲ၊ ကုနေတုန်း မျက်ဖြူကြီးလန်သွားတယ်။ ဘေးကလူတွေလည်း မြကျော် သေပြီပေါ့။ ဆရာမိုးလည်း သူ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးချက် မမီလိုက်လို့ စိတ်မကောင်းဖြစ်နေတုန်း 'ဝုန်း'ဆို မြကျော်က မတ်မတ်ကြီး ထလိုက်တယ်၊ လူတွေလည်း လန့်သွားကြတယ်။ အဲဒီမှာ မြကျော်က မျက်ဖြူလန်ကြီးနဲ့ မတ်တတ်ထရပ်တယ်၊ ပါးစပ်ကလည်း ဟူးဟူးဝါးဝါး အော်ရင်း ထရုံမှာ ထိုးထားတဲ့ ကိုင်းခုတ်ဓားကို ကောက်ကိုင်ပြီး တွေ့ကရာလူကို လိုက်ခုတ်တော့တာပဲ။ ရွာက ကာလသားတစ်ယောက် လက်မောင်းရှပ်ထိသွားတယ်။

ပြီးတော့ ဆရာရယ် အိမ်ပြတင်းပေါက်ကနေ ကျွမ်းပစ်ပြီး ခုန်ထွက်သွားတာဗျာ၊ သန်လိုက် မြန်လိုက်တာ မပြောပါနဲ့၊ ပြီးတော့ ရွာထဲ လိုက်သောင်းကျန်းတော့တာပဲ။ ရွာသားတွေထဲက သတ္တိကောင်းတဲ့လူတွေ မြကျော်နောက် ဝိုင်းလိုက်ကြတာပေါ့၊ ဒါပေမဲ့ သိပ်တော့မကပ်ရဲဘူး ဆရာ၊ သူက လူစိတ်ပျောက်နေပြီ၊ တွေ့တဲ့လူ ခုတ်မှာပဲ။ မြကျော် ပြေးသွားတာ ရွာမြောက်ပိုင်းက အသားသည် ကိုချက်ကြီးအိမ်ကို ဆရာရေ၊ ကိုချက်ကြီးက အဲဒီနေ့ညနေက အမဲပေါ်တယ်လေ။ အသားတွဲတွေ ခုတ်ထစ်ဖျက်နေတုန်းမှာ မြကျော်က အိမ်ပေါ်ကို ဝုန်းဆို ခုန်တက်သွားတာ၊ မြကျော်နောက် လိုက်လာတဲ့ ကာလသားတွေက ကိုချက်ကြီး ပြေးပြေးလို့ ဝိုင်းအော်ကြတယ်။ အချိန်က ညသန်းခေါင်ကျော်ကြီး၊ ရေနံဆီမီးခွက်ထွန်းပြီး အသားဖျက်နေတဲ့ ကိုချက်ကြီးလည်း ရုတ်တရက် ကြောင်သွားတယ်၊ ကိုင်းခုတ်ဓားကြီးကိုင်ပြီး အိမ်ပေါ်ခုန်တက်လာတဲ့ မြကျော်ကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း လူတွေက 'ချက်ကြီး ပြေးပြေး' ဆိုတော့ ကိုချက်ကြီးလည်း နောက်ဖေးပေါက်ကနေ ခုန်ချပြီး ထွက်ပြေးတာ တစ်ချိုးတည်းပဲ"

မင်းဒင် စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။ လှည်းက ရွာထဲ တော်တော်ဝင်လာပြီဖြစ်သည်။ ဆရာဝင်းက မင်းဒင် စကားကိုဖြတ်ပြီး ဝင်ပြောလိုက်သည်။

"အဲဒီမှာတင် မင်းတို့မြကျော်က ချက်ကြီး ဖျက်ထားတဲ့ အမဲသားတွေကို ထိုင်စားတော့တာပဲ မဟုတ်လား"

"အမှန်ပဲပေါ့ ဆရာရယ်၊ အဲဒီမှာတင် ရွာသားတွေလည်း အိမ်ရှေ့တံခါးရော၊ နောက်ဖေးတံခါးပါပိတ်ပြီး အပြင်ကနေ တန်းတွေနဲ့ အသေပိတ် ရိုက်ထားလိုက်တော့တာပဲ၊ မြကျော် ထွက်လာရင် အန္တရာယ်ရှိလောက်တယ်၊ ပြတင်းပေါက်တွေ လည်း အပြင်ကနေ ဆွဲပိတ်ပြီး ပျဉ်နဲ့ အသေပိတ်ရိုက်ရတယ်"

မင်းဒင်စကားဆုံးတော့ နွားလှည်းရပ်သွားသည်။ မြကျော်ကို ပိတ်ဖမ်းထားသည့် အသားသည် ချက်ကြီးအိမ်ရှေ့ ရောက်ပြီ။ အိမ်ရှေ့မှာ လူတွေအုံနေသည်။

အိမ်ထဲမှ ဝူးဝူးဝါးဝါး အသံနက်ကြီးကို တစ်ချက် တစ်ချက် ကြားရသည်။ တဒုတ်ဒုတ်နှင့် နံရံတွေကို ခုတ်ထစ်နေ သံလည်း ပါသည်။

ဆရာဝင်းတပည့် ဗလကြီးက အရင်ဆင်းသည်။ မင်းဒင် နှင့် ဆရာဝင်းက နောက်ကဆင်းသည်။ ဗလကြီးက လှည်းပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လွယ်အိတ်ကြီးကို ယူလွယ်ပြီး ဆရာဝင်းနောက်မှာ ရပ်သည်။ မင်းဒင်လည်း ရောယောင်ပြီး ဆရာဝင်းနောက်မှာ ရပ်လိုက်မိသည်။

“ဗလကြီး ဆရာ့ကို ကြိမ်လုံးပေး”

ဆရာဝင်းက လွယ်အိတ်ထဲမှ ဆေးကြိမ်လုံးကို တောင်းသည်။ ကြိမ်လုံးကိုကိုင်ပြီး အိမ်ရှေ့လှေကားခသို လျှောက်သွားသည်။ လူတွေက ဘေးကို ဖယ်သွားကြသည်။ ဆရာဝင်း အိမ်ရှေ့တံခါးမှာ ရပ်လိုက်တော့ အထဲမှ သောင်းကျန်းနေသော မြကျော် ခေတ္တငြိမ်သွားသည်။ ဆက်လိုက်မသွားဘဲ ခပ်လှမ်းလှမ်း ရပ်ကျန်နေသော ဗလကြီးကို ဆရာဝင်း လှမ်းခေါ်သည်။

“လာဟေ့ ဗလကြီး ဆရာ့ဘေး လာရပ်”

ပြီးတော့ မင်းဒင်ဘက်လှည့်ကာ-

“မောင်ရင့် ကြည့်ရတာ သွေးရဲပုံပေါ်တယ်၊ လာဟေ့ ဆရာ့ လာကူဦး”

မင်းဒင်လည်း ချက်ချင်း ဆရာဝင်းနား ကပ်သွားလိုက်သည်။

“မင်းတို့နှစ်ယောက် ဖျဉ်ကိုခွာပြီး တံခါးဖွင့်လိုက်၊ မကြောက်ကြနဲ့၊ ဘာမှမဖြစ်စေရဘူး။ ဆရာ့မှာ ဆေးကြိမ်လုံးရှိတယ်၊ ဒီကောင်မျိုးတွေလောက်ဓာ မမှုဘူး”

“ရတယ် ဆရာကြီး”

မင်းဒင်က ရဲဝံ့စွာပြောပြီး ဗလကြီးနှင့်အတူ တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



တန့်လန့်ဖြတ်ရိုက်ထားသောဖျဉ်ကို သံတူရွင်းတစ်ခုစီနှင့် တလှော်ပြီး ဖြုတ်ကြသည်။

"ဝုန်း" "ဝုန်း" "ဝုန်း"

မင်းဒင်တို့ သစ်သားပြားကို ဖြုတ်နေတုန်း တံခါးကို အတွင်းမှ ကိုယ်လုံးနှင့် ပြေးပြေးတိုက်ရာ တံခါးမှာ ကျိုးပဲ့ပွင့်ထွက်မတတ် ဖြစ်ဖြစ်သွားသည်။ အိမ်တစ်ခုလုံးလည်း သိမ့်သိမ့်တုန်နေသည်။

"မကြောက်ကြနဲ့၊ မကြောက်ကြနဲ့ တံခါးကို ဖွင့်သာဖွင့်လိုက်၊ ပြီးရင် ဆရာ့နောက်က ဝင်လိုက်ခဲ့ကြနော်"

အတွေ့အကြုံရှိသော ဗလကြီးပင် အနည်းငယ် ရွံ့နေပုံပေါ်သည်။ မင်းဒင်ကတော့ နည်းနည်းမျှ မကြောက်သည့်အပြင် ယခုလို စွန့်စားလုပ်ကိုင်ရတာကို ပျော်နေပုံပေါ်သည်။ သစ်သားပြားတော့ ကွာသွားပြီ။

ခုနေသာ အထဲက မြကျော် တံခါးကို ဝင်တိုက်လိုက်ရင် ဟူသော အတွေးက မင်းဒင်နှင့် ဗလကြီးသာမက ဝိုင်းကြည့်နေကြသော ရွာသူရွာသားများပါ တွေးမိပြီး ရင်တမမ ဖြစ်နေကြသည်။

"ဖွင့်လိုက်တော့"

ဆရာဝင်းလေးသံက ပြတ်သားသည်။ ဗလကြီးက တွန့်ဆုတ်နေတုန်း မင်းဒင်က တံခါးကို ခြေနှင့်ကန်ကာ ဝုန်းခနဲ ဖွင့်ပစ်လိုက်သည်။ တစ်ပြိုင်တည်းလိုလိုပင် အိမ်ထဲမှ မြကျော်းဟာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဓားကြီးကိုင်ကာ ဝုန်းခနဲ ပြေးထွက်လာသည်။

"ဟာ"

မင်းဒင်မှာ မြကျော်ကိုကြည့်ပြီး လန့်သွားမိသည်။ မျက်ဖြူလန်ကြီးနှင့် ပါးစပ်တွင် အသားများ စားထား၍ သွေးစသွေးနများ ပေနေသော မြကျော်မှာ ကြောက်စရာကောင်းနေသည်။ ရွာသူရွာသားများထဲမှ ထိတ်လန့်တကြား အော်ဟစ်သံများ ထွက်ပေါ်လာသည်။

"ရှမ်း"

ဆရာဝင်းက လက်ထဲမှ ဆေးကြိမ်လုံးကို လေထဲ ဝှေ့ရမ်းလိုက်သည်။

"အူး. . ."

မြကျော် တုံ့ခနဲ ရပ်သွားသည်။

ဆရာဝင်း ရှေ့တစ်လှမ်းတိုးသည်။

"ရှမ်း"

ကြိမ်လုံးကို ထပ်ဝှေ့ရမ်းပြီး-

"ဟိတ်အပကောင်၊ ဓားလွှတ်ချလိုက်စမ်း"

မျက်ဖြူလန်ကြီးနှင့် အံတကြိတ်ကြိတ် ဖြစ်နေသော မြကျော်ကို ဆရာဝင်း အမိန့်ပေးသည်။ ကြိမ်လုံးနှင့် ရွယ်လိုက်ရာ ဓားကို လွှတ်ချလိုက်သည်။ ကြိမ်လုံးနှင့် ရွယ်ထားရင်းမှ-

"ထိုင်စမ်း၊ ဘယ်နယ်ကအကောင်လဲ၊ ကြည့်ရအောင်"

မြကျော်က ဆရာဝင်းရှေ့ ငုတ်တုတ်ကြီးထိုင်သည်း



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကြီးကို ဟထားသည်။

"ဘြော် နေရာအတည်တကျ မရှိဘဲ လေလွင့်နေတဲ့ ကောင်ပဲ၊ ထွက်စမ်း၊ ခန္ဓာကိုယ်ကို ထားခဲ့၊ စားချင်တာလည်း စားပြီးပြီ မဟုတ်လား"

ဆရာဝင်းစကားကို နာခံပုံမပေါ်။ မျက်ဖြူလန်ကြီးနှင့် စိုက်ကြည့်နေသည်။

"တောက်. . ဗလကြီး လွယ်အိတ်ထဲက ကွမ်းတစ်ရွက် ပေးစမ်း၊ ဒီကောင် နာချင်ပြီ"

ဆရာဝင်းက ဗလကြီးပေးသော ကွမ်းရွက်ပေါ်တွင် လက်ညှိုးနှင့်ထောက်ကာ အင်းတစ်ကွက် ရေးသည်။

"မောင်ရင် ဟောဟိုက ရေတစ်ခွက် ခပ်ခဲ့"

မင်းဒင်က မြကျော်ကို ကျော်လွှားပြီး ရေခွက်နှင့် ရေခပ်လာသည်။ ရွာသားများ အသံမထွက်။ ဆရာဝင်း အပ, ချတ်ပွဲကို ဝိုင်းကြည့်နေကြသည်။ သူတို့ရွာသား မင်းဒင်လည်း ပါဝင်နေ၍ ပိုစိတ်ဝင်စားနေကြသည်။ မင်းဒင် ခပ်လာသော ရေခွက်ထဲ အင်းချထားသော ကွမ်းရွက်ကို လက်နှင့်ချေကာ ကွမ်းရွက်ရည် ညှစ်ချသည်။ ပြီးတော့မှ ထိုရေနှင့် မြကျော်ကို တပ်မှီနေသော အပကောင်ကို ပက်သည်။

"အူး. . . ဝူး. . . အူး"

ငုတ်တုတ်မှ တုံးလုံး လဲလျောင်းသွားသည်။

ဆရာဝင်းက ကြိမ်လုံးနှင့် စွတ်တွယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှူမ်း. . . ရှူမ်း. . . ရှူမ်း"

ဟိုဘက် ဒီဘက် လူးလိမ့်ပြီး ပါးစပ်မှ စကားတွေ ဗလုံးဗထွေး ပြောသည်။ မြကျော်အသံ မဟုတ်။ အသက်ကြီးကြီး အဘွားကြီးတစ်ယောက်အသံ ဖြစ်နေသည်။ ဦးကျိုးပြီး တောင်းပန်နေဟန် ဖြစ်သည်။

ဆရာဝင်းက အရိုက်ရပ်လိုက်ပြီး-

"ကဲ သွားတော့ ဒီနယ်ဘက် ဘယ်တော့မှ ခြေဦးမလှည့်နဲ့၊ ငါ့ဆရာ့အမိန့်"

ဆရာဝင်းအသံကြီးက ဟိန်းသွားသည်။

မြကျော် ပျော့ခွေကျန်ခဲ့သည်။

အပကောင် ထွက်သွားပြီ။

❑

နောက်နေ့ ပိုးထိဆုံးသော မြကျော် အသုဘချသည်။ ဆရာဝင်းကို စပါးတွေ လက်ဆောင်ပေးကြသည်။ ဆရာဝင်း အတော်လေး ရလိုက်သည်။ ဆရာဝင်းသည် ပညာထက်သလို ပစ္စည်းဥစ္စာလည်း မက်မောဟန်ပေါ်သည်။

လက်ဆောင်ပစ္စည်းတွေအားလုံးကို လက်ခံသည်။ မငြင်း။ ဆရာဝင်း ပြန်တော့မည်ဖြစ်၍ သာကျော့နွားလှည်း ဖြင့်ပေးရသည်။ ပစ္စည်းကူတင်ပေးနေသော မင်းဒင်ကို ဆရာဝင်းက လက်ယပ်ခေါ်သည်။

"မောင်ရင့်နာမည်က မင်းဒင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာကြီး"

"အေးကွယ်၊ ဟိုနေ့က အပထုတ်ကြတုန်း မောင်မင်းဒင် ကူညီခဲ့တာ ဆရာ ကျေးဇူးတင်ပါတယ်။ ဒီကိစ္စမျိုးတွေက သတ္တိ ကောင်းမှကွဲ့၊ မောင်မင်းဒင် ကြည့်ရတာ စွန့်စွန့်စားစား လုပ်ရ ကိုင်ရတာ ဝါသနာပါပုံရတယ်။ ဆရာ့မှာလည်း လုပ်ငန်းတစ်ခု လုပ်ဖို့ ဗလကြီးအပြင် မောင်ရင့်လို ဖျတ်ဖျတ်လတ်လတ် သတ္တိ ကောင်းတဲ့လူတစ်ယောက် လိုနေတာကွဲ့"

ဆရာဝင်းက မင်းဒင်ကို အကဲခတ်ပြီး ဆက်ပြောသည်။

"ဆရာ့လုပ်ငန်းအောင်ရင် မောင်မင်းဒင် တစ်သက်စာ စားလောက်မယ့် ပစ္စည်းဥစ္စာတွေ ရရစေမယ်၊ ဘယ်လိုလဲဟေ့ မောင်မင်းဒင်"

မင်းဒင်က ဘာမှတုံ့ဆိုင်းမနေဘဲ. . .

"ထူးထူးဆန်းဆန်း တွေ့ကြုံရမယ်၊ စွန့်စားရမယ်ဆိုရင် တော့ ကျွန်တော်က အသင့်ပါပဲ ဆရာကြီး"

"ကောင်းပြီ၊ ဆရာကလည်း ဒါမျိုး သဘောကျတာ၊ မောင်မင်းဒင် ဆရာ့ကို ကူညီမယ်ဆို ဆရာနဲ့ တစ်ခါတည်း လိုက် ခဲ့ပေတော့၊ ဒါနဲ့ မောင်ရင်က ဘယ်သူနဲ့ နေတာတုံး"

"ကျွန်တော်က အမိ၊ အဖများ မရှိကြတော့ပါဘူး ဆရာ ကြီး၊ ကြီးဒေါ်ကြီးနဲ့ နေတာပါ။ ခု သွားနှုတ်ဆက်ပြီး ဆရာကြီးနဲ့ တစ်ခါတည်း လိုက်ခဲ့ပါ့မယ်"

မင်းဒင်က ပြတ်သည်။ ချက်ချင်း ကြီးဒေါ်ကြီး အနေ



www.burmeseclassic.com

www.burmeseclassic.com



စောကို နှုတ်ဆက်ပြီး ဆရာဝင်းနှင့် တစ်ခါတည်း လိုက်ခဲ့တော့သည်။ သာကျော့်နွားလှည်းပေါ်တွင် ဆရာဝင်း၊ ဗလကြီးနှင့် မင်းဒင်တို့ ပါသွားကြသည်။ ရွာသားများ မျက်စိတစ်ဆုံး ကြည့်ကျန်ခဲ့ကြသည်။

ထုံးစံအတိုင်း ပက်ကြားအက်မြေပေါ်တွင် ဒုန်းမောင်းလာသော နွားလှည်းသည် ရွာအပြင်ခင်တန်းကလေးထဲဝင်ကာ ပျောက်ကွယ်သွားသည်။

လှည်းပေါ်တွင် မင်းဒင်က ဆရာဝင်းကို မေးသည်။

"ဆရာကြီး တစ်သက်စာ ပစ္စည်းတွေ ရမယ့်အလုပ်က ပယောဂတွေ နှင်ထုတ်ရတဲ့ အလုပ်လား"

ဆရာဝင်းက ခေါင်းခါပြီး-

"မဟုတ်ဘူး မင်းဒင်၊ သိုက်တူးရမှာ မှတ်ထား၊ တို့ချမ်းသာဖို့ သိုက်သွားတူးရမယ်၊ ဆရာ့မှာ အစီအရင်တွေ အကုန်ပါပြီးသား၊ တူးမယ့်သိုက်က ညောင်နှစ်ပင်သိုက်တဲ့ကွ၊ မင်းသာ သတ္တိကောင်းပါစေ၊ တစ်သက် စားမကုန်တဲ့ ရွှေတွေ၊ ငွေတွေ ရမယ်ဟုတ်ပြီလား"

ဆရာဝင်းက ပြောရင်း ရွှေတွေ ငွေတွေကို မြင်ယောင်ပြီး မျက်လုံးများ တောက်ပြောင်နေသည်။

မင်းဒင်ကတော့ ဘာမဆိုရင်ဆိုင်ဖို့ အသင့်ပင်။

❑



www.burmeseclassic.com

www.burmeseclassic.com



ချက်လုံးမဲ့စုန်း

'တုံးလှဲချောင်း' ဟု အမည်တွင်သည့် ချောင်းကျယ်ကြီး အတိုင်း လှေတစ်စီးငှားကာ စုန်ခဲ့ကြသည်။ ချောင်းကမ်းပါးက သစ်ပင်တွေကိုလှဲ၊ သစ်တုံးလုပ်ပြီးတော့ ရေတက်ချိန် မျောပြီး ချောင်းညာဘက် သစ်ခွဲစက်တွေဆီ ပို့လေ့ရှိသည်။ ထို့ကြောင့် 'တုံးလှဲချောင်း' ဟု ခေါ်ခြင်းဖြစ်သည်ကို လှေသမားက အသေ အချာ ရှင်းပြသည်။ လဆန်းရက်ဖြစ်၍ လရောင် အနည်းငယ် မှိုင်ရသည်။ လှေပေါ်တွင် ဆရာဝင်း၊ ဗလကြီးနှင့် မင်းဒင်တို့ ပါလာကြသည်။

"မနက်ပိုင်းဆိုရင်တော့ လင်းလင်းရှင်းရှင်းနဲ့ ခရီးပိုတွင် မယ် ထင်တယ်နော် ဆရာကြီး"

မင်းဒင်က ဆရာဝင်းကို မေးလိုက်သည်။ တကယ်တော့ ဆရာဝင်းနှင့် သိုက်တူးရန် ထွက်လာကတည်းက ခရီးဆက်တိုင်း ညဘက်သာ ဖြစ်နေသည်ကို မင်းဒင် သိလို၍ဖြစ်သည်။

"ဒီလိုကွ မောင်မင်းဒင်ရဲ့၊ အရေးကြီးတဲ့ကိစ္စ ဆောင် ရွက်တော့မယ်ဆိုရင် ဆရာတို့က ညဘက်ကို ရွေးချယ်ပြီး ဆောင်ရွက်သွားလေ့ရှိတယ်။ ဘာလို့လဲဆိုတော့ ဆရာတို့ ဒိပညာလမ်းစဉ်တွေ စတက်ခဲ့ကတည်းက အလင်းလမ်းနဲ့ အမှောင်လမ်းဆိုပြီး ရွေးချယ်ခဲ့ကြရတယ်။ ဆရာဆိုရင် အမှောင် လမ်းကို ရွေးချယ်ခဲ့မိတယ်။ အမှောင်ထဲက ပရလောကသားတွေ ကို ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ဖို့ လေ့ကျင့်သင်ကြားခဲ့ရတာပေါ့ကွ၊



www.burmeseclassic.com

www.burmeseclassic.com



ခုပဲကြည့်"

ဆရာဝင်းက မှောင်မည်းနေသော ချောင်းရေပြင် တစ်နေရာကို လက်ညှိုးညွှန်ပြသည်။

မင်းဒင် ကြည့်လိုက်သည်။

ဘာမျှမရှိ။ ရေပြင်ပကတိသာ။

"မနေ့ကမှ ရေနစ်သေထားတဲ့ ပရဘိုက်သားက တို့ကို စိုက်ကြည့်နေတယ်"

ဆရာဝင်းစကားက ကြက်သီးထစရာပင်။

"ဟုတ်တယ် မင်းဒင်၊ သူတို့တစ်တွေက ဆရာ့မိတ်ဆွေ လိုပဲ၊ အေး မိတ်ဆွေရှိသလို ရန်သူတွေလည်း ရှိတာပေါ့၊ တို့သွား မယ့် ဒေသမှာ တို့ကို အန္တရာယ်ပေးမှာကတော့ စုန်းတွေ ပဲ၊ စုန်းတွေက ငါတို့လို ဆရာတွေကို အင်မတန် မုန်းတာ။ ဘာပဲလုပ်လုပ် သူတို့က အမြဲအန္တရာယ် ပေးနေတာ၊ သူတို့ကိုလည်း လျှော့တွက်လို့ မရဘူး မင်းဒင်။ စုန်းပညာသည် တွေ ထက်ပြီဆိုရင် ငါတို့တောင် နောက်ပြန်ပြေးရတာမျိုးတွေ ရှိတယ်"

ညအခါ ချောင်းရေပြင်ထက် လှေက ရွေ့လျားနေ သည်။ ဆရာဝင်း စကားရပ်သွားသည့်အခါ လှေသမား၏ တက် ခတ်သံ တကျွိကျွိသာ ကြားရပြန်။ မင်းဒင်ကတော့ ဆရာဝင်း၏ စကားကို နားထောင်ပြီး ကြောက်စရာကောင်းလှပါသည် ဆိုသော စုန်းများကို ပုံဖော်ကြည့်နေမိသည်။ အိုးတဝါးည



www.burmeseclassic.com

www.burmeseclassic.com



လရောင်အောက်မှာ အဝေးက သစ်သ  ခဲ့တဲ့တားလေးကို လှမ်းတွေ့ရသည်။

"ဟော ဟိုက တံတားလေးမှာ ရပ်ကြစို့ဟေ့"

ဆရာဝင်း ပြောသည့်အတိုင်း လှေဆရာ လှေကို ဆိုက်ကပ်ပေးလိုက်သည်။ လှေကလေးက ဆရာဝင်းတို့ကို တံတားလေးပေါ် ထားခဲ့ပြီး ကျောခိုင်းကာ ပြန်သွားလေပြီ။

မြစ်ဆိပ်နှင့် ရွာမှာ အလှမ်းဝေးသည်။ ဒါက ပြဿနာမရှိ။ ဝါးရုံတောအုပ်နှစ်ခုကြား လမ်းကျဉ်းကလေးကို ဖြတ်ရမည်။ ဆရာဝင်း ခြေလှမ်းတွေ ရုတ်တရက် တုံ့ခနဲ ရပ်သွားသည်။

"နယ်မသန့်ဘူးဟေ့ ဗလကြီး မောင်မင်းဒင် သတိထား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ပြောမယ့်သာ ပြောလိုက်ရသည်။ နယ်မြေမသန့်ဘူးဆိုတာကို မင်းဒင် ဘာမှန်းမသိ။ ဝါးရုံပင်အုပ်နှစ်ခုကြား လမ်းကျဉ်းကလေးကို ဆရာတပည့် သုံးယောက်သား ခြေလှမ်းမှန်မှန်လျှောက် လာကြသည်။

"ဝူး. . . ဖရော. . . ဖရော"

ညာဘက်ရှိ ဝါးရုံပင်တချို့ လေမတိုက်ဘဲ လှုပ်ခတ်သွားသည်။

"သတိထား"

ဆရာဝင်း၏ သတိပေးသံ။

ဘယ်ဘက်ရှိ ဝါးရုံပင်များလည်း ဝေါဝေါ လှုပ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြန်သည်။

ဒီတစ်ခါတော့ အရိပ်မည်းကြီးများကိုပါ တွေ့လိုက်ကြရသည်။

"ဒီနယ်ကတော့ တို့ကို စမ်းပြီ၊ ဗလကြီး အင်းတစ်ချပ်ဖြင့်ထားဟေ့"

ဆရာဝင်းက အသံခပ်အုပ်အုပ်နှင့်ပြောသည်။

ဗလကြီးက လွယ်အိတ်ထဲမှ ငွေပြားလေးတစ်ချပ်ထုတ်ကာ လက်ဝါးပေါ် တင်ထားလိုက်သည်။ ငွေပြားလေးပေါ်တွင် ဆရာဝင်း စီရင်ထားသည့် အင်းကွက်ပါသည်။

"ရပ်စမ်း"

ဆရာဝင်းက အသံကျယ်ကျယ်နှင့် အော်လိုက်ပြီး ရှေ့ရှိ ဝါးရုံပင်လမ်းကြားလေးကို စူးစိုက်စွာ ကြည့်နေသည်။

"မောင်မင်းဒင် လွယ်အိတ်ထဲက ဆေးကြိမ်လုံး လှမ်းယူထားလိုက်၊ မည်းမည်းမြင်သမျှ လက်ဦးအောင်သာရိုက်၊ အနားကပ် မရဲနဲ့ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

မင်းဒင်က ဗလကြီး ကမ်းပေးသော ဆေးကြိမ်လုံးကို လှမ်းယူပြီး ဆရာဝင်း ကြည့်နေသောနေရာကို ကြည့်သည်။ ဘာမှ မမြင်ရ။

"ဆရာ့နား လာစမ်းဟေ့ မင်းဒင်"

မင်းဒင် ဆရာဝင်းနား တိုးကပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးမှိတ်ထား"

ဆရာဝင်းပြော၍ မင်းဒင် မျက်လုံးများကို မှိတ်ထားလိုက်သည်။

ဆရာဝင်းက တိုက်ပုံအင်္ကျီအိတ်ထောင်ထဲမှ အင်းတစ်ချပ်ကိုထုတ်ပြီး မင်းဒင်မျက်လုံးများပေါ် ပွတ်ပေးသည်။ ပါးစပ်မှလည်း ဌာန်ကရိုဏ်းကျကျနှင့် မန္တန်တစ်ခုကို ရွတ်ဆိုသည်။

"မင်းဒင် မျက်လုံးကို ဖြည်းဖြည်းဖွင့်၊ မကြောက်နဲ့ကွနော်"

"ဟုတ်ကဲ့ ဆရာကြီး စိတ်ချပါ"

မင်းဒင်မျက်လုံးကို ဖြည်းဖြည်းဖွင့်သည်။

"ဟာ"

သတ္တိကောင်းလှပါသည်ဆိုသော မင်းဒင် 'ဟာ'ခနဲ ဖြစ်သွားရသည်။

သူတို့သွားမည့် လမ်းကျဉ်းကလေးကို ပိတ်ရပ်နေသည့် သည်းမည်းအကောင်ကြီးနှစ်ကောင်။ အရပ်က ခြောက်ပေကျော်သည်။ အမွေးထူကြီးတွေနှင့်။ မျက်လုံးနေရာတွင် ဘာမှမရှိ။ ပါးစပ်ပြဲပြဲကြီးမှ သွားချွန်ကြီးတွေ ထွက်နေသည်။ နားရွက်တွေက ကြီးမား ချွန်ထွက်နေပြီး တဖျတ်ဖျတ် လှုပ်နေသည်။

ဆရာဝင်းက ပါးစပ်တွင် လက်ညှိုးထောင်ပြီး တိတ်တိတ်နေရန်ပြောသည်။ ပြီးတော့ ဗလကြိုးထဲမှ အင်းကို လက်ဝါး



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ကာ တောင်းသည်။ အားလုံး တိတ်တဆိတ် လှုပ်ရှားကြ
သည်။ ရှေ့မှ အ(ကောင်)ကာင်ကြီးနှစ်ကောင်က အသံဗလံများ နားစွင့်
ရင်း ရှေ့သို့ တဖြည်းဖြည်း တိုးလာသည်။

ဆရာဝင်းကို အင်းအကို ပါးစပ်နားယူပြီး မန္တန်တစ်ပုဒ်
တိုးတိုးရွတ်ဆိုသည်။

ထိုတိုးတိုးအသံကလေးကြောင့်ပင် ရှေ့မှ အကောင်ကြီး
နှစ်ကောင်က ဆတ်ခနဲ ဖြစ်သွားပြီး ပါးစပ်ကြီးများဖြကာ ဝုန်းဆို
ရှေ့တိုးလာကြသည်။

ဆရာဝင်းက ပြေးဝင်လာသော အကောင်ကြီးနှစ်ကောင်
ကို မန္တန်စုပ်ထားသော အင်းချပ်ဖြင့် ပေါက်လိုက်သည်။

ဝင်းခနဲ၊ လက်ခနဲ။

ပစ်လွှတ်လိုက်သောအင်းက အရောင်တွေဖြာလျက်
ပြေးဝင်လာသော အကောင်ကြီးတစ်ကောင်ကို တည့်တည့်ထိ
သည်။

"ဝုန်း"

အခိုးတွေ လုံးခနဲ ထသွားသည်။

တစ်ကောင်တော့ သွားပြီ။

ကျန်အကောင်ကြီးက ဆက်ပြေးဝင်လာသည်။

"ဗလကြီး အင်းချပ် ထပ်ထုတ်"

ဆရာဝင်းက အင်းချပ် ထပ်တောင်းသည်။ ဗလကြီးက
လက်နှေးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မင်းဒင်က ဆေးကြိမ်လုံးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ရွှေ့တိုးလိုက်သည်။

"ရွှမ်း ရွှမ်း"

ဆေးကြိမ်လုံးက လေတွင်ဝင့်ပြီး တိုးဝင်လာသော အကောင်ကြီးကို နှစ်ချက်တိတိ ဖွိထိမိမိ ရိုက်ချလိုက်သည်။

"အူး"

အကောင်ကြီးက နောက်ပြန်ဆုတ်သွားသည်။ ဆရာဝင်းလက်ထဲ အင်းချပ် ရောက်လာပြီ။

"ကိုင်း. . . ရော့"

ဆရာဝင်းက မာန်ထည့်ပြီး အင်းချပ်ကို ပေါက်လိုက်သည်။

"ဝုန်း"

တည့်တည့်မှန်ပြီး အခိုးအငွေ့တွေကြားမှာ အကောင်ကြီး ပျောက်ကွယ်သွားသည်။

"ဟင်း"

ဆရာဝင်းက သက်ပြင်းချလိုက်ပြီး-

"မျက်လုံးမဲ့ စုန်းတွေပဲ မင်းဒင်၊ တို့ကိုစောင့်ပြီး လုပ်ကြတာ၊ ဒင်းတို့လိုမျိုးကောင်တွေက ငါတို့လို ဆရာတွေကို ဒီလိုဝင် မတိုက်ရဲကြဘူး၊ အင်း. . . နောက်ကွယ်ကနေ စေခိုင်းတဲ့သူ တော့ ရှိနေပြီ၊ ကဲ လာ လာ ခရီးဆက်ကြစို့"

ဆရာဝင်းစကားကြောင့် မင်းဒင် အနည်းငယ် စိတ်



www.burmeseclassic.com

www.burmeseclassic.com



လန့်မိသည်။

"အိုကွာ ဘာကောင်တွေပဲဖြစ်ဖြစ် သေသေကျေကျေ တိုက်ပစ်ရုံပဲ၊ နေ့ခင်းကဆုံး တစ်သက်စားမကုန်တဲ့ ပစ္စည်းတွေရရင် ရွာပြန်ပြီး အမေမေစောနဲ့ အေးအေးချမ်းချမ်း ပြန်နေရုံပဲ"

ဟု ဖေတွေးကာ ခြေလှမ်းများကို ရှေ့ဆက်ခဲ့လေသည်။

အရှေ့ဘက်တက်ချိန်လောက်တွင် ယာတောစပ်တစ်နေရာသို့ ရောက်လာကြပြီး အသင့်တွေ့ရသော ယာစောင့်တဲလေး တစ်လုံးတွင် မင်းဒင်တို့ စတည်းချကြသည်။ ယာတဲရှင်က ယာဂု များ ကျွေးကာ တိုက်သဖြင့် အစဉ်သင့်သွားကြသည်။ တစ်နေကုန် အနားယူအိပ်စက်ကြပြီး ညနေစောင်းတော့ ခရီးဆက်ဖို့ ပြင်ဆင် ကြသည်။ ဆရာဝင်းက ယာတဲပိုင်ရှင်ကို အဆောင်လက်ဖွဲ့တချို့ ထုတ်ပေးသည်။ ယာတဲရှင်က ရိုရိုသေသေ လက်ခံယူသည်ကို တွေ့ရသည်။ ဆရာဝင်းကို ပညာသည်မှန်း ရိပ်စားမိပုံပေါ် သည်။

ယာတဲအပြင်တွင် ခရီးဆက်ရန် ဟန်ပြင်ကြရင်း ဆရာ ဝင်းက အနောက်စူးစူးရှိ တောင်ကြီးတစ်လုံးကို လက်ညှိုးညွှန်ရင်း ယာတဲရှင်ကို မေးသည်။

"ဟော ဟိုက တောင်ပေါ်ကို တက်ဖူးလားကွ"

ယာတဲရှင် မျက်နှာပျက်သွားပြီး-

"ဆရာတို့က အဲဒီတောင်ကို တက်မလို့လား၊ မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော်တို့ဆို အဲဒီတောင်ပေါ်ကို ညဘက် မပြော နဲ့၊ နေ့ဘက်တောင် လူစုပြီးမှ တက်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝင်းက ပြုံးလိုက်ပြီး-

"ဟော. . . ဘာဖြစ်လို့လဲကွ"

"ဟာ ဆရာကလည်း အဲဒီတောင်ထိပ်မှာက စုန်းတွေ သိပ်မြူးတာ၊ လကွယ်ညတွေဆို မီးလုံးကြီးတွေ တောင်ထိပ်မှာ ဝဲနေ တာ ဒီနားကလူတွေ အတုန်တွေ့ဖူးကြတယ်"

ယာရှင်က ရှင်းပြရင်း ထိတ်လန့်လာပုံဖြင့် တောင်ကြီးတို လှမ်းကြည့်နေသည်။

"အေး ဒါဆိုရင်တော့ သေချာပြီဟေ့၊ မောင်မင်းဒင်၊ ဗလကြီး"

"ဗျာ ဆရာ"

"တို့တွေ တောင်ပေါ် စတက်ကြစို့"

"ခင်ဗျာ"

ဗလကြီးထံမှ အာမေဋိတ်သံ ကြားလိုက်ရသည်။

မင်းဒင်ကတော့-

"ကောင်းပါပြီ ဆရာကြီး"

❑

## ညောင်နှစ်ပင်သိုက်

မင်းဒင်တို့ တောင်တက်ခရီးကား စပြီ။ အသင့်လုပ်လာသော ကညင်ဆီမီးတိုင်ကြီးကို မင်းဒင်နှင့် ဗလကြီးတစ်ယောက် တစ်လှည့်စီ ကိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေလျင်လမ်း စွပ်ကြောင်းရာလေးအဆိုင်း ဖြည်းဖြည်း တက်ခဲ့ကြသည်။ လမ်းတစ်လျှောက် လေငြိမ်သည်မှာ မီးတုတ်မှ မီးတောက်မျှပင် မလှုပ်ရှား။ သစ်ရွက်လှုပ်သံပင် မကြားရ၊ တိတ်ဆိတ်လွန်းသဖြင့် အခြားကမ္ဘာတစ်ခုကိုပင် ရောက်သွားလေသလားဟု ထင်ရသည်။

ဆရာဝင်းကလည်း ထိုထူးခြားချက်ကိုပင် ရှင်းပြသည်။

"ဘယ်လိုလဲ မောင်မင်းဒင် တိတ်ဆိတ်လွန်းအားကြီး မနေဘူးလား"

"ဟုတ်ပါ့ ဆရာကြီးရာ"

"အေး အဲဒါ 'စုန်းအုပ်'တယ် ခေါ်တယ်၊ တစ်ချို့စုန်းက ပညာစုံရင် လူတစ်ယောက်အပေါ် အုပ်ထားနိုင်တယ်။ အခု တောင်ပေါ်က စုန်းကြီးကတော့ ဒီတစ်တောင်လုံးကို သူ့ပညာနဲ့ အုပ်ထား နိုင်သလိုမဲ့ကွ၊ တစ်တောင်လုံး တိတ်ဆိတ်လို့ တို့ လှုပ်ရှားတာ ပြောတာတွေအားလုံး သူမြင်နေ၊ ကြားနေရမှာပဲ၊ ဝါး တောထဲတုန်းက သူ လွှတ်လိုက်တဲ့ 'မျက်လုံးမဲ့စုန်း' နှစ်ကောင် အဖြစ်ဆိုးသွားတာမို့ အတဲခတ်နေပုံရတယ်ကွ"

"ဟုတ်တယ် ဆရာကြီး၊ ဧကန္တ ဒင်း ကျွန်တော်တို့ကို ကြောက်နေပြီလား မသိဘူး"

ဗလကြီးက မှတ်ချက်ဝင်ပေးလိုက်သည်။

"ဟား. . . ဟား. . . ဟား. . . ဟား"

အသံနက်ကြီးဖြင့် ကျယ်လောင်စွာ ရယ်မောသံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသည်။ တိတ်ဆိတ်နေချိန်တွင်ဖြစ်၍ ထိုအသံကြီးက နှလုံးကို့ တဆတ်ဆတ် တုန်စေသည်။

"တောက်"

ဆရာဝင်း တောက်ခေါက်သည်။

"ဟေ့ ပညာထက်ရင် ထွက်ခဲ့ပါတော့လား၊ ချောင်ထဲက နေ ပုန်းရယ်မနေနဲ့ကွ"

ရယ်သံကြီး ရပ်သွားပြီး တောင်ပေါ်မှ မီးရောင်လက် လက်ကလေးများ လေထဲမှ ထိုးကျလာသည်။ အလွန်မြန်သော အရှိန်ဖြင့် ကျလာခြင်းဖြစ်ရာ ချက်ချင်းပင် မီးရောင်ကလေးများ မှ မီးလုံးငယ်၊ မီးလုံးငယ်မှ စကောချပ်လောက်ရှိသည့် အရွယ် အဖြစ် ချက်ချင်းမြင်ရသည်။

"ဗလကြီး လွယ်အိတ် ငါ့ပေးထား"

ဆရာဝင်းက ဗလကြီးထံမှ လွယ်အိတ်ကို ယူထားလိုက် သည်။

မီးလုံးကြီးများ နီးလာသည်နှင့်-

"ဝီ ဝီ ဝီ ဝီ"

ဟူသော အသံကြီးများပါ ကြားလာရသည်။

နီရဲစွာလောင်နေသော မီးတောက်လုံးကြီးထဲတွင် ကြောက်မက်ဖွယ်ရာ မျက်နှာကြီးများကို မြင်နေရသည်။

"ဟွန်း"

ဆရာဝင်းက တောင်ပေါ်မှ ဆင်းလာသော မီးလုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



များကို မမှု။

လွယ်အိတ်ထဲမှ ဆေးလုံးလေးအချို့ ယူလိုက်ပြီး-

"မောင်မင်းခင်၊ ဗလကြီး ရော့ ဒါလေးတွေ ယူထား။ ဒီကောင်တွေ အနားကပ်လာတာနဲ့ ထိအောင်ပေါက်၊ ဘာမှ မကြောက်နဲ့ကွ်နော်၊ ဆရာတစ်ယောက်လုံးရှိတယ်"

"ဝူး. . . ဝေါ"

ထိုစဉ်မှာပင် မီးလုံးကြီးတစ်လုံး ပြေးဝင်လာသည်။ မီးလုံးကြီးထဲမှ ခေါင်းပြတ်ကြီးက သွေးပါးစပ်ပြဲကြီးကို ဖြဲဟလိုက်သည်။ ဆိုးလိုက်သည့် အနံ့ကြီး။

မင်းခင် နှာခေါင်းကို ပိတ်ထားလိုက်သည်။ ဆရာဝင်းကတော့ အတွေ့အကြုံရှိသူမို့ အသက်ကို ကြံ့အောင့်ထားကာ လက်ထဲမှ ဆေးလုံးကို ပါးစပ်ပြဲကြီးထဲ တည့်တည့်ချိန်ပေါက်လိုက်သည်။

"အား"

"ဟိုးတောင်ပေါ်မှ လူတစ်ယောက် နာကျင်စွာ အော်ဟစ်သံကြားရပြီး ဆေးလုံးဝင်သွားသော မီးတောက်ခေါင်းကြီးမှာ အမှောင်ထဲ ဆုတ်ဝင်သွားပြီး ပျောက်ကွယ်သွားသည်။

ထိုအချိန်ဝယ် ဗလကြီးမှာ သွေးထံ တိုးဝင်သွားသော မီးလုံးကြီးနှစ်လုံးမှ ခေါင်းပြတ်ကြီးများကြောင့် မြေပေါ်လဲကျနေသည်။ ခေါင်းပြတ်ကြီးများမှထွက်သော အနံ့ဆိုးကြီးဒဏ်ကို ဗလကြီး ခံနိုင်ပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



မင်းခင်က အသက်ကို တတ်နိုင်သလောက်အောင့်ပြီး ဆရာဝင်း ပေးထားသော ဆေးလုံးများနှင့် မီးတောက်ခေါင်းပြတ်ကြီးများကို အလျှင်အမြန် ပစ်ပေါက်လိုက်သည်။

"ဝုန်း . . ဝူး"

ဆေးလုံးတာ ဒီလိုစုန်းတွေအတွက် ဆရာဝင်း အထူးစီရင်ထားသော ဆေးလုံးများဖြစ်ပုံပေါ်သည်။ စုန်းတွေ ဆေးလုံးဒဏ်ကို မခံနိုင်၊ သေထဲမှာ ပျောက်ကုန်ကြသည်။ တောင်ပေါ်မှ အသံကျန် ခြစ်အော်သံများကို ကြားရသည်။

"ကိစ္စတော့ ပြတ်ကုန်ပြီ မောင်မင်းခင် မင်း တော်တယ်ဟေ့၊ ရှော့ ဒီပုလင်းလေးကို ဗလကြီးနှာဝ တေ့ပေးလိုက်"

မင်းခင်က ဆရာဝင်းပြောသည့်အတိုင်း အမြန်ဆောင်ရွက်သည်။ ဗလကြီး လန်းလန်းဆန်းဆန်း ဖြစ်လာပြီး-

"ဆိုးလိုက်တဲ့အနံ့ကြီးတွေဗျာ ဆရာကြီးရာ"

"အေး ဆိုးမှာပေါ့ကွ၊ ဒါ 'ချေးစားစုန်း' တွေကွ၊ တောင်ပေါ်တကောင်ကြီးဆီမှာ တပည့်လာခံပြီး ပညာတက်နေကြတာ ဖြစ်မယ်"

"ဒီကောင်တွေတောင် ဒီလောက်ဆိုးနေရင် တောင်ပေါ်က ကောင်ကြီးဆိုရင်တော့ ဆရာကြီးရေ. . ."

"မပူပါနဲ့ ဗလကြီးရာ၊ ဆရာ အကုန်စီမံလာပါတယ်၊ ခင်းတို့သာ သွေးရဲကြစမ်းပါစေ"

❑



www.burmeseclassic.com

www.burmeseclassic.com



ဆရာတပည့်သုံးဦး တောင်ပေါ်ဆက်တက်ခဲ့ကြသည်။ ပတ်ဝန်းကျင်ကတော့ တိတ်ဆိတ်လျက်၊ မှောင်မဲလျက်။ ယိမ်းထိုးနေသော ကညင်ဆီမီးတိုင်အောက်တွင် ဘေးမှသစ်ပင်ကြီးငယ်တို့ အရိပ်များက လှုပ်ရှားနေကြသည်။ ညအမှောင် ကြယ်ရောင်သဲ့သဲ့အောက်တွင် တောင်ထိပ်ကို လှမ်းမြင်နေရပြီ။

ထိုစဉ်မှာပင်-

"ဝုန်း၊ ဂွျတ်. . . ဂွျတ်. . . ဂွျတ်"

ဘေးဝဲယာရှိ သစ်ပင်ကြီးများမှာ ကိုင်းညွတ်ကျလာသည်။

"ဟား. . . ဟား. . . ဟား. . . ဟား"

"ဝူး. . . အူး. . . အူး. . . အူး"

သစ်ပင်ကြီးများထဲမှ လူရယ်သံကြီးများ ပေါ်ထွက်လာသည်။

"မောင်မင်းဒင်၊ ဗလကြီး ရှေ့ ဒီသံချွန်တွေ ယူထား၊ ဒါ ကိုးသရိုင်းသံတွေ၊ ခု တို့ကြုံရမှာက သစ်စုန်းပင်တွေ၊ သံချွန်နဲ့သာ မိမိရရ ထိုးစိုက်လိုက်၊ မကြောက်နဲ့"

ဆရာဝင်း စကားအဆုံး ပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးများမှာ အော်သံ ရယ်သံ အမျိုးမျိုးပေးတာ မင်းဒင်တို့သုံးယောက်ကို ဝိုင်းတိုက်ခိုက်ကြလေသည်။ သစ်ကိုင်းသစ်ခက်များမှာ တစ္ဆေလက်တံရှည်ကြီးနှင့် တူလှသည်။ အချို့အပင်များမှာ နွယ်ပင်များဖြစ်ပြီး မင်းဒင်တို့ ခြေလက်များကို လာရောက်ရစ်ပတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်လှမ်းမီရာ သစ်ကိုင်း၊ နွယ်ပင်များကို လက်ထဲရှိ သံချွန်များနှင့် ထိုးစိုက်တိုက်ခိုက်ကြသည်။ သံချွန်နှင့် မိမိရရ ထိုးမိသောအပင်၊ အကိုင်းများမှာ 'အားခနဲ၊ အူးခနဲ' အော်ကာ အသက်မဲ့ သစ်ပင်များ ဖြစ်သွားကြသည်။

ထိုသို့ တိုက်ခိုက်နေသည့်ကြားမှပင် ဆရာဝင်းနှင့် မင်းဒင်မှာ သစ်ကိုင်းချွန်ကြီးများ၏ ရိုက်လှဲချလိုက်ပြီး နွယ်ပင်ရှည်များက ခြေလက်တို့ကို တုပ်နှောင်ထားခြင်းကို ခံလိုက်ရလေသည်။

ထိုအချိန်ဝယ် ဗလကြီး၏ သန်မာဖျတ်လတ်မှုက အသုံးဝင်လေပြီ။

ဗလကြီးသည် သံချွန်နှင့် မည်းမည်းမြင်ရာ အပင်များကို တရစပ် ထိုးစိုက်သည်။ သူ့ကို တိုက်ခိုက်လာသော သစ်ကိုင်းများကို ဖြိုးဖြိုးဖြောင်းဖြောင်းမြည်အောင် ခြေလက်တို့ဖြင့် ကန်ကြောက်ရိုက် ချိုးပစ်သည်။ ရစ်ပတ်လာသော နွယ်ပင်တို့ကို ဆွဲဖြတ်ပစ်သည်။ ဗလကြီး၏ သွေးရူးသွေးတန်း တိုက်ခိုက်မှုက ကြောက်ခမန်းလိလိ ပင်။ လူသား၏ စွမ်းပကားကို သစ်စုန်းတွေ အရှုံးပေးရတော့သည်။ ချက်ချင်းပင် ပတ်ဝန်းကျင်ရှိ အပင်များ 'စုန်းထွက်' သွားကြပြီး သက်မဲ့ကုန်ကြတော့သည်။

ဗလကြီးက ဆရာဝင်းနှင့် မင်းဒင်တို့ကိုယ်ပေါ်တွင် ရစ်ပတ်နေသော နွယ်ကြီးများကို ဖြည်ပေးလိုက်သည်။ နွယ်ကြီးများ ပြေသည်နှင့် ဆရာဝင်းက မတ်တတ်ထရပ်လိုက်ပြီး ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



တကြိမ်း ပြောသည်။

"တောက် စုန်းပါးဝလို့ကွာ၊ တဲ တောင်ပေါ် အမြန်တက်ပြီး ဒင်းနဲ့ စာရင်းရှင်းကြစို့ကွာ"

ပြောပြီး ဆရာဝင်းက ရှေ့မှ သုတ်သုတ်တက်သွားရာ မင်းဒင်နှင့် ဗလကြီးလည်း အမြန်လိုက်သွားကြရ၏။

❑

တောင်ဇော်တွင် သစ်ပင်အုပ်ကလေးတစ်အုပ် ရှိသည်။ သစ်ပင်များမှာ ကျိုးတိုးကျဲတဲ ပေါက်နေ၏။ ထိုသစ်ပင်အုပ် အလယ်တွင် ညောင်ပင်ကြီးနှစ်ပင် ကြီးမားစွာ တည်ရှိ၏။ ထိုညောင်နှစ်ပင်ကြား မြေကွက်လပ်မှာ ပြန့်ပြူးညီညာနေပြီး ဘာအပင်မှ မရှိ။

ဆရာဝင်းက ထိုမြေပြန့်ကွက်လပ်ကို လက်ညှိုးညွှန်ပြပြီး ပြောသည်။

"ကဲ ဟောဟိုနေရာကို ရောက်အောင် သွားကြစို့၊ တို့တော့ ပန်းတိုင်နား နီးလာပြီဟေ့"

ကျိုးတိုးကျဲတဲ သစ်ပင်အုပ်ကလေးကို ဖြတ်နေစဉ်-

"ရပ်လိုက်ကြစမ်း"

ကျယ်လောင်သော အသံကြီး။

ပြီးတော့ စောစောက ဘာမျှမရှိသည့် ညောင်နှစ်ပင်ကြား မြေပြန့်နေရာတွင် အနက်ရောင် အခိုးအငွေ့များ တလူလူ ထနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝင်း ခြေလှမ်း တန့်သွားသည်။

အနက်ရောင်အခိုးများ ပျောက်သွားပြီး မြေပြန့်နေရာတွင် ဆောင့်ကြောင့်ကြီး ထိုင်နေသည့် အဘိုးကြီးတစ်ဦးကို တွေ့ရသည်။ အဝတ်အစားက နန်းတွင်းခေတ် ဝန်ကြီးများဝတ်သည့် အင်္ကျီလို ဖားလျားကြီး။ အသားအရေက မည်းနက်နေသည်။ မျက်လုံးများ တလက်လက်တောက်နေပြီး လက်သည်းချွန်ရှည်ကြီးများ ရှိသည်။

ဆရာဝင်းက ခါးထောက်ပြီး-

"ဒီမယ် အဘိုးကြီး၊ ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စ ဝင်မပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် တော်တော်စွမ်းတယ် ထင်နေလား"

ဟု ပြောလိုက်သည်။

"ဟဲ့ ငမိုက်သား လောဘကောင်၊ နင် ဘာအကြံနဲ့ လာတယ်ဆိုတာ သိတယ်၊ နင်သာ ကိုယ့်အလောင်းကိုထမ်းပြီး ပြန်သွားရမယ်"

အဘိုးကြီးက ဆရာဝင်းကို ပြန်လည်ခြိမ်းခြောက်သည်။

"စွမ်းမယ်ထင်ရင် စမ်းကြည့်လိုက်လေ"

ဆရာဝင်းက နူတ်ခမ်းမွေးကို လက်နှင့်သပ်ရင်း စိန်ခေါ်လိုက်သည်။

"ကဲ မင်းဒင်နဲ့ ဗလကြီး ဟောဟိုကခြုံထဲ ခဏဝင်နေကြ၊ ဘာပဲဖြစ်ဖြစ် ထွက်မလာနဲ့၊ ဆရာ လာဆိုမှ လာကြ၊ ဒီကောင်ကြီးက စုန်းသက်အတော်ရင့်နေပြီ၊ အသက်လည်း ရာချီနေ



www.burmeseclassic.com

www.burmeseclassic.com



လောက်ပြီ၊ လျှော့တွက်လို့တော့ မရဘူး၊ ဒါပေမဲ့ ဒီကောင်ကြီးကို မောင်းထုတ်နိုင်မှ တို့အကြံ အောင်မှာ"

"ဟဲ့ ငမိုက်သား ဘာတွေကြိတ်ကြံနေတာလဲ၊ ထွက်ပြေးမလို့လား၊ လွတ်မယ် မထင်နဲ့"

အဘိုးကြီးက မတ်တတ်ရပ်လိုက်ပြီး ပြောသည်။

ဆရာဝင်းက ဘာမှမပြော။ လွယ်အိတ်ထဲမှ အင်းပြားတစ်ချပ်ကိုယူပြီး လက်ဝါးပေါ်တင်ကာ ပွတ်လိုက်သည်။ အင်းချပ်က လက်ဝါးပေါ်တွင် ပျောက်ကွယ်သွားသည်။ ထိုလက်ဝါးကို အဘိုးကြီးဘက်သို့ ဆန့်ထုတ်လိုက်သည်။

"ရှိုး. . . ချွင်. . . ချွင်"

ငွေရောင်အလင်းစက်ဝိုင်းများ အဘိုးကြီးထံ လွင့်ထွက်သွားသည်။

"ဟင်း ဟင်း ဟင်း"

အဘိုးကြီးက ရယ်သည်။ လက်သည်းချွန် မည်းမည်းကြီးများကို ရှေ့သို့ ဆန့်တန်းပြီး ပါးစပ်မှ မန္တန်တစ်ခုကို ရွတ်ဆိုနေသည်။

ဆရာဝင်းလက်မှ ထွက်သွားသော ငွေရောင်စက်ဝိုင်းအလင်းရောင်များကို အဘိုးကြီးက လက်သည်းချွန်ကြီးများဖြင့် ဖြတ်တောက်ဖျောက်ဖျက်ပစ်သည်။

အဘိုးကြီးက သူ့လက်ဝါးပေါ် ... ထွီ ဟုနဲ့ တံတွေး ထွေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

အဘိုးကြီး လက်ဝါးပေါ် တွင် နီရဲ တောက်ကြီး တစ်ခုပေါ် လာသည်။ ထိုမီးတောက်ဖြင့် ဆရာဝင်းကိုပေါက်သည်။

"ဝုန်း ဝုန်း ဝုန်း"

မီးတောက်များဖြင့် ဆင့်ကာ ဆင့်ကာ ပေါက်သည်။ သက်ပေါ်က မီးတောက်မှာ ငြိမ်းသွားသည် မရှိ။ ပစ်တိုင်းထွက် နေသည်။

ဆရာဝင်း ပျာယာခတ်နေသည်။ ဆေးကြိမ်လုံးဖြင့် သူ့ ထံ ဝင်လာသော မီးတောက်များ ရိုက်ဖယ်နေရသည်။

"ဟား ဟား ဟား ဟား ဘာတတ်နိုင်သေးလဲကွ ဟေ၊ လောဘသား၊ သိုက်သမား သေပေတော့၊ ရော့ကွာ ငါနေတဲ့ နေရာမှာ သိုက်လာတူးချင်ဦး"

မီးတောက်များဖြင့် အဘိုးကြီးက သူအနိုင်ရတော့မည် ဆင်ပြီး တရစပ် ပစ်ခတ်နေသည်။

မီးတောက်အချို့က ဆရာဝင်း၏ ဆေးကြိမ်လုံးကိုပင် တောက်လောင်လျက် ရှိနေပြီ။ ဆရာဝင်းသည် မီးတောက်များ ကို ဖယ်ရင်း အံ့ကြိတ်ကာ-

"သယ်. . . ဒီအဘိုးကြီး ရော့"

တိုက်ပုံအကျႌအိတ်ထဲမှ အဖြူရောင်ဆေးလုံးကိုထုတ် ကာ ပစ်ပေါက်လိုက်သည်။ မန္တန်စုပ်ခြင်းပင် မပြုတော့။

"အုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဆေးလုံးက လေထဲတွင် ပေါက်ကွဲသည်။

အဘိုးကြီး နောက်ဆုတ်လိုက်ရသည်။ လက်ထဲမှ မီးတောက်လည်း ငြိမ်းသွားသည်။ ဆရာဝင်းက သူ့လွယ်အိတ်ထဲမှ အနီရောင် အထုပ်တစ်ထုပ်ကို ဆွဲထုတ်လိုက်သည်။ ထိုအထုပ်ကို ဖြည်ချလိုက်ရာ ကျောက်သားပန်းပုရုပ်နှစ်ရုပ် မြေပေါ် ကျလာသည်။ အရုပ်တွေက ဘီလူးရုပ်၊ တင်းပုတ်ကိုင် ဘီလူးရုပ်တွေ။ ဆရာဝင်းက လက်ထဲမှ အနီရောင်ပိတ်စဖြင့် အရုပ်နှစ်ရုပ်ပေါ် အုပ်လိုက်သည်။ ပိတ်စပေါ်တွင် အင်းတွေအပြည့်။ ပါးစပ်နားလက်သီးဆုပ်ကိုကပ်ပြီး မန္တန်ရွတ်နေသည်။

ဆရာဝင်း လုပ်ကိုင်ပုံတွေကို ကြည့်ပြီး အဘိုးကြီး လန့်နေပုံရသည်။

"မင်း. . . မင်း နာနာရုပ်အတတ်ကို တက်တာလား"

ဆရာဝင်းက ဘာမှမဖြေ။ ပါးစပ်နားက လက်သီးဆုပ်ကို အရုပ်နှစ်ရုပ်ရှိရာသို့ ဆန့်တန်းဖြည်ချလိုက်သည်။

"ဘုန်း"

အသံကျယ်တစ်ခု ကြားရသည်။ ဆရာဝင်းက အဝတ်နီစကြီးကို ဖယ်လိုက်သည်။ ကျောက်ဘီလူးရုပ်နှစ်ခုက လျှင်မြန်သော အရှိန်ဖြင့် အဘိုးကြီးထံ လွင့်ထွက်သွားကြသည်။

"သတ်"

ဆရာဝင်းက လက်ညှိုးငေါက်ငေါက်ထိုးပြီး အသံကျယ်ကြီးဖြင့် အမိန့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လွင့်ထွက်သွားသော ဘီလူးရုပ်နှစ်ခုက မြေပေါ်ပြန်ကျသည်နှင့် . . .

"ဘုန်း . . . ဝုန်း"

ခြောက်ပေခန့်မြင့်သော အရွယ်ကြီးများ ဖြစ်သွားကာ အသက်ဝင်လျက် ကျောက်တင်းပုတ်ကြီးဖြင့် စုန်းန ှာ်အဘိုးကြီးတို့ ဘယ်ညာဝိုင်းဝန်း တိုက်ကြသည်။

အဘိုးကြီးလည်း ဘာမှမတတ်နိုင်တော့ သူ့ကိုယ်သူ အခိုးအငွေ့ အမည်းများအဖြစ် ဖန်တီးလိုက်ပြီး ထိုအငွေ့မည်းများက ကောင်းကင်ထံ လွင့်ပျံကာ အဘိုးကြီး ပျောက်ကွယ်သွားသည်။ အဘိုးကြီး ပျောက်သွားသည်နှင့် ကျောက်ဘီလူးရုပ်ကြီးများမှာ မူလအရွယ်ငယ်လေးများ ပြန်ဖြစ်သွားကြသည်။

ဆရာဝင်းက အင်းစအနီကြီးနှင့် ပြန်ထုပ်ကာ လွယ်အိတ်ထဲ ထည့်ထားလိုက်သည်။

"မောင်မင်းဒင်၊ ဗလကြီး ထွက်ခဲ့ကြတော့ပေါ့"

❑

ဆရာဝင်း၊ မင်းဒင်နှင့် ဗလကြီးတို့သုံးဦး ညောင်ပင်နှစ်ပင်ကြား မြေပြန့်တွင် ရပ်လိုက်ကြသည်။

"ကဲ တို့အလုပ်က အခုမှ စရမှာကွဲ့၊ စောစောက အနှောင့်အယှက်ကောင်ကြီးကို မောင်းထုတ်နေရတာ၊ ဗလကြီးကတော့ အထူးပြောစရာ မလိုဘူး၊ ဆရာနဲ့ သိုက်တံခါးဖွင့်တဲ့ အတွေ့အကြုံ၊ သိုက်တူးတဲ့ အတွေ့အကြုံတွေ ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းဒင်ကတော့ အခုမှ ဆရာနဲ့ စလိုက်ဖူးတာဆိုတော့ နားထောင်၊ ဆရာ ပြောပြမယ်၊ ဆရာတို့ရပ်နေတဲ့ မြေကြီး အောက်မှာ ကျောက်ဖျာကြီး ရှိတယ်၊ ကျောက်ဖျာအောက်မှာ သိုက်တစ်ခုရှိတယ်၊ ဆရာတို့က အဲဒီသိုက်တံခါးကိုဖွင့်ပြီး သိုက် ထဲ ဝင်ဖို့ပဲ"

ဆရာဝင်းက အေးအေးဆေးဆေး ရှင်းပြသည်။ အချိန်မှာ ညသန်းခေါင်ယံ ဖြစ်နေပြီ။ ဗလကြီးက မီးတုတ်အသစ်နှစ်ခုကို ထပ်ထွန်းညှိသည်။ ညောင်ပင်တစ်ပင်စီတွင် မီးတုတ်တစ်ခုစီ ထိုး ချည်ထားလိုက်သည်။ လင်းလင်းရှင်းရှင်း ဖြစ်သွားသည်။

"သိုက်တံခါးကို ဖွင့်ဖို့ဆိုတာ သိုက်စောင့်ပဲ တတ်နိုင်တယ်၊ ဒီတော့ သိုက်စောင့်ကို တို့ရှေ့မှောက် ခေါ်ယူရမယ်၊ သိုက်စောင့် ခေါ်တဲ့နေရာမှာ အရေးကြီးတာက ဆရာခေါ်လို့ မရဘူး၊ မောင်မင်းဒင် ခေါ်မှရမယ်"

ဆရာဝင်းစကားကြောင့် မင်းဒင် အံ့ဩသွားရသည်။

"ဗျာ၊ ကျွန်တော်က ဘာမှမတတ်ဘူးလေ ဆရာကြီးရဲ့"

"အေး မတတ်တာက တတ်အောင်သင်လို့ ရတယ်ကွဲ့၊ မကောင်းတာကို ကောင်းအောင်လုပ်လို့ မရဘူး၊ မင်းက ငယ်တယ်၊ မကောင်းမှု ကြီးကြီးမားမား ဘာမှမလုပ်ဖူးဘူး၊ ဒါကြောင့် လိပ်ပြာလှတယ်၊ ကဲ ကဲ ဆရာ့နားလာ"

ဆရာဝင်းက မန္တန်တစ်ပုဒ် သင်ပေးပြီး ချည်မန်းကွင်း တစ်ခုကို ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ သင်ပေးတဲ့ ဂါထာကို ရွတ်၊ မင်းရှေ့မှာ ပေါ်လာတဲ့ ဘာကိုပဲဖြစ်ဖြစ် ချည်မန်းကွင်းနဲ့ စွပ်ချလိုက် မောင်မင်းဒင် ကြားတယ်နော်၊ သေသေချာချာ လုပ်ပေတော့"

□

မင်းဒင် ဆရာဝင်း သင်ပေးသည့် မန္တန်ကိုရွတ်သည်။ ဆရာဝင်းနှင့် ဗလကြီးက မမှိတ်မသုန် စောင့်ကြည့်နေကြသည်။

မင်းဒင်လည်း ချည်မန်းကွင်းကိုကိုင်ကာ စောင့်နေသည်။ ဘာမှမထူးခြား။ ဆရာဝင်းက မေးဆတ်ပြပြီး မင်းဒင်ကို မန္တန်ထပ်ရွတ်ခိုင်းသည်။ ထိုစဉ်မှာ စူးရှသော မွှေးရနံ့တစ်ခု ထူးခြားစွာ ထွက်ပေါ်လာသည်။ မင်းဒင် အသင့်ပြင်ထားသည်။ မင်းဒင်တို့ ခြေထောက်အောက်မှ မြေကြီး အသံမထွက်ဘဲ သိမ့်သိမ့်တုန်သည်။

မင်းဒင်တို့ မြင်ကွင်းထဲ မြူခိုးတွေလို ဝေ့သီလာသည်။ ထိုမြူခိုးထဲတွင် ဖြူဖြူသဏ္ဌာန်လေးတစ်ခု။ မင်းဒင် ဘာမျှစဉ်းစားမနေတော့ဘဲ လက်ထဲရှိ ချည်မန်းကွင်းကို ထိုဖြူဖြူအရိပ်ပေါ် ပစ်ချစွပ်လိုက်သည်။

"အား. . ."

မိန်းမပျိုတစ်ဦး၏ စူးစူးဝါးဝါးအော်သံ ထွက်လာသည်။

မင်းဒင် ရင်ထိတ်သွားသည်။ မြူခိုးတွေ ကွယ်ပျောက်သွားပြီး မြင်ရသည်က ကျုံ့ကျုံ့ကလေးထိုင်နေသည့် မိန်းမပျိုလေး တစ်ဦး။ မျက်လုံးဝိုင်းကြီးတွေနှင့် အလွန်ချောမောလှသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားကမူ နန်းတွင်းအဝတ်အစားမျိုး ဖြစ်သည်။ ရွှန်းလဲ့သော မျက်လုံးလှလှကြီးတွေနှင့် မင်းဒင်ကို နားမလည်စွာ ကြည့်သည်။ မင်းဒင် ပစ်စွပ်လိုက်သော ချည်မန်းကွင်းက မိန်းမပျို၏ ကိုယ်လုံးကို မိမိရရ တုပ်နှောင်မိနေသည်။

မင်းဒင်မှာလည်း မိန်းမပျိုလေးကိုကြည့်ကာ ငေးကြောင်နေမိသည်။

"ဟိတ်ကောင်မ သိုက်တံခါး ဖွင့်စမ်း"

ဆရာဝင်းသည် ဆေးကြိမ်လုံးကိုဝင့်ကာ ခြိမ်းခြောက်သည်။

မိန်းမပျိုလေးက အေးဆေးစွာ ခေါင်းခါရမ်းသည်။

"မဖွင့်နိုင်ဘူး"

အေးဆေးစွာ တုန့်ပြန်သည်။ ဆရာဝင်းက ကြိမ်လုံးနှင့် လွှဲရိုက်လိုက်သည်။

"ရွှမ်း"

"အောင်မယ်လေး"

မိန်းမပျိုက နာကျင်စွာ အော်သည်။

တော်တော်နာကျင် ခံစားရပုံပေါ်သည်။

နောက်တစ်ချက်။

"ရွှမ်း"

မိန်းမပျို၏ နာကျင်စွာ အော်သံကို မင်းဒင် မကြားရက်ဖြစ်ရသည်။ ဆေးကြိမ်လုံးဒဏ်ကြောင့် တုန်တုန်ရင်ရင် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော မိန်းမပျို့ကိုကြည့်ပြီး မင်းဒင် သနားနေသည်။ ဆရာဝင်းက ကြိမ်လုံးကို ထပ်မြှောက်ရွယ်လိုက်သည်။

"ဆရာကြီး နေပါဦး"

မင်းဒင် ဝင်တားမြစ်လိုက်သည်။

"ညီမရယ် အနာမခံပါနဲ့တော့၊ ဆရာပြောတဲ့ သိုက်တံခါးကို ဖွင့်ပေးလိုက်ပါလား"

"ဟ . . ဟင်း ရှင်ခေါ်လို့ ကျွန်မ ထွက်လာမိတာပါ ရှင်ရယ်၊ သိုက် ခါးဖွင့်ပေးလည်း ရှင့်ဆရာ ဝင်လို့မရပါဘူး၊ တစ်ခု တော့ရှိတ . ယ်၊ ရှင် သတ္တိရှိရင်တော့ ဝင်သွားလိုက်လေ"

မင်းဒင်က ဆရာဝင်းကို လှမ်းကြည့်လိုက်သည်။

"ဒီကောင်မပြောတာ ဟုတ်တယ် မင်းဒင်၊ ဆရာ ဝင်လို့ မရဘူး၊ မောင်မင်းဒင် ဝင်မှရမယ်၊ မောင်မင်းဒင်က လိပ်ပြာသန့် တယ်လေ"

"ဟိုရောက်ရင် ဘာလုပ်ရမလဲ ဆရာကြီး"

"ရော့ ဒီအိတ်ကလေး ယူသွား၊ ဟိုမှာရှိတဲ့ ရွှေငွေ ရတနာတွေ၊ ပညာရပ် ပုရပိုဒ်တွေအကုန် အဲဒီအထဲထည့်ခဲ့"

ဆရာဝင်းက ပိတ်စဖြင့် ချုပ်ထားသည့် ရှုံ့ကြိုးတပ်အိတ် ကလေးကို သူ့လွယ်အိတ်ထဲက ထုတ်ပေးသည်။

"ဆရာကြီးအိတ်က သေးသေးလေးပါလား"

"သေးပေမယ့် ကြိုက်သလောက်ထည့် ဆန့်တယ်ကွဲ့"

ဆရာဝင်းက ပြန်ပြောပြီးသည်နှင့် မိန်းမပျိုအား ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



လုံးဖြင့် ရွယ်ကာ-

"ဟဲ့ အချိန်မရှိဘူး၊ ပြောစမ်း သိုက်ထဲ ဘယ်လိုဝင်ရမှာလဲ"

"မရိုက်ပါနဲ့ ဆရာကြီး သူပြောမှာပါ"

မင်းဒင်က ဝင်ပြောသည်။

ချည်မန်းကွင်းစွပ် ထိထားသည့် မိန်းမပျိုက မင်းဒင်ကိုကြည့်ပြီး-

"ကျွန်မလည်မှာ ဆွဲထားတဲ့ ပုလဲပုတီးကို ချွတ်ယူပြီးရှင် ဆွဲလိုက်ပါ"

"သူပြောတဲ့အတိုင်း လုပ်လိုက် မောင်မင်းဒင်၊ ရှေးဆေးကြိမ်လုံးယူသွား၊ ဆရာ စီရင်ထားတဲ့ ဆေးလုံးတွေလည်းယူသွား၊ သိုက်စောင့်သရဲတွေနဲ့ တွေ့ရင်သုံး ဟုတ်ပြီလား"

မင်းဒင်က မိန်းမပျိုလည်မှ ပုလဲပုတီးကို ချွတ်ယူလိုက်ပြီး သူ့လည်၌ စွပ်မည်အပြု-

"နေဦး. . ."

ဆရာဝင်းက တားလိုက်သည်။ ပြီးတော့-

"မောင်မင်းဒင် အခု သန်းခေါင်ကျော်ပြီး အရုဏ်တက်တော့မယ်၊ အချိန်မရှိဘူး၊ ဟိုမှာ ယူစရာရှိတာတွေ အမြန်ယူပြီးတာနဲ့ မင်းလည်ပင်းက ပုလဲပုတီးကို ပြန်ချွတ်လိုက်၊ အရုဏ်မတက်စေနဲ့နော်၊ အရုဏ်တက်သွားရင် ဒီကို ဘယ်တော့မှ ပြန်လာလို့ရမှာ မဟုတ်တော့ဘူးဆိုတာ မြဲမြဲမှတ်ထား၊ ကဲ လုပ်လုပ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝင်းစကားကို မင်းဒင် အသေအချာ မှတ်သား လိုက်သည်။ ပုလဲပုတီးကို လည်မှာစွပ်လိုက်သည်။

မင်းဒင်၏ကိုယ်လုံး ပေါ့ပါးလွင့်တက်သွားသည်။ ထူး ဆန်းသည့် မြင်ကွင်းကို မြင်ရသည်။ ဆရာဝင်း၊ ဗလကြီး၊ ချည် မန်းကွင်းနှင့် မိန်းမပျို ပြီးတော့ ကျောက်ရုပ်လို တောင့်တောင့် ကြီး ရုပ်နေသည့် မင်းဒင် နောက်တစ်ယောက်။ သူ့ကိုယ်သူ အပြင်မှ ပြန်မြင်နေရ၍ ရုတ်တရက် ထိတ်လန့်မိသည်။ ထိတ် လန့်နေစဉ်မှာပင် ပေါ့ပါးနေသော သူ့ခန္ဓာကိုယ်တစ်ခုလုံး အောက်သို့ လျှင်မြန်စွာ စိုက်ကျသွားသည်။ တော်တော်ကြာကြာ ကျနေသည်။ တရိပ်ရိပ်နှင့် ဘာမှ သဲသဲကွဲကွဲ မမြင်ရ။

အတန်ကြာတော့ ရပ်တန့်သွားသည်။ ခြေချမိပြီ။ မွှေး ကြိုင်သော ရနံ့ကို အရင်ရှူရှိုက်မိသည်။

ဝိုးတဝါးဖြစ်နေသောမြင်ကွင်း တဖြည်းဖြည်း ကြည်လင် လာသည်။ ပန်းဥယျာဉ်တစ်ခုထဲသို့ ရောက်နေမှန်း သိမြင်လိုက် ရသည်။ လှလိုက်သည့်ပန်းတွေ။ သဲသဲကွဲကွဲ အလင်းရောင်ရှိ သည်။ အားလုံးကို မြင်နေရသည်။ ပန်းဥယျာဉ်ကြီး၏ အလှအပ က မင်းဒင်ကို ဆွဲဆောင်ထားသည်။ အရာအားလုံးကို မင်းဒင် မေ့နေသည်။ ပန်းဥယျာဉ်ထဲ ခြေဦးတည့်ရာ လျှောက်နေမိသည်။

ထိုစဉ်မှာပင် မင်းဒင်နားထဲ အသံလေးတစ်ခု ကြားရ သည်။ သီချင်းဆိုသံ။ ချိုသာလွန်းသည့် အသံကလေး။ မင်းဒင် ရင်တဖျတ်ဖျတ် ခုန်လာသည်။ အသံရှင်ကို တွေ့လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းသွက်သွက်ဖြင့် ပန်းဥယျာဉ်ထဲ ဟိုဟိုဒီဒီ လိုက်ရှာမိသည်။ အသံက ပိုပိုနီးလာသည်။ မင်းဒင်ရင်က ပိုပိုခုန်လာသည်။ တွေ့ပြီ။ ဖြူဆွတ်နေသော ပန်းခင်းကြီးအလယ်မှာ တေးသီနေသော မိန်းကလေးတစ်ယောက်။ နန်းတွင်းဝတ်စုံကလေးနှင့် ဥယျာဉ်ကြီး၏ အလှက မှေးမှိန်သွားသည်။ မိန်းကလေး၏ အလှမှာ အဝေးကာပင် သိသာနေသည်။ မင်းဒင် တဖြည်းဖြည်းချင်း ရှေ့တိုးသွားသည်။

မိန်းကလေးကတော့ မသိ။ သီချ...ကိုသာ ဆက်ဆိုနေမြဲ။ မင်းဒင် ရှေ့တစ်လှမ်း ထပ်တိုးလိုက်သည်။ ရှည်လျားနက်မှောင်သော ဆံပင်ရှည်ကြီး လှပသော မိန်းကလေးက သီချင်းဆိုရပ်လိုက်သည်။ မင်းဒင်ကို လှည့်မကြည့်ဘဲ-

"မမ ပြန်လာပြီလား"

ဟု လှမ်းမေးသည်။ မင်းဒင်က အသာကပ်သွားပြီး အနောက်မှနေ၍ မိန်းကလေး၏ မျက်လုံးကို လက်ဝါးဖြင့် ဖွဖွကလေးပိတ်လိုက်သည်။

"မမကလည်း. . ."

မိန်းကလေးက ပြောရင်း မင်းဒင်လက်ကို သူ့လက်ကလေးများဖြင့် ဆွဲဖယ်ရန် ကိုင်လိုက်စဉ်-

"ဟင် ဘယ်သူလဲ၊ မမလည်း မဟုတ်ဘူး"

မိန်းကလေးတစ်ကိုယ်လုံး တုန်တက်သွားသည်။ မင်းဒင် လက်ကို ဖယ်လိုက်ပြီး နောက်ဆုတ်သည်။ မိန်းကလေးက



www.burmeseclassic.com

www.burmeseclassic.com



တုန်ရင်စွာဖြင့် လှည့်ကြည့်သည်။ မင်းဒင်နှင့် မိန်းကလေးတို့ မျက်နှာချင်း ဆိုင်မိကြပြီ။ လှလိုက်သည့်ဖြစ်ခြင်း။ နုထွေးနီမြန်းသော နှုတ်ခမ်းလေးက တဆတ်ဆတ် တုန်နေသည်။ ထိုနှုတ်ခမ်းများကလေးမှ-

"ရှင်. . . ရှင် ဘယ်သူလဲ၊ မမလည်ဆွဲကိုလည်း ဆွဲထားသေးတယ်၊ မမရောဟင် မမရော"

မင်းဒင် သနားသွားသည်။ မိန်းကလေး၏ ကြောက်ရွံ့မှုတွင် ဒေါသစွက်လာသည်။ နှုတ်ခမ်းကလေး တင်းတင်းစေ့လိုက်ပြီး. . .

"ဟဲ့ ဂုဏ်မာန်တို့ ယက္ခတို့"

ပန်းဥယျာဉ်ကြီး လှုပ်ရှားသွားသည်။

အန္တရာယ်ဆိုတာ မင်းဒင် သိလိုက်သည်။ ဆရာဝင်းပေးလိုက်သော ဆေးလုံးတွေကို အသင့်ပြင်ထားလိုက်ပြီး ဆေးကြိမ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

သွားချွန်အရှည်ကြီးတွေနှင့် အရပ်ခုနစ်ပေခန့်ရှိမည့် သတ္တဝါကြီးနှစ်ကောင် ပန်းခင်းထဲမှ ပေါ်လာသည်။ ပြီးတော့ မင်းဒင်ထံ ပြေးဝင်လာသည်။ မင်းဒင် ဆေးလုံးတွေနှင့် ဆီးပေါက်သည်။

"ဝုန်း. . . ဝုန်း"

အကောင်ကြီးနှစ်ကောင် ရွေ့မတိုးနိုင်။ ထိုစဉ်မှာပင် မိန်းကလေးမှာ သူ့ပခုံးပေါ်မှ ဇာခြုံပုဝါလေးကို ရင်တွင်းနိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမှိတ်ကာ တစ်စုံတစ်ရာ ရွတ်ဆိုနေသည်။ ပြီးတော့ ထိုဇာပုဝါလေးကို မင်းဒင်ထံ ပစ်လွှတ်လိုက်သည်။

"ဝရော. . . ဝရော"

ဇာပုဝါမှာ ရုတ်တရက် ပြန့်ကားသွားပြီး ပိုက်ကွန်ကြီးတစ်ခု ဖြစ်လာသည်။ ပြီးတော့ မင်းဒင်ကိုယ်ပေါ် ဝဲဖြန့်ကာ အုပ်မိုးကျလာသည်။

မင်းဒင် မရှောင်နိုင်။ လက်ထဲရှိ ဆေးလုံးတွေနှင့် ပိုက်ကွန်ကို ပစ်ပေါက်သည်။ ဘာမျှမထူးခြား။

နောက်ဆုံးတော့ မင်းဒင် ပိုက်ကွန်ကြီးထဲမှာ လုံးထွေးရင်း လဲကျသွားသည်။

"ယက္ခကြီး သူ့ကို ခေါ်ခဲ့"

အကောင်ကြီးတစ်ကောင်က ပိုက်ကွန်နှင့် လုံးထွေးနေသော မင်းဒင်ကို ခြေနှစ်ချောင်းမှ ဆွဲမ,ကာ ပုခုံးပေါ် ထမ်းကာ မိန်းမပျိုလေးနောက် လိုက်ပါသွားသည်။

❑

မင်းဒင် ခြေတွေလက်တွေ လှုပ်လို့မရ။ ပိုက်ကွန်ကြီးကို မိန်းကလေးက ဆွဲယူလိုက်သည်။ မိန်းကလေးလက်ထဲတွင် ပိုက်ကွန်က ဇာပုဝါ ပြန်ဖြစ်သွားသည်။ ဇာပုဝါလေးကို ပခုံးပေါ် ပြန်တင်လိုက်သည်။ ပိုက်ကွန် ဖယ်လိုက်သော်လည်း မင်းဒင် လှုပ်လို့မရ သေး။ တောင့်တောင့်ကြီး မတ်တတ်ရပ်နေရသည်။ မင်းဒင် ရောက်နေသည့်နေရာက ကျောက်ဂူတစ်ခုထဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မှန်မှန်ပြောပါ။ မမကို ခေါ်ထုတ်ပြီး ရှင်တို့ ဘာလုပ်ထားလဲ၊ မမပုလဲလည်ဆွဲကို ရှင် ဘယ်လိုရတာလဲ"

မိန်းကလေးမှာ မေးခွန်းထုတ်ရင်း မျက်ရည်ကလေးများ ဝေ့သီလာသည်။ ဖြောင့်စင်းသော နှာတံဖျူကလေးဘေးတွင် မျက်ရည်စီးကြောင်းကလေး စီးကျလာသည်။ တေးသံကြားအတည်းက ခုန်နေသော ရင်သည် အခုတော့ ပိုဆိုးလာသည်။

"မငိုပါနဲ့ ညီမရယ်၊ မင်းမမ တောင်ထိပ်မှာ ရှိပါတယ်၊ အစ်ကိုနဲ့ ပါလာတဲ့ ဆရာဝင်းက ခိုင်းလို့ အစ်ကို သူ့ကို ချည်မန်းကွင်းနဲ့စွပ်ပြီး ပုတီးကို ယူခဲ့တာပါ"

မင်းဒင်၏ နှစ်သိမ့်ချော့မော့စကားကြောင့် မိန်းကလေး၏ မျက်လုံးကလေးများ အရောင်ရွှန်းစိုသွားသည်။

"ဒါဆို အစ်ကိုက အဲဒီအောက်လမ်းဆရာကြီးရဲ့ တပည့်ပေါ့"

"တပည့်တော့ တပည့်ပေါ့၊ ဒါပေမဲ့ သူ့အလုပ်မှာ ဒါမျိုးတွေ ပါလာလိမ့်မယ် မထင်မိခဲ့ဘူး ညီမရယ်"

မင်းဒင်က တကယ့်ခံစားချက်အမှန်ဖြင့် ပြောနေခြင်းဖြစ်သည်။

"ဟုတ်တယ်၊ ဒီလိုမျိုး သူများတကာ မျက်ရည်ကျရမယ့် အဖြစ်မျိုးဆိုရင် အစ်ကို လုပ်ဖြစ်ခဲ့မှာ မဟုတ်ဘူး၊ ညီမလေးရဲ့ အစ်မဆီက ပုလဲလည်ဆွဲကိုယူပြီး သိုက်ထဲဝင်ခဲ့တာလည်း ညီမရဲ့ အစ်မတို့ ဆရာဝင်း ထပ်ရိုက်တာ မကြည့်ရက်လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာလား အစ်ကို"

"တကယ်ပေါ့ ညီမရယ်၊ ခုနက ညီမ မျက်ရည်ကျတာ ကြည့်ပြီး အစ်ကို တကယ်စိတ်မကောင်းဖြစ်မိတယ်"

မင်းဒင်၏ ရုပ်သွင်က တည်ကြည်လေးနက်နေသည်။ မင်းဒင်မျက်နှာကိုကြည့်ပြီး မိန်းကလေးက ပြောသည်။

"ယုံပါတယ် အစ်ကိုရယ်၊ အစ်ကို့လိပ်ပြာကို ညီမ မြင်နေရတာပဲ အစ်ကို လူဆိုးတစ်ယောက် မဟုတ်ဘူးလို့ ညီမ ယုံပါတယ်"

"ကျေးဇူးပါပဲ ညီမရယ်၊ တကယ်တော့ အစ်ကိုက ဟိုး မြစ်ဝကျွန်းပေါ် ရွာလေးတစ်ရွာမှာ ကြီးဒေါ်ကြီးနဲ့ အတူနေတာပါ။ အစ်ကို့မိဘများက မရှိကြတော့ဘူးလေ၊ ဒါကြောင့် ဆရာဝင်းက ဥစ္စာပစ္စည်း ရမယ်ဆိုလို့ လောဘတက်ပြီး လိုက်လာမိခဲ့တာပါ"

"ဖြစ်ရလေ အစ်ကိုရယ်၊ ညီမတို့ဆီက ဥစ္စာပစ္စည်းတွေဟာ လူသားတွေ ယူငင်သုံးစွဲဖို့ မတော်ပါဘူး၊ သာသနာတော်အတွက်၊ နောင်ပွင့်မယ့် ဘုရားရှင်အတွက် ရည်ရွယ်ထားတာတွေပါ အစ်ကိုရယ်၊ လာ အစ်ကို့ကို ညီမ လိုက်ပြပါ့မယ်"

"နေဦး ညီမ၊ အစ်ကို့ခြေထောက်တွေ လှုပ်လို့မရသေးဘူး"

'ဩော်' ဟု ရေရွတ်ပြီး မိန်းကလေးက ဂူထဲရှိ ကျောက်တုံးတစ်ခုပေါ်တွင် ထွန်းညှိထားသော ဖျားဖယောင်းတိုင်ကြီးမှ မီးတောက်ကို ငြိမ်းလိုက်သည်။ မီးတောက်ငြိမ်းသွားသည်နှင့် မင်းဒင် လှုပ်ရှားလို့ ရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ အစ်ကို၊ ညီမက 'နန်းစန္ဒာ' ပါ၊ အစ်ကိုတို့ ဖမ်းထားတာက ညီမရဲ့အစ်မ 'နန်းသန္တာ' ပါ"

နန်းစန္ဒာနောက် မင်းဒင် လျှောက်လိုက်ခဲ့သည်။ ဂူပေါက်တစ်ခုအဝသို့ ညွှန်ပြသဖြင့် မင်းဒင် ခေါင်းလျှိုကာ ကြည့်လိုက်သည်။

အခန်းကျယ်ကြီးထဲတွင် လူပုံစံရုပ်တုများ စီတန်းနေကြသည်။ အဝတ်အစားတွေက ရှေးခေတ်အဆက်ဆက်က အဝတ်သဏ္ဍာန်တွေ။ သူတို့အလယ်တွင် ပျားဖယောင်းတိုင်ကြီးတစ်တိုင်ကို ထွန်းညှိထားသည်။

"လူပုံစံရုပ်တုတွေလား ညီမ"

"ရုပ်တု မဟုတ်ဘူး အစ်ကို၊ အဲဒါ လူသားစစ်စစ်တွေပဲ၊ လောဘသားတွေပေါ့ အစ်ကို၊ သူတို့တွေဟာ အဲဒီဖယောင်းတိုင်မီး မငြိမ်းမချင်း မလှုပ်ရှားနိုင်ဘဲ ဒီလိုနေရမှာပဲ၊ သူတို့ လောဘမိုက်ပြစ်နဲ့ သူတို့ပဲ အစ်ကို"

"ဟုတ်လား၊ စောစောက အစ်ကို့လိုပဲပေါ့"

"ဟုတ်တယ် အစ်ကို"

"သူတို့ဖယောင်းတိုင်က သုံးပုံနှစ်ပုံ ကုန်နေပြီ တော်တော်ကြာ အကုန် ကုန်သွားလို့ သက်ဝင်လှုပ်ရှားလာကြမှာ မကြောက်ဘူးလား"

မင်းဒင်အမေးကြောင့် နန်းစန္ဒာ ခပ်ဟဟရယ်သည်။ ရယ်သံတိုးညင်းညင်းလေးက မင်းဒင်ရင်ကို လှုပ်ရှားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါဘူး အစ်ကိုရယ်၊ အဲဒီသုံးပုံတစ်ပုံ ကုန်ဖို့ပဲ နှစ်ရာပေါင်းများစွာ ကြာခဲ့တာ"

"ဟင်. . ."

မင်းဒင် တုန်လှုပ်သွားမိသည်။

"လာ အစ်ကို ရတနာပစ္စည်းတွေ လိုက်ပြမယ်"

❑

နေရာပေါင်းစုံ၊ လိုဏ်ဂူပေါင်းများစွာ လှည့်လည်သွားလာကြသည်။ ရွှေ ငွေ၊ ကျောက်သံပတ္တမြားတွေက များလွန်းလှသည်။ လောဘစိတ်ကို မနည်းချိုးနှိမ်ထားရသည်။ မင်းဒင် စိတ်အဝင်စားဆုံး လိုဏ်ဂူက ပေစာပုရပိုဒ်တွေထားရာ လိုဏ်ဂူပင် ဖြစ်သည်။ အထက်လမ်း၊ အောက်လမ်း၊ အင်္ဂရတ်၊ ဆေးကျမ်း ပေါင်းစုံရှိသည်။ ထိုကျမ်းပုရပိုဒ်တွေကို ညွှန်ပြပြီး နန်းစန္ဒာက ပြောသည်။

ဒီပညာတွေကို တဖြည်းဖြည်းပျောက်ကွယ်အောင် လိုက်သိမ်းပြီး ဒီလိုနေရာတွေမှာ သိမ်းဆည်းထားတာ အစ်ကိုရဲ့ ညီမတို့ဆရာ ဘိုးဘိုးရသေ့ ပြောတာက ဒီလိုပညာရပ်တွေဟာ လောကကြီးမှာ မကြာခင် ခဏငုပ်လျှိုးပေးရမယ်တဲ့၊ တခြားလောကဓာတ်ပညာတွေ တစ်ခေတ်ကို ရောက်ရမယ်တဲ့လေ"

မင်းဒင် အံ့သြသွားသည်။

"ဒီလိုနေရာမျိုးမှာ ဘိုးဘိုးရသေ့ဆိုတာ ရှိသေးလား ညီမရဲ့"

"ဒီကတော့ မဟုတ်ဘူး အစ်ကို၊ ညီမတို့ လျှို့ခြင်တန်း



www.burmeseclassic.com

www.burmeseclassic.com



ချင်ရင် လူ့လို့တန်းလို့ရအောင် ဒီကို ကြွ ပါ၊ နောက် တစ်ပတ်လောက်ဆိုရင်တော့ ဘိုးဘိုးရသေ့ ကြွလာလိမ့်မယ် အစ်ကိုရဲ့၊ ဘိုးဘိုး ကြွလာမှ မမကို ကယ်ဖို့နဲ့ အစ်ကို ပြန်ဖို့ကို အကူအညီတောင်း လျှောက်တင်ရမယ်"

နန်းစန္ဒာစကားကြောင့် မင်းဒင် အကြီးအကျယ် ထိတ်လန့်သွားမိသည်။

"ဟာ. . . ဒုက္ခပဲ ညီမရေ၊ အစ်ကို ထွက်လာတုန်းက သန်းခေါင်ကျော်နေပြီ၊ အရုဏ်ကျင်းသွားရင် အစ်ကို ပြန်လို့မရဘူးလို့ ဆရာဝင်းက ပြောလိုက်တယ်"

နန်းစန္ဒာက ပြုံးသည်။

"အစ်ကို အခု ဒီကိုရောက်နေတာ အချိန်တော်တော်ကြာနေပြီ၊ ဒါပေမဲ့ အစ်ကိုတို့ လူ့လောကဘုံမှာတော့ တစ်ဒင်္ဂလောက်ပဲ ရှိသေးတယ် အစ်ကို၊ အချိန်ဆိုတာ ဘုံတွေတစ်ခုနဲ့ တစ်ခု ကွာကြတယ်"

မင်းဒင် အံ့ဩရပြန်သည်။

နန်းစန္ဒာက ဆက်၍-

"ဘိုးဘိုးရသေ့ ကြွလာပြီးမှ မမကိုလည်း ကယ်ရင်း အစ်ကို ပြန်ပေါ့၊ ဘာလဲ အစ်ကိုက စ ... မနေချင်လို့လား"

မူနွဲ့စွာပြောရင်း အကြည့်လှလှလေးတစ်ချက် ကြည့်သည်။

"မဟုတ်ပါဘူး ညီမရယ်"



www.burmeseclassic.com

www.burmeseclassic.com



မင ... န်းစန္ဒာလက်ဖျားလေးကိုကိုင်ရင်း ပြော လိုက်သည်။ လှပသော နန်းစန္ဒာ ခေါင်းလေး ငုံ့နေသည်။

❑

မင်းဒင်အဖို့ ကြည်နူးစရာအချိန်တွေ ကုန်လွန်သွား သည်။ နေ့ရယ် ညရယ် မရှိသောနေရာမှာ ဘယ်နှရက် ကုန် သွားပြီဟု မပြောတတ်။

နန်းစန္ဒာက-

"ဒီနေ့ ဘိုးဘိုးရသေ့ ကြွလာလိမ့်မယ် အစ်ကို"

ဟု ပြောလာမှသာ-

"ဪ ဒီနေ့ ဘိုးဘိုးရသေ့ ဒီကိုကြွလာမယ် ဟုတ်လား ညီမ"

"ဟုတ်တယ် အစ်ကို၊ လာ အစ်ကို့ကို ပြဖို့တစ်ခုရှိသေး တယ် လာ"

နန်းစန္ဒာက မင်းဒင်ကို ပန်းဥယျာဉ်ကြီးတစ်နေရာရှိ အပင်ကြီးတစ်ပင်အောက်ကို ခေါ်သွားသည်။

"မော့ကြည့်လိုက် အစ်ကို"

အပင်က မန်ကျည်းပင်ကြီး ဖြစ်သည်။

ထူးဆန်းသည်က သီးနေသော မန်ကျည်းသီးများမှာ ရွှေရောင်တောက်နေသည်။

"ရွှေရောင်မန်ကျည်းသီးတွေပါလား ညီမ"

"ရွှေရောင် မဟုတ်ဘူး အစ်ကို၊ တကယ့်ရွှေအစစ်



www.burmeseclassic.com

www.burmeseclassic.com



မန်ကျည်းတောင့်တွေ သီးနေတာ အစ်ိ

မင်းဒင် အံ့ဩသွားရပြန်သည်။

"ဒီနေရာမှာ ညီမတို့ကိုယ်ပိုင် သုံးစွဲလို့ရတာဆိုလို့ ဒီ အပင်ကသီးတဲ့ ရွှေမန်ကျည်းတောင့်တွေပဲရှိတယ်၊ ကျန်တဲ့ နေရာက ဥစ္စာပစ္စည်းတွေကို ယူဖို့မပြောနဲ့ စိတ်နဲ့တောင် မပစ် မှားဘူး"

"ဒါဆို လိုသလောက်ခူးပေါ့ ညီမရဲ့"

"လိုတိုင်းလည်း ခူးလို့မရဘူး အစ်ကို၊ ညီမတို့ ကောင်းမှု ကုသိုလ်လုပ်ချင်စိတ်တွေ ပေါ်လာတာတို့၊ လူ့ဘုံလောကက ထိုက်တဲ့ လူတွေအတွက်တို့ ရှိလာရင် သူ့ဟာသူ ကြွေကျတာ၊ ကြွေကျတော့ မယ်ဆိုရင်လည်း ညီမတို့ ကြိုသိတယ်၊ ဟော ကြည့် ကြည့်. . ."

နန်းစန္ဒာက ပြောပြောဆိုဆို အပင်ပေါ်ကို လက်ညှိုး ညွှန်ပြသည်။

ဟုတ်သည်။ ဝင်းခနဲ၊ လက်ခနဲ ရွှေမန်ကျည်းသီးတောင့် ကလေး ကြွေကျလာနေသည်။ နန်းစန္ဒာက ဇာပုဝါဖြင့် ခံယူ လိုက်သည်။ ထိုစဉ်မှာပင် မင်းဒင်က ညီမရေ ဟိုမှာကြည့်စမ်းပါ ဦး၊ နောက်တစ်တောင့် ကြွေကျလာ[ ]"

နန်းစန္ဒာမှာ လွန်စွာအံ့ဩသွ[ား]ည်။ ဇာပုဝါဖြင့် နောက်တစ်တောင့်ကို ခံယူလိုက်ပြီး-

"အံ့ဩစရာကောင်းလိုက်တာ အစ်ကိုရယ်၊ တစ်ကြိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်တောင့်ထက်ပိုပြီးကြွေတာ ဒီတစ်ခါပဲ ညီမ မြင်ဖူးတယ် ဒါ အစ်ကိုနဲ့ထိုက်လို့ရတာ၊ ရော့ အစ်ကို တစ်တောင့်ယူ"

"မယူပါဘူး ညီမရယ်၊ ညီမတို့ဆီက ဥစ္စာပစ္စည်းတွေကို အစ်ကို မမက်တော့ပါဘူး"

"မဟုတ်ဘူး အစ်ကို၊ ဒါက အစ်ကိုနဲ့ထိုက်လို့ရတာ ယူပါ"

နန်းစန္ဒာက ရွှေမန်ကျည်းသီးတောင့်ကို မင်းဒင် အိတ်ကပ်ထဲ အတင်းထည့်ပေးသည်။

ထို့နောက် ဘိုးဘိုးရသေ့ ကြွလာမည့် ဂူဆီသို့သွားကြသည်။

ဂူထဲတွင် လင်းထိန်နေသည်။ ဘယ်ကလာသည့် အလင်းရောင်ဆိုတာ မသိရ။

မင်းဒင်က အသံခပ်တိုးတိုးဖြင့်-

"ဘိုးဘိုးရသေ့က ဘယ်အချိန်ကြွလာမှာလဲ"

နန်းစန္ဒာက ဂူထဲရှိ ညောင်စောင်းကို လက်ညှိုးညွှန်ပြပြီး. . .

"အစ်ကိုနဲ့ ညီမ ရှိခိုးကြစို့ အစ်ကို"

ဟု ပြောသည်။

မင်းဒင်လည်း နန်း ာနှင့်အတူ ညောင်စောင်းကို ဦးချရှိခိုးလိုက်သည်။

ဦးချပြီး ပြန်အမော့တွင် ညောင်စောင်းပေါ်၌ တင်ပျဉ်ထိုင်နေသော ရသေ့ကြီးတစ်ဦးကို တွေ့ကြရသည်။ နေ ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဦးနှစ်ကြိမ်ချ ရှိခိုးလိုက်ကြသည်။

ရသေ့ကြီးက ခေါင်းကိုညိတ်ပြီး မင်းဒင်ကို ကြည့်ကာ-

"အင်း ကိုယ်နဲ့ မအပ်စပ်တဲ့နေရာကို မရမက လာတာမဲ့ တို့။ လူပေါင်းမှားတဲ့ သူငယ်ပဲ၊ ကဲ-ကဲ ကိုယ်နဲ့ မအပ်စပ်တဲ့နေရာမှာ အကြာကြီး မနေရဘူး၊ ပြန်ဖို့လုပ်၊ လောကမှာ မီးတကာ့မီးမှာ သံယောဇဉ်မီးဟာ အရမ်းပူလောင်တတ်တယ်"

ရသေ့ကြီး၏ စကားကြောင့် မင်းဒင်နှင့် နန်းစန္ဒာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။ နန်းစန္ဒာ မျက်နှာလေး ညှိုးငယ်နေရှာသည်ကို မင်းဒင် တွေ့ရ၍ ရင်ထဲ နင့်နေအောင် ခံစားရသည်။

ရသေ့ကြီးက ညောင်စောင်းပေါ်မှထကာ မတ်တတ်ရပ် လိုက်ပြီး မင်းဒင်ကို သူ့နားကပ်ခဲ့ရန် ခေါ်သည်။ မင်းဒင် ထ၍တိုး ကပ်သွားလိုက်သည်။ ရသေ့ကြီးက ဒေါက်ချာကိုချွတ်ပြီး ဒေါက် ချာထဲမှ အနီရောင်ပိတ်စ စလွယ်တစ်ခုကို မင်းဒင်ကို ပေးသည်။

"အဲဒီစလွယ်ကို လွယ်လိုက်"

ရသေ့ကြီးပြောသည့်အတိုင်း မင်းဒင် ဆောင်ရွက်လိုက် သည်။ ထပ်မံ၍ ရသေ့ကြီးက ဒေါက်ချာထဲမှ ကွမ်းယာတစ်ယာ ကို ထုတ်ပေးသည်။

"အဲဒီကွမ်းယာကို လူ့ဘုံပြန်ရောက်တာနဲ့ စားလိုက် သူငယ်၊ မင်း လူ့ဘုံပြန်ရောက်ရင် မင်း လူပေါင်းမှားခဲ့တဲ့ အောက်လမ်းဆရာက သိုက်ကနေ ဘာမှယူမလာတဲ့ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ရန်ပြုလုပ်မယ်၊ ပြီးရင် ချည်မန်းကွင်းနဲ့ စွပ်ထားတဲ့ 'နန်းသန္တာ'ကို ထပ်နှိပ်စက်လိမ့်မယ်၊ အဲဒီလို အကုသိုလ်အမှုတွေ အများကြီး မပွားရအောင် မင်းကို စလွယ်နီရယ်၊ ကွမ်းယာရယ် ပေးလိုက်တာပဲ"

မင်းဒင် လေးနက်စွာ နားထောင်နေသည်။ ရသေ့ကြီးက ဆက်ပြီးပြောသည်။

"စလွယ်နီက အောက်လမ်းဆရာရဲ့ ပညာတွေ မှုန်သမျှကို ကာကွယ်ပေးလိမ့်မယ်၊ ပြီးတော့ ကွမ်းယာကို ညက်အောင်ဝါး၊ ညက်ပြီဆိုရင် မင်း အောက်လမ်းဆရာကို ကြိုက်သလို အမိန့်ပေးလို့ ရပြီ၊ သူ့စိတ်က မနာခံရင်တောင် သူ့ခန္ဓာကိုယ်က မင်းစကားကို နာခံလိမ့်မယ်။ အဲဒီအခါ ပါးစပ်ထဲက ကွမ်းဝါးဖတ်တစ်ဖတ်ကို အောက်လမ်းဆရာကို မြိုခိုင်းလိုက်၊ သူ့ပညာတွေအားလုံး နှုတ်ပြီးသား ဖြစ်သွားလိမ့်မယ်"

"ဘိုးဘိုးရသေ့ ပြောတဲ့အတိုင်း ဆောင်ရွက်ပါ့မယ်"

မင်းဒင်က ရိုသေစွာ လျှောက်သည်။

"ကဲ ကဲ ဒါဆိုလည်း စိတ်ချပါပြီကွယ်၊ မင်းလည်း လမ်းမှားပေါ်ကနေ လမ်းမှန်ပေါ်ရောက်ပြီး ခရီးဆက်နိုင်ပါစေ"

မင်းဒင်က နန်းစန္ဒာကို ငုံ့ကြည့်ပြီး လည်ပင်းမှ ပုလဲပုတီးကိုဖြုတ်ရန် ကိုင်လိုက်သည်။

"အစ်ကို"

နန်းစန္ဒာ့အသံလေးက အက်ကွဲလျက်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမရယ် အစ်ကို သွားတော့မယ်"

ပြောပြောဆိုဆို မင်းဒင် လည်ပင်းမှ ပုလဲပုတီးကို ဆွဲချွတ်လိုက်သည်။

"ဗူး. . ."

တစ်ကိုယ်လုံး မြောက်တက်သွားသည်။

မြင်ကွင်းတွေ တရိပ်ရိပ် ပြောင်းလဲနေသည်။

□

ထိုအချိန်တွင် ဆရာဝင်းမှာ ကျောက်ဖျာကြီးပေါ်၌ ဝဏ္ဏာမငြိမ် ဖြစ်လျက်ရှိသည်။ တောက်တခေါက်ခေါက်နှင့်။

"တောက် မင်းဒင်ဆိုတဲ့ကောင် သိုက်ထဲ သေများနေပြီလား၊ အရှက်တောင် တက်တော့မယ်၊ ဒုက္ခပါပဲကွာ"

ဆရာဝင်းသည် လော်ဘဇော်များ တောက်လောင်လျက် ဒေါသများ တလိပ်လိပ်ထွက်နေသည်။ ချည်မန်းကွင်း အစွပ်ခံထားရရှာသော 'နန်းသန္တာ' အား ဆေးကြိမ်လုံးနှင့် တရွှယ်ရွှယ် လုပ်သည်။ ဆရာဝင်း မူမမှန်ဖြစ်နေပုံကိုကြည့်ကာ တပည့်ရင်း ဗလကြီးပင် ဆရာဖြစ်သူကို စိတ်ပျက်နေမိသည်။

ထိုစဉ်မှာပင် ကျောက်ဖျာပေါ်၌ ရုပ်တုကြီးသဖွယ် တောင့်တင်းစွာ ရပ်နေသော မင်းဒင်၏ နှာမ်မဲ့ခန္ဓာကြီးမှာ ဆတ်ခနဲ လှုပ်သွားသည်။

"ဟော. . . ပြန်လာပြီ၊ ပြန်လာပြီ"

ဆရာဝင်းက ဝမ်းသာအားရ ဟစ်ကြွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းဒင်မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ ကညင်ဆီမီးတိုင်အလင်းအောက်မှ လူ့ဘုံလောကကြီးကို မြင်လိုက်ရသည်။ ရင်ထဲမှာ ဟာသွားသည်။ နန်းစန္ဒာကို ချန်ထားခဲ့လိုက်ပြီဆိုသော အသိဖြင့် ရင်ထဲမှာ စူးခနဲ ဖြစ်သွားသည်။ ထို့နောက် ဘိုးဘိုးရသေ့ အမှာစကားများကို သတိရပြီး မိမိလက်နှစ်ဖက်ကို ဖြန့်ကြည့်သည်။ ဘယ်လက်တွင် ကွမ်းယာ၊ ညာဘက်တွင် ပုလဲပုတီး။ အသင့်တွေ့သော ကွမ်းယာကို ဘာမှစဉ်းစားမနေဘဲ ပါးစောင်ထဲ ထိုးထည့်ကာ ဝါးလိုက်သည်။

မင်းဒင် အသက်ဝင် ပြန်ရောက်လာ၍ ဝမ်းသာသွားသော ဆရာဝင်း မျက်မှောင်ကုပ်သွားသည်။

"ဘာလုပ်တာလဲ မောင်မင်းဒင်၊ မင်းပါးစပ်ထဲကို ထည့်လိုက်တဲ့ ကွမ်းယာက ဘယ်သူပေးလိုက်တာလဲ"

မင်းဒင်က မဖြေ။

"ဟော့ မောင်မင်းဒင် ကြောင်တောင်တောင် မလုပ်နဲ့၊ ပစ္စည်းတွေရော ပါရဲ့လား၊ ဘယ်မှာလဲ"

ဆရာဝင်းက ပြောပြောဆိုဆို ဒေါသနှင့် ရှေ့တိုးလာသည်။ မင်းဒင်က ဆရာဝင်းကို ဂရုမစိုက်။ 'နန်းသန္တာ' နားသို့ ကပ်သွားပြီး ပုလဲပုတီးကို ဆွဲပေးရန် ပြင်သည်။

"ဟိတ် မလုပ်နဲ့ မင်းဒင်၊ မင်း ဆရာ့ကို အာခံတာလား၊ သေသွားမယ်နော်"

ဆရာဝင်း ခြိမ်းခြောက်စကားကို မင်းဒင် မမှု။ ငြည်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆွဲပေးလိုက်သည်။

"သယ်. . ."

ဆရာဝင်း ဒေါသထွက်သွားသည်။

"မင်း နာမ်ရုပ်ကို ငါ ထိန်းချုပ်ပြီဟေ့၊ လာလေရော့ ငါ့ဆရာအမိန့်"

ဆရာဝင်း ဆေးကြိမ်လုံးဖြင့် မင်းဒင်ကို ထိုးချိန်လိုက်သည်။ ကြိမ်လုံးထိပ်မှ အောက်လမ်းဆရာ၏ 'ပညာစက်'တွေ တဝင်းဝင်း ထွက်လာသည်။

သို့သော် ထိုစက်တွေမှာ မင်းဒင်အနားသို့ပင် မသီနိုင်။ ကွယ်ပျောက်ကုန်ကြသည်။

"ဟင်. . . မင်း. . . မင်း တယ်စွမ်းနေပါလား ရော့ကွာ"

ဆရာဝင်း အင်းတွေ ထပ်သုံးသည်။ မရ။ မင်းဒင်က တွမ်းယာကိုဝါးရင်း ရှေ့သို့ တိုးလာသည်။ ဘိုးဘိုးရသေ့ ပေးလိုက် သော စလွယ်နီက ဆရာဝင်းပညာတွေကို တာကွယ်ထားသည်။

"ဗလကြီး ဒီကောင့်ကို သတ်စမ်း"

ဆရာဝင်းက တပည့်ကျော် ဗလကြီးကို စစ်ကူတောင်းသည်။ ဆရာဝင်း၏ မသမာလောဘကြီးမားပုံကို စိတ်ပျက်နေသော ဗလကြီးက ခပ်အေးအေးသာ ရပ်ကြည့်နေသည်။ ဆရာဝင်း ဒေါသ အထွတ်အထိပ်ကို ရောက်ပြီ။ သူ၏ အားအကိုးရဆုံး နာနာရုပ် ဘီလူးနှစ်ကောင်ကိုသုံးရန် အင်းလက်ကိုင်ပုဝါထုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို လွယ်အိတ်ထဲမှ ထုတ်ယူလိုက်သည်။ ထိုအချိန် မင်းဒင်ပါးစပ်ထဲမှ 'ကွမ်း မန်း' ညက်လေပြီ။ မင်းဒင်က ကွမ်းတံတွေးအချို့ကို ထွေးထုတ်လိုက်ပြီး ဆရာဝင်းကို ပြည့်ကာ အမိန့်ပေးလိုက်သည်။

"ရပ်လိုက်စမ်း"

ဘီလူးရုပ်နှစ်ရုပ်ပါသည့် အင်းလက်ကိုင်ပုဝါထုပ်ကြီးကို ကိုင်လျက် ဆရာဝင်း တောင့်ခနဲဖြစ်သွားကာ ရပ်နေသည်။ မျက်လုံးများက ဒေါသမှ ကြောက်ရွံ့မှုဘက် ကူးသွားသည်။ သူ့အပေါ် လွှမ်းမိုးနိုင်သော မင်းဒင်၏ 'အာဏာစက်'ကိုလည်း အံ့ဩနေပုံရသည်။

မင်းဒင်က ဆရာဝင်းရှေ့မှာ မတ်တတ်ရပ်လိုက်ပြီး-

"ခင်ဗျားဟာ အလွန်တော်တဲ့ အောက်လမ်းပညာသည်တစ်ယောက်ပါ။ လောကကြီးမှာ ဘယ်ပညာပဲဖြစ်ဖြစ် ကောင်းတဲ့ဘက်မှာသုံးရင် ကောင်းတာပဲ၊ ခင်ဗျားကတော့ ကိုယ်ကျိုးလောဘ သက်သက် အသုံးချတယ်၊ ကျုပ်ကိုတောင် ကြားခံအသုံးချခဲ့သေးတယ်၊ ခုတော့ ကျုပ် အမှန်ကို မြင်ပြီ"

ဆရာဝင်း ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီး ဖြစ်နေရာမှ ဇောချွေးတွေ ပျံလာသည်။

"ဒါ ခုအော့ ကျုပ် ခင်ဗျားကို ပညာနှုတ်ရတော့မယ်၊ ခင်ဗျားပညာအစွမ်းကို သေသည်အထိ ဘယ်တော့မှ သုံးလို့မရအောင် ပညာနှုတ်ဖို့ ပုဂ္ဂိုလ်တစ်ဦးက ညွှန်ကြားလိုက်တယ်"

ဆရာဝင်း သေမလောက် တုန်လှုပ်သွားသည်။ ပညာ



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ဦးအဖို့ ပညာနှုတ်ခံရလျှင် သေတာထက်တောင် ဆိုးသည်။ မိမိနှိမ်နင်းခဲ့တဲ့ ဖုတ်၊ တစ္ဆေ၊ သရဲတွေ၊ ပြီးတော့ မိမိနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သော အောက်လမ်းဆရာတွေက အချိန်မရွေး လက်စားလာချေနိုင်သည်။ ထိုအခါ ပညာနှုတ်ခံထားရလျှင် သူတို့ကို ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး ဆက်ဆံရလိမ့်မည်။ ခုတော့ ဆရာဝင်း မျက်လုံးတွေက မင်းဒင်ကို တောင်းပန်တိုးလျှိုးသည့် အကြည့် ဖြစ်နေပြီ။ မင်းဒင်၏ 'ရပ်လိုက်စမ်း' ဆိုသည့် အာဏာစက် အမိန့်သံ ကြားရကတည်းက တစ်ကိုယ်လုံး လှုပ်မရ၊ စကားသံလည်း မထွက်နိုင်။ လာပါပြီ၊ မင်းဒင်၏ ဒုတိယ အာဏာစက် အမိန့်။

"ပါးစပ်ဟ"

မင်းဒင်အမိန့်ကြောင့် ဆရာဝင်း ပါးစပ်ဟသွားသည်။ မိမိက မဟသွားရန် ကြိုးစားထိန်းနေသော်လည်း ပါးစပ်ကြီးက ဟသွားသည်။ ဆရာဝင်း မျက်လုံးများ ချာလည်လည်နေပြီ။

မင်းဒင်က ပါးစပ်ထဲမှ ကွမ်းဝါးဖတ်ကိုထုတ်ပြီး ဟနေသော ဆရာဝင်းပါးစပ်ထဲသို့ ထည့်လိုက်သည်။

"မြိုချလိုက်"

ဆရာဝင်း တောင့်မခံနိုင်တော့ပါ။

အစွမ်းထက်လာသော ဘိုးဘိုးရသေ့၏ 'ကွမ်းမန္တန်' အာဏာစက်ကို အသုံးပြုနေသော မင်းဒင်အမိန့်အတိုင်း 'ကွမ်းဝါးဖတ်'ကို မြိုချလိုက်ရတော့သည်။ ကွမ်းဖတ် ဗိုက်ထဲရောက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ဟထားသော ဆရာဝင်းပါးစပ်ကြီးထဲမှ အမည်းရောင် အခိုးအငွေ့များ ဝေါခနဲ ထွက်လာသည်။ ဆရာဝင်းတစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ ကြောက်မက်ဖွယ်ကောင်းလှသည်။ မီးခိုးမည်းတွေ အကြာကြီးထွက်သွားပြီး ဆရာဝင်း ငြိမ်သွားသည်။ မာန်စွယ်ကျိုးလေပြီ။

မကြာမီ အရုဏ်ကျင်း လင်းတော့မည်။

မင်းဒင် ဆရာဝင်းကို နောက်ဆုံး အမိန့်ထပ်ပေးလိုက်သည်။

"ကဲ. . . ဆရာဝင်းရေ နောက်ကြောင်းပြန်မလှည့်ဘဲ တောင်ပေါ်ကနေ ဖြောင့်ဖြောင့်တန်းတန်း ဆင်းသွားပေတော့"

မင်းဒင်၏ အာဏာစက်ကြောင့်လား၊ ကိုယ်တိုင် လိုလိုလားလား ဆင်းသွားတာလားဆိုတာ ဆရာဝင်းကိုယ်တိုင်မှပင် သိလိမ့်မည်။

ဆရာဝင်း ထွက်ခွာသွားသည်နှင့် နန်းသန္တာနား ကပ်သွားကာ ချည်မန်းကွင်းကို ဆွဲဖြုတ်ပေးလိုက်သည်။ နန်းသန္တာသည် ဖြည်းညင်းစွာ မတ်တတ်ရပ်လိုက်ပြီး ကျေးဇူးတင်သော အကြည့်ဖြင့် မင်းဒင်ကို ကြည့်ကာ ရေရွတ်သည်။

"လူကောင်းတွေဟာ လမ်းမှားကို လွယ်လွယ်နဲ့ မရောက်နိုင်ဘူးဆိုတာ အမှန်ပါပဲ၊ အစ်ကို့ကျေးဇူး နန်းတို့ညီအစ်မတွေ ပေါ် တင်သွားပါပြီ၊ သံသရာတစ်ကွေ့မှာ ပြန်ဆပ်ခွင့်ကြုံမယ် ထင်ပါရဲ့"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှုတ်ဆက်သည့်အကြည့်နှင့် ကြည့်ကာ ရုတ်တရက် ပျောက်ကွယ်သွားသည်။

ခုတော့ တောင်ထိပ်တွင် မင်းဒင်နှင့် ဗလကြီးတို့နှစ်ယောက်သာ ကျန်ခဲ့သည်။ ဗလကြီးသည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါရမ်းကာ-

"ငါတော့ ဒီလောကကို စိတ်ကုန်ပါပြီကွာ၊ သာမန်လူ့လောကမှာပဲ အလုပ်လုပ်ကိုင်စားသောက်တော့မယ်ဟေ့၊ သွားပြီ မင်းဒင်ရေ"

ဟု ပြောပြီး တောင်ပေါ်မှ စိတ်ပျက်လက်ပျက် ဆင်းသွားလေတော့၏။

❑

မင်းဒင်တစ်ယောက်တည်း ညောင်နှစ်ပင်ကြားရှိ ကျောက်ဖျာပေါ်တွင် မတ်တတ်ရပ်လျက် ငြိမ်သက်စွာ ကျန်ရစ်တော့သည်။ လောကသည် အရုဏ်ကျင်း၍ လင်းခဲ့ပြီ။ မင်းဒင်၏ စိတ်အာရုံဝယ် နန်းစန္ဒာ၏ ပုံရိပ်များက တဝဲလည်လည်။ ကြာမြင့်စွာ ရပ်နေမိသည်။ ထိုစဉ်မှာပင် စကားပြောသံတစ်ခု မင်းဒင်နားထဲ အလိုလို ကြားလာရသည်။

"လူလေး တွေဝေမောဟ ဖြစ်မနေနဲ့၊ ရှေ့လျှောက် မင်းဒီလောကမှာ လှုပ်ရှားဆောင်ရွက်ရမှာတွေ အများကြီး ရှိသေးတယ်၊ မင်းကိုယ်ပေါ်က စလွယ်နီကို မချွတ်နဲ့၊ ငါပေးတဲ့ လက်ဆောင်ပဲ၊ ကဲ ကဲ မင်းရပ်ရွာကို ပြန်ပေတော့"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးရသေ့အသံကို မင်းဒင် ကြားရပြီး သတိဝင်လာသည်။ သက်ပြင်းမောကြီးတစ်ချက်ချပြီး အိတ်ထောင်ထဲမှ ရွှေမန်ကျည်းတောင့်ကို ထုတ်လိုက်သည်။ ဤနေရာတွင်ပင် ထားခဲ့ရန် စဉ်းစားသည်။ သို့သော် နန်းစန္ဒာ၏ မျက်နှာကလေးကို မြင်ယောင်မိပြီး လက်ထဲ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ အပြန်ခရီး ခြေလှမ်းကို စတင်လိုက်သည်။

"သွားပြီ ညီမရေ သံသရာမှာ ကံကြုံရင် ပြန်ဆုံရဦးမှာပေါ့ကွယ်"

မင်းဒင်၏ တီးတိုးစကားသံကို ညောင်နှစ်ပင်သိုက်ထဲမှ နန်းစန္ဒာတစ်ယောက် ကြားနိုင်ပါစေလေ။

တာဝေနီ

၂၉-၁၂-၂၀၁၃

□□□



www.burmeseclassic.com

www.burmeseclassic.com

# အရှေ့ဘက်ကောင်းကင်စာပေမှရရှိနိုင်သောစာအုပ်များ

၁။ ဓဂါတမဗုဒ္ဓမြတ်စွာဘုရား၏မဟာဗုဒ္ဓဝင်အကျဉ်း..... ဦးသန့် (လာဘ်မိုးရွေ)
၂။ ဘိုးတော်အောင်မင်းခေါင်နှင့်ဝိဇ္ဇာသိဒ္ဓိမဟိဒ္ဓိ.........ရွှေဘုန်းကံ
၃။ အာဠဝက ....................................နတ်လူ
၄။ ဘားရော့စက်ဝိုင်းလက်ဆောက်ဖဲဒင် ..............မင်းဒေဝ
၅။ နေ့သားအလိုက်ဆောင်ရန်ရှောင်ရန်ယတြာများ .....မင်းဒေဝ
၆။ ဘဝတစ်သက်တာဟောကိန်းများ..................မင်းဒေဝ
၇။ ကိုယ်တွေ့မဗဲဝါ...............................တာတေ
၈။ ပထမံ ထွက်ရပ်ပေါက် ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများ...........ဦးသန့် (လာဘ်မိုးရွေ)
၉။ ဓုန်းမွှေပညာ၏ လျှို့ဝှက်ချက်များ ..................မင်းဒေဝ
၁၀။ ဘိုးတော်အောင်မင်းခေါင်နှင့် ဝိဇ္ဇာစခန်းဝိဇ္ဇာလမ်း ...ဘုန်းတေဇ
၁၁။ ဒိမိုကရေစီ တိုက်ပွဲများ............................ဦးသန့် (လာဘ်မိုးရွေ)
၁၂။ တာဝေဆယ့်နှစ်ကြိုး................................တာတေ
၁၃။ သချိုင်းတစ်ရာ မဗဲဝါ ..............................တာတေ
၁၄။ ကိုယ်တွေ့ ယတြာများ..............................မင်းဒေဝ
၁၅။ သံလက်ဝါးမဗဲဝါ...................................တာတေ
၁၆။ ကိုယ်တွေ့ နာနာဘာဝ ..............................ရွှေဘုန်းဇေ
၁၇။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂဠုန်ရ ......................မောင်မောင်မြင့်အေး

www.burmeseclassic.com